# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**


**ကြည်လင်သောစိတ်ဖြင့် ချမ်းသာစွာနေရ**

တရားတည်းဟူသော အမြိုက်ရေကို သောက်ရသူသည် အထူးသန့်ရှင်း ကြည်လင်သောစိတ်ဖြင့် ချမ်းသာစွာ နေရ၏။ ပညာရှိသည် အခါခပ်သိမ်း အရိယာသူတော်ကောင်းတို့ ဟောအပ်သော (ဗောဓိပက္ခိယ) တရား၌ မွေ့လျော်၏။

ပဏ္ဍိတဝဂ်(ဓမ္မပဒ-၇၉)


၁၃၈၃ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၁ ရက် | ၂၀၂၁ ခုနှစ်၊ ဧပြီ ၂၇ ရက်၊ အင်္ဂါနေ့ | အတွဲ (၆၀)၊ အမှတ် (၂၀၆)


# အာဆီယံနိုင်ငံ့ခေါင်းဆောင်များအစည်းအဝေးဆိုင်ရာ သတင်းထုတ်ပြန်ချက်

**နေပြည်တော် ဧပြီ ၂၆**

၂၀၂၁ ခုနှစ်၊ ဧပြီလ ၂၄ ရက်နေ့တွင် အင်ဒိုနီးရှားနိုင်ငံ၊ ဂျကာတာမြို့ရှိ အာဆီယံအတွင်းရေးမှူးချုပ်ရုံး၌ ကျင်းပခဲ့သည့် အာဆီယံနိုင်ငံ့ခေါင်းဆောင်များ အစည်းအဝေးသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် လက်ရှိအာဆီယံဥက္ကဋ္ဌ၊ ဘရူနိုင်းဒါရူဆလမ်နိုင်ငံ ဘုရင်ဆူလ်တန် ဟာဂျီဟာဆာနာလ် ဘိုလ်ကီးယား၏ဖိတ်ကြားချက်အရ တက်ရောက်ခဲ့သည်။

အစည်းအဝေးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက "သာယာဝပြောသော အာဆီယံသို့ အပြန်အလှန်ဖေးမကူညီမှုဖြင့် အတူတကွပြင်ဆင်ဆောင်ရွက်ကြပါစို့" ဟူသည့် ဆောင်ပုဒ်အောက်တွင် ဘရူနိုင်းနိုင်ငံ၏ အာဆီယံဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်မှုကို ထောက်ခံပါကြောင်းနှင့် အာဆီယံအသိုက်အဝန်း ထူထောင်ရေးကြိုးပမ်းမှုများနှင့် COVID- 19 ကူးစက်ရောဂါ ထိခိုက်နစ်နာဆုံးရှုံးမှုများမှ ပြန်လည်နာလန်ထူရေးလုပ်ငန်းစဉ်များနှင့် အာဆီယံဥက္ကဋ္ဌ၏ ဦးစားပေး လုပ်ငန်းစဉ်များ အောင်မြင်စွာ အကောင်အထည်ဖော်ရန် အခြားအာဆီယံအဖွဲ့ဝင်နိုင်ငံများ၊ အာဆီယံဥက္ကဋ္ဌတို့နှင့် နီးကပ်စွာ ပူးပေါင်းဆောင်ရွက်သွားရန် မြန်မာနိုင်ငံ၏ ကတိကဝတ်ပြုမှုကို ထပ်လောင်းပြောကြားခဲ့သည်။

အစည်းအဝေးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီ ၁ ရက်နေ့တွင် နိုင်ငံတော်၏တာဝန်ကို ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ တပ်မတော်က လွှဲပြောင်းရယူခဲ့ရသည့် အခြေခံအကြောင်းရင်း၊ ဆူပူဆန္ဒပြမှုများ ဖြစ်ပေါ်ပြောင်းလဲမှုအဆင့်ဆင့်နှင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ဖွဲ့စည်းထားပုံ၊ ရှေ့ဆက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များနှင့် ရည်မှန်းချက်များကိုလည်း ရှင်းလင်းပြောကြားခဲ့သည်။

အာဆီယံနိုင်ငံ့ခေါင်းဆောင်များက မြန်မာနိုင်ငံ၏ လက်ရှိအခြေအနေနှင့် အာဆီယံဥက္ကဋ္ဌ၏ ထုတ်ပြန်ကြေညာချက်တွင် ပါရှိသည့် အချက်အလက်များအပေါ် အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။ အာဆီယံ နိုင်ငံ့ခေါင်းဆောင်များ၏ အကြံပြုချက်အချို့ကို တုံ့ပြန်ဆွေးနွေးရာတွင် အာဆီယံခေါင်းဆောင်များ၏ အပြုသဘောဆောင်သော အကြံပြုချက်များကို အလေးအနက်ထားပါကြောင်း၊ မြန်မာနိုင်ငံ၌ တရားဥပဒေစိုးမိုးရေးနှင့် ရပ်ရွာအေးချမ်းတည်ငြိမ်မှုရှိရေး ဦးစားပေး ဆောင်ရွက်နေရသည့်အတွက် ပြည်တွင်းတည်ငြိမ်မှုအပေါ်မူတည်ပြီးမှသာ နိုင်ငံ၏အကျိုးစီးပွားကို အခြေခံလျက် အာဆီယံနိုင်ငံ့ခေါင်းဆောင်များ၏ အကြံပြုချက်များကို အလေးထား စဉ်းစားပေးမည်ဖြစ်ကြောင်း၊ သို့ဖြစ်ရာ အကြံပြုချက်များသည် အစိုးရက ချမှတ်ထားသည့် ရှေ့လုပ်ငန်းစဉ် (၅) ရပ်ကို အကောင်အထည်ဖော်ရာတွင် အထောက်အကူပြုခြင်း၊ နိုင်ငံအတွက် အကျိုးရှိစေခြင်း၊ ASEAN Charter, ASEAN Way နှင့် ASEAN Sprit တို့အပေါ် အခြေခံမည်ဆိုပါက အပြုသဘော စဉ်းစားပေးမည်ဖြစ်ကြောင်းလည်း ပြောကြားခဲ့သည်။

မြန်မာနိုင်ငံ၏ လက်ရှိနိုင်ငံရေးအခြေအနေအပေါ် ထင်မြင်ချက်များမပေးမီ အစည်းအဝေးတွင် ဖြန့်ဝေသော အချက်အလက်များကို သေချာစွာလေ့လာပြီးမှသာ မှတ်ချက်ပြုစေလိုကြောင်းလည်း ပြောကြားခဲ့ကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

**သတင်းထုတ်ပြန်ရေးအဖွဲ့**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစည်းအဝေး (၉/၂၀၂၁)တွင် အမှာစကားပြောကြားစဉ်။

သတင်းစဉ်

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အစည်းအဝေး (၉/၂၀၂၁)သို့ တက်ရောက်အမှာစကားပြောကြား

**နေပြည်တော် ဧပြီ ၂၆**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အစည်းအဝေး (၉/၂၀၂၁)ကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌရုံးအစည်းအဝေးခန်းမ၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ကောင်စီအဖွဲ့ဝင်များဖြစ်ကြသည့် ဗိုလ်ချုပ်ကြီးမြထွန်းဦး၊ ဗိုလ်ချုပ်ကြီး တင်အောင်စန်း၊ ဗိုလ်ချုပ်ကြီး မောင်မောင်ကျော်၊ ဒုတိယဗိုလ်ချုပ်ကြီး မိုးမြင့်ထွန်း၊ မန်းငြိမ်းမောင်၊

*စာမျက်နှာ ၃ ကော်လံ ၁* ※

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့် ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး၊

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA) ပါအတိုင်း အလေးထားလုပ်ဆောင်ရေး၊

(ဂ) လွတ်လပ်၍ တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး "မူ"ကို ဆက်လက်လိုက်နာကျင့်သုံးရေး၊

၂။ **စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့်မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး၊

၃။ **လူမှုရေး**

(က) စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်း အစဉ်အလာများကို လေးစား လိုက်နာပြီး အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

# မိုင်းရှူးမြို့ ရှူခင်းသာတောင်တော်ရှိ အရဟံစေတီတော်မြတ်ကြီး ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့် ရွှေထီးတော်တင်လှူ ပူဇော်

**နေပြည်တော် ဧပြီ ၂၆**

ရှမ်းပြည်နယ်(တောင်ပိုင်း) မိုင်းရှူးမြို့ ရှူခင်းသာတောင်တော်၌ တည်ထားကိုးကွယ်တော်မူသော အရဟံစေတီတော်မြတ်ကြီး ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့် ရွှေထီးတော်တင်လှူပူဇော်ပွဲကို ယနေ့နံနက်ပိုင်းတွင် အဆိုပါစေတီတော်မြတ်ကြီး၌ ပြုလုပ်ရာ မိုင်းရှူးမြို့ ဓမ္မရောင်ခြည်ကျောင်းတိုက် ဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဝိမလာဘိက္ခနှင့် မိုင်းရှူးမြို့ မြို့လယ်ဘုရားကြီးကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တကဝိန္ဒ အမှူးပြုသော သံဃာတော်များ ကြွရောက်တော်မူကြပြီး အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် နိုင်နိုင်ဦးနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ အလှူရှင်များနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် တောင်ကြီးမြို့ ရှမ်းပြည်နယ်ဗုဒ္ဓတက္ကသိုလ် ကထိကဆရာတော် ဒေါက်တာ ဘဒ္ဒန္တဝိဇယာဘိပါလထံမှ ကိုးပါးသီလခံယူဆောက်တည်ကြပြီး ဓမ္မရောင်ခြည်ကျောင်းတိုက် ဆရာတော်ထံ စိန်ဖူးတော်၊ ငှက်မြတ်နားတော်၊ ရွှေထီးတော်ဘုံအဆင့်ဆင့်နှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြပြီး သံဃာတော်များက မေတ္တာသုတ် ပရိတ်တရားတော်များ ရွတ်ပွားချီးမြှင့်တော်မူကြသည်။

ထို့နောက် တိုင်းမှူးနှင့် တက်ရောက်လာကြသူများက နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် လွိုင်လင်မြို့ ရတနာစည်ကျောင်းတိုက်ဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တသီလာနန္ဒထံမှ အနုမောဒနာတရား နာယူကာ ရေစက်သွန်းချ အမျှပေးဝေကြသည်။

ဆက်လက်၍ သံဃာတော်အရှင်သူမြတ်များနှင့် တက်ရောက်လာကြသူများက ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့် ရွှေထီးတော်ဘုံအဆင့်ဆင့်တို့ကို ပင့်ဆောင်၍ စေတီတော်မြတ်ကြီးအား လက်ယာရစ်သုံးကြိမ် လှည့်လည်ပူဇော်ကြပြီး မင်္ဂလာရထားပျံဖြင့် စေတီတော်အထွတ်သို့ တင်လှူပူဇော်ကာ အမွေးနံ့သာရည်များ ပက်ဖျန်းကာ စေတီတော်မြတ်ကြီးအား ဗုဒ္ဓါဘိသေက အနေကဇာတင်၍ ဗုဒ္ဓါဘိသိက်သွန်းတော်မူကြသည်။

ယင်းနောက် တိုင်းမှူးနှင့် တက်ရောက်လာကြသူများက သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။


သတင်းစဉ်

# ရပ်ရွာအေးချမ်းသာယာမှုရှိစေရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက နေ့ညမပြတ် လုံခြုံရေးဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော် ဧပြီ ၂၆**

နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် အများပြည်သူတို့၏ လုံခြုံရေး၊ တရားဥပဒေ စိုးမိုးရေးနှင့် ရပ်ရွာအေးချမ်းသာယာရေးတို့အတွက် တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့တို့မှ တပ်ဖွဲ့ဝင်များဖြင့် ပူးပေါင်း၍ ဖေဖော်ဝါရီ ၁၄ ရက် ညပိုင်းမှစတင်၍ လုံခြုံရေးအား နေ့ညမပြတ် ပြည့်ဝစွာ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင်လည်း မိဘပြည်သူများအနေဖြင့် စိတ်အေးချမ်းသာယာစွာ နေထိုင်နိုင်စေရေး၊ ရပ်ရွာအေးချမ်းသာယာမှု ရှိစေရေးတို့အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ် အသီးသီးရှိ မြို့နယ်များ၌ လှည့်ကင်း၊ ပတ်ကင်းများဖြင့် လိုအပ်သည့် လုံခြုံရေးလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်ပေးလျက်ရှိကြောင်းနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက နေ့ညမပြတ် လုံခြုံရေးတာဝန်များကို ဆက်လက်ထမ်းဆောင်ပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



မြန်မာ့အလင်း

# စားနပ်ရိက္ခာထုတ်လုပ်မှု အခြေခံ စီးပွားဖွံ့ဖြိုးတိုးတက်ရေးကြိုးပမ်း

မကြာမီစာသင်ကျောင်းများ ပြန်လည်ဖွင့်လှစ်တော့မည်။ တက္ကသိုလ်အဆင့်များ မေလဆန်းတွင်လည်းကောင်း၊ အခြေခံပညာအဆင့်များ ဇွန်လဆန်းတွင်လည်းကောင်း ဖွင့်လှစ်သွားနိုင်ရန် အကြမ်းဖျင်းအားဖြင့် ရည်ရွယ်ထားခြင်းဖြစ်သည်။ တစ်ဖက်တွင်လည်း လပေါင်းများစွာ ရပ်ဆိုင်းထားရသည့် စက်ရုံ၊ အလုပ်ရုံများနှင့် တည်ဆောက်ဆဲဆောက်လုပ်ရေးစီမံကိန်းလုပ်ငန်းများ ပြန်လည်လည်ပတ်သွားရန် လိုအပ်လျက်ရှိသည်။ လုပ်သားအင်အားကို အခြေပြုသည့် စက်ရုံ၊ အလုပ်ရုံများ၊ ဆောက်လုပ်ရေးလုပ်ငန်းများကဲ့သို့သော လုပ်ငန်းများ ပြန်လည် လည်ပတ်ခြင်းက ပြည်သူများ အလုပ်အကိုင်ပြန်လည်ရရှိခြင်းနှင့်အတူ လုပ်ခလစာများ ရရှိခြင်းကြောင့် စားဝတ်နေရေးလည်း အဆင်ပြေလာမည်ဖြစ်သည်။ စက်ရုံအလုပ်ရုံများ ပြန်လည် လည်ပတ်ခြင်းက အခြားစီးပွားရေးလုပ်ငန်းများကိုပါ တစ်နွယ်ငင် တစ်စင်ပါ ပြန်လည်နိုးထလာစေနိုင်မည်ဖြစ်သည်။

ကိုဗစ်-၁၉ ကပ်ရောဂါသည် ကမ္ဘာ့လူသားများ၏ အသက်အန္တရာယ်များကို ခြိမ်းခြောက်ရုံသာမက အသက်မွေးဝမ်းကျောင်းမှုနှင့် စီးပွားရေးကဏ္ဍများကိုပါ အကြီးအကျယ် ထိခိုက်ပျက်စီးစေခဲ့သည်။ ကိုဗစ်-၁၉ ကြောင့် ကမ္ဘာ့စီးပွားရေးထိခိုက်ဆုံးရှုံးမှုမှာ ၁၉၃၀ ပြည့်လွန်နှစ်များတွင် ဖြစ်ခဲ့သည့် ကမ္ဘာ့စီးပွားပျက်ကပ်ထက် မလျော့ကြောင်း ပညာရှင်တို့က ဆိုကြသည်။ ကိုဗစ်-၁၉ ကြောင့် စီးပွားရေးထိခိုက်မှုများ ဖြစ်ပေါ်ခဲ့ရာတွင် ကုန်ကြမ်းပေး ကုန်ချောယူ လက်ခစားလုပ်ငန်းများ၊ ဟိုတယ်နှင့် ခရီးသွားလုပ်ငန်း များ၊ အလတ်စားနှင့် အသေးစားလုပ်ငန်းများတွင် အကြီးအကျယ်နစ်နာဆုံးရှုံးခဲ့သည်ဟု ဆိုသော်လည်း ရေရှည်တွင်မူ ကဏ္ဍပေါင်းစုံကို ထိခိုက်စေခဲ့ခြင်းလည်းဖြစ်သည်။ အထူးသဖြင့် စက်ရုံ၊ အလုပ်ရုံများ၊ ဆောက်လုပ်ရေးလုပ်ငန်းများ ရပ်နားသွားခဲ့သဖြင့် အလုပ်အကိုင် ဆုံးရှုံးခဲ့သူများနှင့် ၎င်းတို့ကို မှီခိုနေရသူ မိသားစုဝင်များစွာတို့မှာ ဝင်ငွေမဲ့သည့်အခြေအနေသို့ ရောက်ရှိသွားပြီး ဒုက္ခနှင့် ရင်ဆိုင်ကြရသည်။ စီးပွားရေးအရဆိုလျှင်လည်း ပြည်တွင်းစားသုံးမှုနှင့် ဝယ်လိုအားတို့ ကျဆင်းသွားခဲ့သလို ကုန်စည်စီးဆင်းမှုနှင့် အရောင်းအဝယ်တို့လည်း လေးလံထိုင်းမှိုင်းမှု၊ လျော့နည်းမှုတို့ ရင်ဆိုင်ခဲ့ကြရသည်။

"မိမိတို့အနေဖြင့် တိုင်းပြည်၏ စီးပွားရေးကို အောင်မြင်အောင် ဆောင်ရွက်ရန် လိုအပ်ကြောင်း၊ ထို့ပြင် ပြည်သူများ၏ စားနပ်ရိက္ခာ ဖူလုံစေရန်နှင့် စီးပွားရေးကောင်းမွန်စေရန် ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ တိုင်းပြည်၏ စီးပွားရေးကောင်းမွန်ရန်အတွက် စိုက်ပျိုးရေးနှင့် မွေးမြူရေးကို အခြေခံ၍ ဆောင်ရွက်ရန်လိုကြောင်း" ဖြင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစည်းအဝေး (၉/ ၂၀၂၁)တွင် အမှာစကားပြောကြားရာ၌ ထည့်သွင်းပြောကြားခဲ့သည်။ စိုက်ပျိုးရေးနှင့် မွေးမြူရေးသည် စားနပ်ရိက္ခာထုတ်လုပ်ခြင်းဖြစ်ပြီး ကျေးလက်ဒေသနှင့် မြေယာကို အခြေခံသည့် စီးပွားရေးဖြစ်ရာ မြန်မာနိုင်ငံ၏ ပကတိအခြေအနေနှင့် ကိုက်ညီသည့်လုပ်ငန်းများဖြစ်သည်။ ပြည်တွင်းစားနပ်ရိက္ခာဖူလုံရေးအတွက်သာမက နိုင်ငံစီးပွားဖွံ့ဖြိုးရေးအတွက် ပြည်ပဝင်ငွေရှာဖွေပေးနေသည့် ကဏ္ဍလည်းဖြစ်သည်။

ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ကမ္ဘာ့နိုင်ငံအသီးသီးတို့၏ စားနပ်ရိက္ခာထုတ်လုပ်မှုများနှင့် စိုက်ပျိုးမွေးမြူရေး ထုတ်ကုန်ဈေးကွက်များ ဖြစ်ပေါ်လာမှု အခြေအနေများက မိမိတို့နိုင်ငံမှ ထုတ်လုပ်သည့် ထုတ်ကုန်များအတွက် အခွင့်အလမ်းသစ်များလည်း ထွက်ပေါ်လာမည်ဖြစ်သည်။ ရရှိလာမည့် အခွင့်အလမ်းများကို မိမိရရ ဆုပ်ကိုင်နိုင်ရေးအတွက် ဈေးကွက်သစ်များရရှိရေး၊ အခြားနိုင်ငံများနှင့် ယှဉ်ပြိုင်နိုင်စွမ်းမြင့်မားရေး သမားရိုးကျထုတ်ကုန်များအပြင် တန်ဖိုးမြှင့်ကုန်ချောများထုတ်လုပ်ပြီး ဈေးကွက် ခိုင်ခိုင်မာမာရရှိရေးတို့ ကြိုးပမ်းဆောင်ရွက်နိုင်သည်နှင့်အမျှ နိုင်ငံ့စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုကို ဖော်ဆောင်နိုင်မည်ဟုယုံကြည်ပါကြောင်း။ ။


ကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင်


ကောင်စီအဖွဲ့ဝင် ဦးသိန်းညွန့်


ကောင်စီအဖွဲ့ဝင် ဦးခင်မောင်ဆွေ


ကောင်စီအဖွဲ့ဝင် ဒေါ်အေးနုစိန်


ကောင်စီအဖွဲ့ဝင် Jeng Phang နော်တောင်


ကောင်စီအဖွဲ့ဝင် ဒေါက်တာ ဗညားအောင်မိုး


ကောင်စီအဖွဲ့ဝင် ဦးရွှေကြိမ်း

■ **အာဆီယံနိုင်ငံခေါင်းဆောင်အသီးသီး၏ အကြံပြုချက်ဆွေးနွေးချက်များနှင့်ပတ်သက်ပြီး ပြန်လည်ဆွေးနွေးရာတွင် မိမိတို့နိုင်ငံအပေါ် ပေးအပ်ခဲ့သည့် အကြံပြုချက်များတွင် အပြုသဘောဆန်ပြီး ကောင်းမွန်သည့်အချက်များ ပါရှိသောကြောင့် ယင်းအချက်များကို ပြည်တွင်း၌ လတ်တလော ဖြစ်ပျက်နေသည့်အခြေအနေများနှင့်ဆက်စပ်၍ အလေးပေးထည့်သွင်း စဉ်းစားသွားမည်ဖြစ်၊**

■ **လက်ရှိတွင် မိမိတို့အနေဖြင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုရှိရေးကို ဦးစားပေးဆောင်ရွက်နေသောကြောင့် ပြည်တွင်းတည်ငြိမ်မှုအပေါ် မူတည်ပြီးမှသာ အာဆီယံမှအဆိုပြုသည့် မြန်မာနိုင်ငံသို့ လာရောက်လိုသည့် ခရီးစဉ်များကို စဉ်းစားသွားမည်ဖြစ်၊**

■ **မိမိတို့ချမှတ်ထားသည့် ရှေ့လုပ်ငန်းစဉ်(၅)ရပ်ကို အကောင်အထည်ဖော်ရာတွင် အာဆီယံမှ အပြုသဘော ပါဝင်ကူညီပံ့ပိုး ပေးလိုမှုများနှင့် စပ်လျဉ်း၍လည်း “ASEAN Charter” “ASEAN Way” “ASEAN Sprit” များအပေါ် အခြေခံမည်ဆိုပါက နိုင်ငံကောင်းကျိုးအတွက် စဉ်းစားပေးမည်ဖြစ်ကြောင်းဖြင့် ပြန်လည်ဆွေးနွေးခဲ့**

❊ *ရှေ့ဖုံးမှ*

ဦးသိန်းညွန့်၊ ဦးခင်မောင်ဆွေ၊ ဒေါ်အေးနုစိန်၊ Jeng Phang နော်တောင်၊ ဦးမောင်းဟာ၊ ဦးစိုင်းလုံးဆိုင်၊ စောဒန်နီယယ်၊ ဒေါက်တာဗညားအောင်မိုး၊ ဒုတိယဗိုလ်ချုပ်ကြီး စိုးထွန်း၊ ဦးရွှေကြိမ်း၊ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး အောင်လင်းဒွေး၊ တွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦးနှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်တို့ တက်ရောက်ကြသည်။

အစည်းအဝေးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက မိမိအနေဖြင့် အင်ဒိုနီးရှားနိုင်ငံ၊ ဂျကာတာမြို့၌ ယခုလ ၂၄ ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့သည့် အာဆီယံနိုင်ငံ့ခေါင်းဆောင်များအစည်းအဝေးသို့တက်ရောက်၍ အာဆီယံအဖွဲ့က ဆောင်ရွက်နေသည့် ကိစ္စရပ်များ၊ COVID-19 ရောဂါကာကွယ်ရေးဆိုင်ရာ ဆောင်ရွက်နေမှုအခြေအနေများနှင့် မြန်မာနိုင်ငံ၏ ပြောင်းလဲမှုအခြေအနေများကို တက်ရောက်ဆွေးနွေးခဲ့ကြောင်း။

ထိုသို့ဆွေးနွေးရာတွင် မြန်မာနိုင်ငံ၌ ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲ မဲမသမာမှုများကြောင့် ဖေဖော်ဝါရီ ၁ ရက်တွင် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲပြောင်းထမ်းဆောင်ခဲ့မှု အခြေအနေများ၊ ဆန္ဒပြမှုများအဆင့်ဆင့်ဖြစ်ပွားလာမှု အခြေအနေများနှင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဖွဲ့စည်းမှုနှင့် ရှေ့လုပ်ငန်းစဉ်များ၊ ရည်မှန်းချက်တာဝန်များ၊ တပ်မတော်ကပေးထားသည့် ကတိကဝတ်များအတိုင်း ဒီမိုကရေစီကျင့်စဉ်နှင့်အညီ ဆောင်ရွက်ခဲ့မှုများ၊ ၂၀၁၀ ပြည့်နှစ်နှင့် ၂၀၁၅ ခုနှစ် ရွေးကောက်ပွဲများတွင် တပ်မတော်က ဒီမိုကရေစီကျင့်စဉ်များနှင့်အညီ ဆောင်ရွက်ပေးခဲ့မှု၊ ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲကို အာဏာရပါတီက ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး ရွေးကောက်ပွဲမဲမသမာမှုများ ဖြစ်ပေါ်ခဲ့မှု၊ မဲစာရင်းစစ်ဆေးတွေ့ရှိချက်များတွင် မဖြစ်နိုင်သည့် မဲစာရင်းများပါဝင်နေမှု၊ မဲလက်မှတ်များ ရိုက်နှိပ်ဖြန့်ဝေရာတွင် ဥပဒေလုပ်ထုံးလုပ်နည်းများကို ကျော်လွန်ဆောင်ရွက်ထားရှိမှု၊ မှတ်ပုံတင်မရှိဘဲ ဆန္ဒမဲပေးခဲ့မှုများ၊ လတ်တလော ဖြစ်ပွားနေသည့် ဆူပူအကြမ်းဖက်မှုများကြောင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ ထိခိုက်ကျဆုံးမှုနှင့် ဒဏ်ရာရရှိမှုများ၊ ပြည်သူများ ထိခိုက်သေဆုံးမှုများအား ဥပဒေနှင့်အညီ ဖြေရှင်းဆောင်ရွက်လျက်ရှိမှုအခြေအနေများအား ရှင်းလင်းပြောကြားခဲ့ကြောင်း။

နိုင်ငံရေးတွင် ခေါင်းဆောင်မှု၊ ဦးဆောင်မှုပြုသူသည်အရေးကြီးကြောင်း၊ သို့သော် နည်းလမ်းဥပဒေနှင့်အညီသာ ခေါင်းဆောင်နိုင်ရမည်ဖြစ်ကြောင်း၊ ဥပဒေနှင့်မညီသည့် ခေါင်းဆောင်မှုများဖြင့် ဒီမိုကရေစီကို လက်ခံ၍မရကြောင်း၊ ရွေးကောက်ပွဲ တရားမျှတမှုမရှိခြင်းနှင့်ပတ်သက်၍ တွေ့ဆုံဆွေးနွေးရေးအတွက်ကြိုးစားမှုအပေါ် သမ္မတ၊ အစိုးရတာဝန်ရှိသူများနှင့် လွှတ်တော်တို့က ဥပဒေနှင့်

> ❍ **နိုင်ငံရေးတွင် ခေါင်းဆောင်မှု၊ ဦးဆောင်မှုပြုသူသည် အရေးကြီးကြောင်း၊ သို့သော် နည်းလမ်းဥပဒေနှင့်အညီသာခေါင်းဆောင်နိုင်ရမည်ဖြစ်၊ ဥပဒေနှင့်မညီသည့် ခေါင်းဆောင်မှုများဖြင့် ဒီမိုကရေစီကို လက်ခံ၍မရ**

ညီညွတ်မှုမရှိဘဲ ငြင်းပယ်ခဲ့ကြောင်း၊ မိမိတို့အနေဖြင့် ဥပဒေနှင့်အညီသာ ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး လွတ်လပ်၍တရားမျှတသည့် ရွေးကောက်ပွဲပြန်လည်ကျင်းပမည့် အခြေအနေများ၊ ဆူပူအကြမ်းဖက်သူများအသုံးပြုသည့် လက်နက်ခဲယမ်းများ ဖမ်းဆီးရမိမှုအခြေအနေများ၊ မြို့နယ်အချို့တွင် စစ်အုပ်ချုပ်ရေးအမိန့် (Martial Law) ထုတ်ပြန်ခဲ့မှု အခြေအနေများ၊ ကျန်းမာရေးဝန်ထမ်းများ CDM ပြုလုပ်မှုကြောင့် ပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ထိခိုက်နစ်နာခဲ့မှုအခြေအနေများကို ရှင်းလင်းပြောကြားခဲ့ကြောင်း။

အလားတူ မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ဖော်ဆောင်နေမှု အခြေအနေများ၊ ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်တွင် ငြိမ်းချမ်းရေးသည် မဖြစ်မနေလိုအပ်သဖြင့် ငြိမ်းချမ်းရေးရရှိရေး မဖြစ်မနေဆောင်ရွက်သွားမည့် အခြေအနေများ၊ ရွေးကောက်ပွဲ ပြန်လည်ကျင်းပရန်အတွက် မှတ်ပုံတင်မရှိသေးသူ ၄ ဒသမ ၆ သန်းကျော်အား မှတ်ပုံတင်ရရှိအောင်ဆောင်ရွက်ပေးနေမှု အခြေအနေများ၊ ရခိုင်ပြည်နယ်အတွင်း တစ်ဖက်နိုင်ငံသို့ ထွက်ခွာသွားသူများအား သတ်မှတ်ထားသည့်စည်းကမ်းနှင့်အညီသာ လက်ခံဆောင်ရွက်သွားမည့် အခြေအနေများကိုလည်း ရှင်းလင်းပြောကြားခဲ့ကြောင်း။

မြန်မာ့နိုင်ငံရေးနှင့်စပ်လျဉ်း၍ အာဆီယံနိုင်ငံခေါင်းဆောင်အသီးသီး၏ အကြံပြုချက် ဆွေးနွေးချက်များနှင့်ပတ်သက်ပြီး ပြန်လည်ဆွေးနွေးရာတွင် မိမိတို့နိုင်ငံအပေါ် ပေးအပ်ခဲ့သည့် အကြံပြုချက်များတွင် အပြုသဘောဆန်ပြီး ကောင်းမွန်သည့် အချက်များပါရှိသောကြောင့် ယင်းအချက်များကို ပြည်တွင်း၌ လတ်တလောဖြစ်ပျက်နေသည့် အခြေအနေများနှင့်ဆက်စပ်၍ အလေးပေးထည့်သွင်း စဉ်းစားသွားမည်ဖြစ်ကြောင်း၊ လက်ရှိတွင် မိမိတို့အနေဖြင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုရှိရေးကို ဦးစားပေး ဆောင်ရွက်နေသောကြောင့် ပြည်တွင်းတည်ငြိမ်မှုအပေါ် မူတည်ပြီးမှသာ အာဆီယံမှ အဆိုပြုသည့် မြန်မာနိုင်ငံသို့ လာရောက်လိုသည့် ခရီးစဉ်များကို စဉ်းစားသွားမည်ဖြစ်ကြောင်း၊ မိမိတို့ ချမှတ်ထားသည့် ရှေ့လုပ်ငန်းစဉ်(၅)ရပ်ကို

*စာမျက်နှာ ၄ သို့*

## စီးပွားရေး၊ ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရေး ကောင်းမွန်မှသာ .....

အစိုးရတစ်ရပ်သည် နိုင်ငံတော်၏ဖွံ့ဖြိုးတိုးတက်ရေးကို အကောင်အထည်ဖော် ဆောင်ရွက်ပေးရသော အဓိကကျသည့်အဖွဲ့အစည်းဖြစ်ကြောင်း၊ မိမိတို့နိုင်ငံတွင် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများရှိပြီး သဘောထားကွဲလွဲမှုများ ရှိခြင်းကြောင့် နိုင်ငံရေးအရတည်ငြိမ်အေးချမ်းမှုနှင့် လုံခြုံရေးအရ တည်ငြိမ်အေးချမ်းမှုရှိအောင် ဆောင်ရွက်နေကြောင်း၊ တိုင်းရင်းသားများနှင့် တိုင်းရင်းသားမျိုးနွယ်စုများ၏ စုစည်းသည့်အင်အားရရှိအောင်လည်း ဆောင်ရွက်ရန်လိုကြောင်း၊ ထို့ကြောင့် တည်ငြိမ်အေးချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်းလုံးညီညွတ်ရေးအတွက် ဖွဲ့စည်းပေးထားသည့် သက်ဆိုင်ရာကော်မတီများအလိုက် ထည့်သွင်းစဉ်းစားဆောင်ရွက်ကြရန်လိုကြောင်း၊ စီးပွားရေး၊ ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရေးကောင်းမွန်မှသာ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်ဖြစ်ကြောင်း။

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၂၂-၄-၂၀၂၁ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေး၌ ပြောကြားသည့်အမှာစကားမှ ကောက်နုတ်ချက်)**

**❖ ဒို့တာဝန်အရေး ၃ ပါးသည် အမျိုးသားရေးတာဝန်ဖြစ်ပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို ခိုင်ခိုင်မာမာဖြစ်အောင် တည်ဆောက်သွားရမည်ဖြစ်၊ ယင်းသို့ တည်ဆောက်ရာတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်များဖွံ့ဖြိုးမှု အချိုးညီမျှစေရန်လို၊ နောင်တက်လာမည့် အစိုးရသည်လည်း ယင်းလမ်းကြောင်းပေါ်တွင် လျှောက်လှမ်းနိုင်ရမည်ဖြစ်**

*စာမျက်နှာ ၃ မှ*

**အကောင်အထည်ဖော်ရာတွင် အာဆီယံမှ အပြုသဘော ပါဝင်ကူညီ ပံ့ပိုးပေးလိုမှုများနှင့် စပ်လျဉ်း၍လည်း “ASEAN Charter” “ASEAN Way” “ASEAN Sprit” များအပေါ် အခြေခံမည်ဆိုပါက နိုင်ငံကောင်းကျိုးအတွက်စဉ်းစားပေးမည်ဖြစ်ကြောင်းဖြင့် ပြန်လည်ဆွေးနွေးခဲ့** ကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ တက္ကသိုလ်များတွင် ဥပဒေပညာနှင့် စီးပွားရေး ပညာသင်တန်းများ ဖွင့်လှစ်ရေးနှင့်ပတ်သက်၍ ဆောင်ရွက်လျက်ရှိကြောင်း၊ ဒီမိုကရေစီစနစ်ကို လျှောက်လှမ်းရာတွင် ဥပဒေပညာရပ်သည် အရေးကြီးသဖြင့် နိုင်ငံသားတိုင်းအနေဖြင့် ဥပဒေအခြေခံကို သိရှိနားလည်ထားရန် လိုကြောင်း၊ တိုင်းပြည်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှသာ ဒီမိုကရေစီစနစ်ကို လျှောက်လှမ်းနိုင်မည်ဖြစ်ပြီး ပြည်နယ်နှင့်တိုင်း၊ ကျေးလက်နှင့်မြို့ပြ ဆင်းရဲချမ်းသာကွာခြားမှုများကို လျှော့ချရန်လိုကြောင်း၊ **ပညာတတ်များပေါ်များစေရေး ပညာသင်ကြားနိုင်ရန်အတွက် ငြိမ်းချမ်းရေးရရှိရန်လိုကြောင်း၊ စာသင်ကျောင်းများ အမြန်ဆုံး ပြန်လည်ဖွင့်လှစ်နိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း၊ စက်ရုံအလုပ်ရုံများ ပြန်လည်လည်ပတ်ရန်နှင့် တည်ဆောက်ဆဲ ဆောက်လုပ်ရေးစီမံကိန်းလုပ်ငန်းများ ပြန်လည်လည်ပတ်ရန်လို**ကြောင်း၊ သို့မှသာ ပြည်သူများ အလုပ်အကိုင်ပြန်လည်ရရှိပြီး ပြည်သူများ၏ စားဝတ်နေရေး အဆင်ပြေလာမည်ဖြစ်ကြောင်း ပြောကြားသည်။

### ရှင်းလင်းတင်ပြ

ယင်းနောက် ကောင်စီဝင်များ ဖြစ်ကြသည့် ဦးသိန်းညွန့်၊ မန်းငြိမ်းမောင်၊ ဦးခင်မောင်ဆွေ၊ Jeng Phang နော်တောင်၊ ဒေါ်အေးနုစိန်၊ စောဒန်နီယယ်၊ ဦးရွှေကြိမ်းနှင့် ဒေါက်တာဗညားအောင်မိုးတို့က တရားမဝင်ဖွဲ့စည်းထားသည့် CRPH ကို အကြမ်းဖက်မှု တိုက်ဖျက်ရေးဥပဒေအရ အကြမ်းဖက်အဖွဲ့အစည်းအဖြစ် ကြေညာရေး၊ ဖွဲ့စည်းပုံအခြေခံဥပဒေပါပြဋ္ဌာန်းချက်များကို ဖောက်ဖျက်ကျော်လွန်၍ ဆောင်ရွက်ခဲ့သည့် ဥပဒေများကို ပြန်လည်ဆန်းစစ်သုတေသနပြုလုပ်သွားရေး၊ အထူးတရားရုံးများဖွဲ့စည်းရေးကိစ္စရပ်အပေါ် ပြန်လည်သုံးသပ်သွားရေး၊ တိုင်းပြည်အပေါ် သစ္စာရှိသည့် နိုင်ငံ့ဝန်ထမ်းများကို ချီးမြှင့်ရေးနှင့် ဥပဒေဖောက်ဖျက်သူများကို အရေးယူသွားရေး၊ ယခင်အစိုးရလက်ထက် နိုင်ငံခြားသားပညာရှင်များ ခန့်အပ်ဆောင်ရွက်ခဲ့မှုနှင့် တိုင်းပြည်ထိခိုက်နစ်နာခဲ့မှုများအပေါ် ပြန်လည်သုံးသပ် စိစစ်ဖော်ထုတ်သွားရေး၊ ပုဂ္ဂလိကဘဏ်များနှင့်ပတ်သက်၍ ပြည်သူလူထု၏ စိုးရိမ်ပူပန်မှုကို လျှော့ချနိုင်ရေးအတွက် အလေးထား ဆောင်ရွက်ပေးရေး၊ ဆူပူဆန္ဒပြရန် လှုံ့ဆော်မှုတွင် ပါဝင်သည့် အနုပညာရှင်များကို ထိရောက်စွာအရေးယူရေး၊ အကြမ်းဖက်မှုတွင် ပါဝင်ပတ်သက်သူများနှင့် တာဝန်ရှိသူများကို ထိရောက်စွာ ဖမ်းဆီးအရေးယူရေး၊ နိုင်ငံခြားဝင်ငွေရရှိရေးအတွက် မြစ်သဲထုတ်ယူရေး၊ ရေပြင်ကျယ်ဧရိယာများတွင် ဆိုလာစနစ်ဖြင့် လျှပ်စစ်ဓာတ်အားထုတ်ယူရေး၊ Cyber Law တွင် လိုအပ်သည့် ပြဋ္ဌာန်းချက်အချို့ ထပ်မံထည့်သွင်းရေး၊ ပုဂ္ဂလိကတည်ဆောက်ရေး လုပ်ငန်းအချို့၌ CDM ပြုလုပ်ရန် ဦးတည်နေမှုကို စိစစ်ဖော်ထုတ်ရေး၊ CDM လှုပ်ရှားမှုတွင် ပါဝင်ပတ်သက်မှုရှိနေသည့် ဝန်ကြီးဌာနအချို့မှ တာဝန်ရှိသူများကို စိစစ်ဆောင်ရွက်သွားရေး၊ တိုက်ပွဲရှောင်စခန်းများမှ ပြည်သူများကို နိုင်ငံသားစိစစ်ရေးကတ် ပြုလုပ်ပေးရာတွင် စနစ်တကျစီစဉ်ဆောင်ရွက်ပေးရေး၊ နယ်စပ်ဒေသများတွင် တရားမဝင်လက်နက်ပစ္စည်းများ သယ်ဆောင်နေမှုကို စိစစ်ဖော်ထုတ်သွားရေး၊ ပြည်သူများ အချိန်နှင့်တစ်ပြေးညီ သတင်းအမှန်များ သိရှိစေရန် ဖွဲ့စည်းဆောင်ရွက်ပေးရေး၊ တည်ငြိမ်အေးချမ်းမှုရရှိနေပြီဖြစ်သည့်အတွက် တိုင်းပြည်၏ စီးပွားရေး အခွင့်အလမ်းများ ဖန်တီးပေးရေး၊ နမ့်ဆန်မြို့နယ်နှင့် မန်တုံမြို့နယ်တို့တွင် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ပေးရေး၊ ပလောင်ဒေသရှိ ကျေးရွာများတွင် အစားထိုးသီးနှံများ စိုက်ပျိုးနိုင်ရေးအတွက် စိုက်ပျိုးစရိတ်ချေးငွေရရှိရေး၊ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုဖော်ဆောင်ရာတွင် တစ်ပါတီအာဏာရှင်စနစ် မပေါ်ပေါက်စေရေးနှင့် ပြည်ထောင်စုပုံစံဖြစ်စေရေး၊ လွှတ်တော်များတွင် ပါတီစုံမှ ကိုယ်စားလှယ်များ ပါဝင်နိုင်ရေးအတွက် ရွေးကောက်ပွဲစနစ် ပြုပြင်ပြောင်းလဲရေးတို့နှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။

တင်ပြချက်များနှင့်စပ်လျဉ်း၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက အဖွဲ့အစည်းတစ်ခုကို ဥပဒေကြောင်းအရ အရေးယူရမည်ဆိုပါက အကြောင်းအရာ၊ အချက်အလက် တိကျခိုင်မာရန်လိုကြောင်း၊ တရားစီရင်ရေးတွင် အထူးတရားရုံးကိစ္စရပ်များကို ပြန်လည်စိစစ်ပေးသွားမည်ဖြစ်ကြောင်း၊ **CDM တွင် မပါဝင်သည့် ဝန်ထမ်းများနှင့် နိုင်ငံတော်အပေါ် သစ္စာရှိသည့်ဝန်ထမ်းများအား ချီးမြှောက်ခြင်းသည် ကောင်းမွန်သည့်ကိစ္စဖြစ်ကြောင်း၊ ထို့ပြင် အုပ်ချုပ်ရေးပိုင်းတွင် တာဝန်ထမ်းဆောင်ကြသည့် ဝန်ထမ်းများ၏ စိတ်နေသဘောထားများကို ပြုပြင်ပေးရန်လိုကြောင်း၊ ရေရှည်အတွက် မျှော်မှန်းပြီး ၎င်းတို့ကို နိုင်ငံ့ဝန်ထမ်း၊ အစိုးရဝန်ထမ်းတို့တွင် ရှိသင့်သည့် စိတ်ဓာတ်များရှိလာအောင် ပြုပြင်ပေးရန်လို**ကြောင်း။

### စဉ်းစားပြီးဆောင်ရွက်ကြ

ဘဏ်များပုံမှန်လည်ပတ်နိုင်ရန်အတွက် စီစဉ်ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ အနုပညာရှင်များနှင့်ပတ်သက်၍လည်း ရေရှည်အတွက်ကြည့်ပြီး ချိန်ဆကာ ထိန်းထိန်းသိမ်းသိမ်း လုပ်ဆောင်နေကြောင်း၊ အချို့မှာ အကြိမ်ကြိမ် သတိပေးနေသော်လည်း ဆက်လက်လုပ်ဆောင်နေသည့်အတွက် ထိထိရောက်ရောက် အရေးယူသွားရမည်ဖြစ်ကြောင်း၊ သတင်းများ အချိန်နှင့်တစ်ပြေးညီ ပြည်သူများသိရှိနိုင်အောင် ကြားဖြတ်သတင်းစာရှင်းလင်းပွဲများ ကျင်းပနိုင်ရန် ဆောင်ရွက်နေကြောင်း၊ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ရာတွင် ရေရှည်အတွက် စဉ်းစားပြီး ဆောင်ရွက်ကြရန် လိုကြောင်း၊ အင်းတော်ကြီးကန် အပါအဝင် အခြားရေပြင်ကျယ်သည့် ကန်များတွင် ဆိုလာစနစ်ဖြင့် လျှပ်စစ်ထုတ်လုပ်နိုင်ရေး ဆောင်ရွက်ရာ၌ ဆက်စပ်မှုရှိသည့် ခရီးသွားလုပ်ငန်းနှင့် သဘာဝအရင်းအမြစ်များ မထိခိုက်အောင် စဉ်းစားဆောင်သွားရွက်သွားကြရန်လိုကြောင်း။

နိုင်ငံသားစိစစ်ရေးကတ်များ ထုတ်ပေးရာတွင် နိုင်ငံသားဥပဒေနှင့်အညီ သေချာစိစစ် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ မှတ်ပုံတင်ပြုလုပ်ပေးရန် ကျန်ရှိသူများအား စနစ်တကျ လုပ်ဆောင်ပေးနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း၊ ရွေးကောက်ပွဲဥပဒေပြင်ဆင်ရေးအတွက် ဆောင်ရွက်ရာတွင် မိမိအနေဖြင့် ဥပဒေပြုရေး အာဏာရှိသော်လည်း ဖွဲ့စည်းပုံအခြေခံဥပဒေကို ကျော်လွန် ဆောင်ရွက်၍မရကြောင်း၊ ရွေးကောက်ပွဲစနစ်ပြင်ဆင်နိုင်ရေးအတွက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် ပါတီများတွေ့ဆုံညှိနှိုင်းဆွေးနွေးရန် တာဝန်ပေးအပ်ထားကြောင်း။

### လျှပ်စစ်ဓာတ်အား လုံလောက်စွာရရှိရန်လို

မိမိတို့အနေဖြင့် တိုင်းပြည်၏ စီးပွားရေးကို အောင်မြင်အောင် ဆောင်ရွက်ရန်လိုအပ်ကြောင်း၊ ထို့ပြင် ပြည်သူများ၏ စားနပ်ရိက္ခာ ဖူလုံစေရန်နှင့် စီးပွားရေးကောင်းမွန်စေရန် ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ တိုင်းပြည်၏ စီးပွားရေးကောင်းမွန်ရန်အတွက် စိုက်ပျိုးရေးနှင့်မွေးမြူရေးကို အခြေခံ၍ ဆောင်ရွက်ရန်လိုကြောင်း၊ စီးပွားရေးလုပ်ငန်းများအတွက် လိုအပ်သည့် လျှပ်စစ်ဓာတ်အား လုံလောက်စွာ ရရှိရန်လိုအပ်ကြောင်း၊ ထို့ကြောင့် ရေအားလျှပ်စစ်ထုတ်လုပ်နိုင်ရေး လေ့လာဆန်းစစ် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

**ဒို့တာဝန်အရေး ၃ ပါးသည် အမျိုးသားရေးတာဝန်ဖြစ်ပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို ခိုင်ခိုင်မာမာဖြစ်အောင် တည်ဆောက်သွားရမည်ဖြစ်**ကြောင်း၊ **ယင်းသို့ တည်ဆောက်ရာတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်များ ဖွံ့ဖြိုးမှုအချိုးညီမျှစေရန်လို**ကြောင်း၊ **နောင်တက်လာမည့် အစိုးရသည်လည်း ယင်းလမ်းကြောင်းပေါ်တွင် လျှောက်လှမ်းနိုင်ရမည်ဖြစ်**ကြောင်း၊ တိုင်းရင်းသားများ စာတတ်မြောက်စေရန်နှင့် အသိပညာ မြင့်မားစေရန် ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ ၎င်းတို့၏အကျိုးကို ဖော်ဆောင်ပေးရန်နှင့် ၎င်းတို့၏ဘဝများ တိုးတက်လာအောင် လုပ်ဆောင်ပေးရမည်ဖြစ်ကြောင်း၊ သို့မှသာ ယုံကြည်မှုရှိလာမည်ဖြစ်ကြောင်း၊ ဒီမိုကရေစီလမ်းကြောင်းကို ဖော်ဆောင်ရာတွင် တိုင်းပြည်နှင့် ပြည်သူလူထုအပေါ် စေတနာအရင်းခံ၍ ဆောင်ရွက်သွားရန် လိုအပ်ကြောင်း၊ ထိုသို့ စေတနာထား၍ ဆောင်ရွက်ပါက မိမိတို့အနေဖြင့် အောင်မြင်မည်ဟု ယုံကြည်ကြောင်းဖြင့် ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက္ကသိုလ်များတွင် စီးပွားရေးဘွဲ့သင်တန်းနှင့် ဥပဒေဘွဲ့သင်တန်းများ တိုးချဲ့ဖွင့်လှစ်ရေးလုပ်ငန်း ညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ သတင်းစဉ်

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက္ကသိုလ်များတွင် စီးပွားရေးဘွဲ့သင်တန်းနှင့် ဥပဒေဘွဲ့သင်တန်းများ တိုးချဲ့ဖွင့်လှစ်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြား

**နေပြည်တော် မေ ၂၈**

တက္ကသိုလ်များတွင် စီးပွားရေးဘွဲ့သင်တန်းနှင့် ဥပဒေဘွဲ့သင်တန်းများ တိုးချဲ့ဖွင့်လှစ်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ပညာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြားသည်။

**တက်ရောက်**

အစည်းအဝေးသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင်များဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီး မိုးမြင့်ထွန်း၊ ဒေါ်အေးနုစိန်နှင့် ဦးမောင်းဟာ၊ ပြည်ထောင်စုဝန်ကြီးများ ဖြစ်ကြသည့် ဒေါက်တာ ညွန့်ဖေနှင့် ဒေါက်တာသက်ခိုင်ဝင်း၊ ဒုတိယဝန်ကြီးများ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်များနှင့် ပါမောက္ခများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**ကျယ်ပြန့်စွာသင်ကြားနိုင်ရေး ဆောင်ရွက်**

ဆွေးနွေးပွဲတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် နိုင်ငံတော်တာဝန်များအား စတင်တာဝန်ထမ်းဆောင်ချိန်မှစ၍ ပညာရေးဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများနှင့် ပတ်သက်၍ သက်ဆိုင်ရာ တာဝန်ရှိသူများနှင့် ဆွေးနွေးခဲ့ကြောင်း၊ **မိမိတို့နိုင်ငံသည် ဒီမိုကရေစီလမ်းကြောင်းပေါ်တွင် လျှောက်လှမ်းနေခြင်းဖြစ်၍ ဥပဒေကို နိုင်ငံသားတိုင်း သိရှိနားလည်ရန် လိုအပ်သဖြင့် ဥပဒေပညာရပ်များအား ကျယ်ပြန့်စွာသင်ကြားနိုင်ရေး ဆောင်ရွက်ရန်လို** ကြောင်း၊ အလားတူ **နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် စီးပွားရေးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရန် လိုအပ်သဖြင့် စီးပွားရေးကဏ္ဍတွင် စီးပွားရေးအသိအမြင်ရှိသည့် ပညာတတ်များပေါ်များရန်လိုအပ်**ကြောင်း၊ နိုင်ငံဖွံ့ဖြိုးရေးအတွက် အဓိကလိုအပ်ချက်ဖြစ်သည့် အဆိုပါ စီးပွားရေးပညာရပ်နှင့် ဥပဒေပညာရပ်များအား တက္ကသိုလ်များအားလုံးတွင် သင်ကြားနိုင်ရေး ကြိုးပမ်းဆောင်ရွက်ခြင်းပင်ဖြစ်ကြောင်း။

**အကျိုးရှိအောင် အသုံးချနိုင်**

တက္ကသိုလ်များသည် ဘာသာရပ်ဆိုင်ရာ **ကျွမ်းကျင်သူများကို မွေးထုတ်ပေးသည့် နေရာဌာနတစ်ခုဖြစ်ပြီး လက်တွေ့လုပ်ငန်းများ ဆောင်ရွက်ချိန်တွင် တက္ကသိုလ်မှ သင်ကြားပေးခဲ့သည့်ပညာရပ်များကို အခြေခံ၍ လူမှုဘဝမြှင့်တင်မှုအကျိုးများကို ခံစားရနိုင်**ကြောင်း၊ လူတိုင်း ဥပဒေပညာရှင် မဖြစ်နိုင်သော်လည်း ဥပဒေပညာနားလည်သိရှိမှုကြောင့် ဥပဒေပညာကို အသုံးချ၍ လူမှုဘဝမြှင့်တင်မှုများကို ခံစားရနိုင်ကြောင်း၊ အလားတူ စီးပွားရေးပညာရပ်များကို တတ်ကျွမ်းခြင်းဖြင့် လက်တွေ့လုပ်ငန်းနယ်ပယ်တွင် အကျိုးရှိအောင် အသုံးချနိုင်ကြောင်း၊ လက်တွေ့လုပ်ငန်းခွင်များတွင် တက္ကသိုလ်မှ သင်ကြားပေးလိုက်သည့် ပညာရပ်များကို အသုံးချခြင်းအားဖြင့် များစွာအကျိုးရှိနိုင်မည် ဖြစ်ကြောင်း။

မိမိတို့နိုင်ငံ၌ ၁၉၂၀ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ်တစ်ခုသာရှိပြီး အဆိုပါအချိန်ကာလက တက္ကသိုလ်ကျောင်းသား ကျောင်းသူများကို အများက အထင်ကြီးလေးစားကြကြောင်း၊ ဆက်လက်ပြီး မန္တလေးတက္ကသိုလ်၊ တောင်ကြီးကောလိပ်၊ မော်လမြိုင်ကောလိပ်၊ ပုသိမ်ကောလိပ်၊ မြစ်ကြီးနားကောလိပ်၊ စစ်တွေကောလိပ်များ ဖွင့်လှစ်၍ ထိုမှတစ်ဆင့် တက္ကသိုလ်များအဆင့်အထိ တိုးချဲ့ဖွင့်လှစ်လာခဲ့ရာ ယခုအခါ ဒေသ ၂၄ ခုတွင် တက္ကသိုလ်များဖွင့်လှစ်နိုင်ပြီဖြစ်ပါကြောင်း၊ ယခင်က စီးပွားရေး ပညာရေးပညာနှင့် ဥပဒေပညာရပ်သင်ကြားလိုသူများအနေဖြင့် ရန်ကုန်သို့ လာရောက် သင်ကြားကြရကြောင်း၊ တစ်နိုင်ငံလုံးမှ ကျောင်းသားများ လာရောက်သင်ကြားကြသဖြင့် ကျောင်းသား၊ ကျောင်းသူများအနေဖြင့် ပတ်ဝန်းကျင်အသစ်တွင် ကျင်လည်ကြရပြီး ကြိုးစားအားထုတ်သူများအနေဖြင့် ထူးချွန်အောင်မြင်မှုများရှိသည်ကို တွေ့ရှိရကြောင်း၊ တက္ကသိုလ်ပညာပြီးဆုံးချိန်တွင် အချို့က ဌာနဆိုင်ရာများတွင် အရာရှိများ ဖြစ်လာသကဲ့သို့ အချို့မှာလည်း မိမိတို့သက်ဆိုင်ရာလုပ်ငန်းများအလိုက် ဆောင်ရွက်ကြသဖြင့် တက္ကသိုလ်ပညာ ပြီးဆုံးသူတိုင်း အစိုးရဝန်ထမ်း မဖြစ်ကြကြောင်း။

**အနီးကပ်ထိန်းသိမ်းကြပ်မတ်**

ပညာသင်ကြားရေးတွင် အခြေခံပညာအဆင့်နှင့် တက္ကသိုလ်အဆင့်သည် ကွာခြားမှုများရှိကြောင်း၊ အခြေခံပညာအဆင့် သင်ကြားသည့် ကျောင်းသား ကျောင်းသူများကို မိဘ၊ ဆရာများက အနီးကပ်ထိန်းသိမ်းကြပ်မတ်ပေးရပြီး တက္ကသိုလ်တွင် ပညာသင်ကြားသည့် ကျောင်းသား၊ ကျောင်းသူများသည် မိမိတို့ကိုယ်တိုင် ထိန်းသိမ်းနေထိုင်ကြရကြောင်း၊ **အခြေခံပညာ သင်ကြားရေးသည် သင်ကြားရေးစနစ် (Teaching) ဖြစ်ပြီး တက္ကသိုလ်ပညာသင်ကြားရေးသည် လေ့လာခြင်းစနစ် (Learning)ဖြစ်** ကြောင်း၊ အခြေခံပညာမူလတန်း သင်ကြားသည့် ကျောင်းသား၊ ကျောင်းသူများအနေဖြင့် သင်ကြားသည့်ပညာရပ်များနှင့် ပတ်ဝန်းကျင်အားဖြင့် ယေဘုယျတူညီကြောင်း၊ အလားတူ အလယ်တန်းအဆင့် ပညာသင်ကြားသည့် ကျောင်းသား၊ ကျောင်းသူများသည်လည်း တူညီသည့် အသက်အရွယ်၊ တူညီသည့်ပညာရပ်၊ တူညီသည့်ပတ်ဝန်းကျင်တွင် ပညာသင်ကြားကြရကြောင်း၊ အခြေခံပညာ အထက်တန်းအဆင့်တွင် တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် ကျရှုံးသူများရှိသဖြင့် အသက်အရွယ်အရအနည်းငယ်ကွာခြားမှုရှိလာကြောင်း၊ တက္ကသိုလ်တက်ရောက်ချိန်တွင်လည်း နေ့သင်တန်း(Day)နှင့် အဝေးသင်(Distance)တို့သည် ပညာသင်ကြားရမှုနှင့် ပတ်ဝန်းကျင်ကွာခြားမှုရှိကြောင်း၊ တက္ကသိုလ်များတွင် ပညာသင်ကြားရေးကိုသာမက *စာမျက်နှာ ၆ သို့*

> ✳ **မိမိတို့နိုင်ငံသည် ဒီမိုကရေစီလမ်းကြောင်း ပေါ်တွင် လျှောက်လှမ်းနေခြင်းဖြစ်၍ ဥပဒေကို နိုင်ငံသားတိုင်း သိရှိနားလည်ရန် လိုအပ်သဖြင့် ဥပဒေပညာရပ်များအား ကျယ်ပြန့်စွာသင်ကြားနိုင်ရေးဆောင်ရွက်ရန်လို၊ နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စီးပွားရေးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရန် လိုအပ်သဖြင့် စီးပွားရေးကဏ္ဍတွင် စီးပွားရေးအသိအမြင် ရှိသည့် ပညာတတ်များ ပေါ်များရန်လိုအပ်**

# ❑ တပ်မတော်သည် အမျိုးသားရေးတာဝန်အဖြစ် ဒို့တာဝန်အရေး သုံးပါးကို ဦးထိပ်ထားပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်ကို အခြေခံသည့် ပြည်ထောင်စုကို အမျိုးသားရေး ရည်မှန်းချက်အဖြစ် မဖြစ်မနေ တည်ဆောက်သွားမည်ဖြစ်

*စာမျက်နှာ ၅ မှ*
လက်တွေ့ဆောင်ရွက်ခြင်းနှင့် လေ့လာခြင်းပညာရပ်များကို ဆောင်ရွက်ကြရကြောင်း၊ တက္ကသိုလ်များတွင် စာကြည့်တိုက်များ အဆင့်မီစွာ ရှိစေရေးအတွက်လည်း အလေးထားဆောင်ရွက်စေလိုကြောင်း၊ တက္ကသိုလ် တက်ရောက်သည့် လူငယ်များ စစ်မှန်သည့် ပညာရပ်များနှင့် စစ်မှန်သည့် အသိပညာ၊ အတတ်ပညာများ ရရှိအောင် ဆောင်ရွက်ကြစေလိုကြောင်း။

**အလေးထားသင်ကြား**

တက္ကသိုလ်များတွင် ဥပဒေပညာ သင်ကြားရေးနှင့်ပတ်သက်၍ ဒီမိုကရေစီစနစ်တွင် နိုင်ငံသားတိုင်း ဥပဒေစည်းကမ်းများနှင့် နေထိုင်နိုင်ရန်အတွက် ဥပဒေပညာသည် အရေးကြီးကြောင်း၊ လူမှုရေးဆိုင်ရာများ၊ စီးပွားရေးဆိုင်ရာများနှင့် အခြားကိစ္စရပ်များ ဆောင်ရွက်ရာတွင် ဥပဒေနှင့်ပတ်သက်၍ ဆောင်ရွက်ရသည်များ များစွာရှိကြောင်း၊ အလားတူ အုပ်ချုပ်မှုပိုင်းဆိုင်ရာများ ဆောင်ရွက်ရာတွင်လည်း နိုင်ငံသားတစ်ယောက်အနေဖြင့် ဥပဒေသိရန် လိုအပ်သကဲ့သို့ စီမံခန့်ခွဲမှုဆောင်ရွက်သူများအနေဖြင့်လည်း ဥပဒေကို နားလည်တတ်ကျွမ်းရန် လိုအပ်ကြောင်း၊ ဥပဒေကို နားလည်တတ်ကျွမ်းထားခြင်းအားဖြင့် လက်တွေ့နယ်ပယ်တွင် တိုက်ရိုက်အသုံးချခွင့်ရသည့် ပညာရပ်ဖြစ်ကြောင်း၊ တပ်မတော်တွင်လည်း တပ်မတော်အရာရှိကြီးများနှင့် အရာရှိငယ်များ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များအား ဥပဒေသင်တန်းများဖွင့်လှစ်၍ အလေးထား သင်ကြားပေးလျက်ရှိကြောင်း။

**များစွာအထောက်အကူပြု**

စီးပွားရေးပညာ သင်ကြားမှုနှင့်ပတ်သက်၍ တိုင်းပြည်စီးပွားရေး ကောင်းမွန်ရန်အတွက် စီးပွားရေးအခြေခံများ၊ စီးပွားရေးကို နားလည်တတ်ကျွမ်းသူများရှိမှသာ ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ပိုမိုတိုးတက်ကောင်းမွန်လာမည်ဖြစ်ကြောင်း၊ **ရှေးယခင်က စီးပွားရေးဆိုင်ရာစီမံခန့်ခွဲမှု အမှားများကြောင့် နိုင်ငံစီးပွားရေးကျဆင်းခဲ့ရသည်များ ရှိခဲ့ကြောင်း၊ ထို့ကြောင့် စီးပွားရေးနှင့်ပတ်သက်၍ နိုင်ငံသားများ စီးပွားရေးဆိုင်ရာ အမြင်များရှိရန် လိုအပ်သဖြင့် စီးပွားရေးပညာကို သင်ကြားစေလိုခြင်းဖြစ်** ကြောင်း၊ စီးပွားရေးဆိုင်ရာ ပညာရပ်သည် လက်တွေ့လုပ်ငန်းခွင်တွင် အသုံးချဆောင်ရွက်နိုင်ကြောင်း၊ အလားတူ အခြားဘာသာရပ်များသည်လည်း သက်ဆိုင်ရာ ပညာရပ်နယ်ပယ်အလိုက် အသုံးချနိုင်သည်များလည်းရှိကြောင်း၊ ဝိဇ္ဇာပညာရပ်သည်လည်း လူများ၏အတွေးအခေါ် တိုးတက်ရေးအတွက် များစွာ အထောက်အကူပြုကြောင်း၊ ထို့ကြောင့် ပညာရေးဆိုင်ရာဘာသာရပ်များသင်ကြားချိန်တွင် မျှတစွာသင်ကြားခြင်းဖြင့် ကျောင်းသား၊ ကျောင်းသူများ၏ဘဝ တိုးတက်ရေးအတွက် များစွာ အထောက်အကူပြုမည်ဖြစ်ကြောင်း၊ တက္ကသိုလ်ပညာသင်ကြားရေးနှင့်ပတ်သက်၍ အနာဂတ်ကို မျှော်တွေးပြီး စဉ်းစားဆောင်ရွက်ကြရန် လိုကြောင်း။



ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ညွန့်ဖေ ရှင်းလင်းတင်ပြစဉ်။

**တိုင်းရင်းသားလက်နက်ကိုင်များ ချုပ်ငြိမ်းအောင်ဆောင်ရွက်**

မိမိတို့အနေဖြင့် ပြည်နယ်နှင့် တိုင်းဒေသကြီးအလိုက် ကွာခြားမှုများ၊ ကျေးလက်၊ မြို့ပြကွာခြားမှုများကို လျှော့ချနိုင်ရေးဆောင်ရွက်၍ တစ်နိုင်ငံလုံး အချိုးညီစွာ ဖွံ့ဖြိုးတိုးတက်စေရေး ဆောင်ရွက်လျက်ရှိကြောင်း၊ ထို့ကြောင့် ဖွံ့ဖြိုးတိုးတက်မှုရှိစေရန်အတွက် နိုင်ငံရေးအရ တည်ငြိမ်အေးချမ်းမှုရှိရန်၊ လုံခြုံရေးအရ တည်ငြိမ်အေးချမ်းမှုရှိရန် ဆောင်ရွက်လျက်ရှိကြောင်း၊ လုံခြုံရေးအရတည်ငြိမ်အေးချမ်းမှုရှိရန်အတွက် တိုင်းရင်းသားလက်နက်ကိုင်များ ချုပ်ငြိမ်းအောင်ဆောင်ရွက်လျက်ရှိကြောင်း၊ အချို့လက်နက်ကိုင် ပဋိပက္ခဖြစ်ပွားလျက်ရှိသည့် အချို့နေရာများတွင် ပညာသင်ကြားရေးအတွက် အခက်အခဲများဖြစ်ပေါ်လျက်ရှိပြီး အချို့နေရာများတွင် တပ်မတော်မှ ကူညီဖြည့်ဆည်းဆောင်ရွက်ပေးနေမှုများရှိကြောင်း၊ ပညာတတ်များပေါ်များမှသာ ဒေသတိုးတက်မည်၊ ဒေသတိုးတက်မှသာ အသိပညာများတိုးတက်ကောင်းမွန်လာမည်၊ အသိပညာများကောင်းမွန်မှသာ တွေးခေါ်မြော်မြင်မှုများ ကောင်းမွန်လာပြီး ငြိမ်းချမ်းရေးအရသာ၊ ဒီမိုကရေစီ၏ အရသာကိုသိရှိပြီး လုပ်ငန်းများ ဆောင်ရွက်လာနိုင်မည်ဖြစ်ကြောင်း၊ သို့မှသာ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း၊ **မိမိတို့နိုင်ငံမှ ပြည်သူများအားလုံး အခြားတိုင်းပြည်များတွင် အောက်ခြေအလုပ်သမားအဖြစ် ဆောင်ရွက်ခြင်းကို မပြုလုပ်ကြစေလိုဘဲ မိမိတို့နိုင်ငံတွင်းမှာသာ နေထိုင်လုပ်ကိုင်ဆောင်ရွက်၍ ကြီးပွားချမ်းသာစေလို**ကြောင်း၊ ထို့ကြောင့် ပြည်သူများ ပညာတတ်အောင် ဆောင်ရွက်ကြရာတွင် ဆရာ၊ ဆရာမများမှ ပညာများ သင်ကြားပေးသကဲ့သို့ သက်ဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့အစည်းများအနေဖြင့်လည်း တွန်းအားပေးဆောင်ရွက်ကြစေလိုကြောင်း။

ဝန်ထမ်းများ CDM ပြုလုပ်မှုနှင့် ပတ်သက်၍ ဒီမိုကရေစီနိုင်ငံဖြစ်သဖြင့် နိုင်ငံရေးအရ လွတ်လပ်စွာ သဘောထားကွဲလွဲမှုရှိနိုင်သော်လည်း နိုင်ငံ့ဝန်ထမ်းများအနေဖြင့် မည်သည့်အစိုးရတာဝန်ယူသည်ဖြစ်စေ နိုင်ငံ့တာဝန်ကို ထမ်းဆောင်ရမည်ဖြစ်ကြောင်း၊ နိုင်ငံ့ဝန်ထမ်းများနှင့် အစိုးရဝန်ထမ်းသည် ကွာခြားမှုရှိကြောင်း၊ တပ်မတော်သားများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များသည် နိုင်ငံတော်ကို ကာကွယ်ပေးသည့် တရားဥပဒေစိုးမိုးရေး ဆောင်ရွက်ပေးသည့် နိုင်ငံ့ဝန်ထမ်းများဖြစ်ပြီး ပညာရေးဝန်ထမ်းများသည် နိုင်ငံသားများကို ပညာသင်ကြားပေးမှုနှင့် ပတ်သက်၍ နိုင်ငံ့ဝန်ထမ်းဖြစ်ပြီး အုပ်ချုပ်မှုပိုင်းနှင့် ပတ်သက်၍ အစိုးရဝန်ထမ်းများ ဖြစ်ကြောင်း၊ အလားတူ ကျန်းမာရေးဝန်ထမ်းများ အနေဖြင့်လည်း ကုသရေးနှင့်ပတ်သက်၍ နိုင်ငံ့ဝန်ထမ်းများဖြစ်ကြကြောင်း၊ အခြားနိုင်ငံများတွင်လည်း ဒီမိုကရေစီစနစ်အရ ရွေးကောက်ပွဲများ ကျင်းပဆောင်ရွက်ကြချိန်၌ မကျေလည်မှုများရှိသော်လည်း မိမိတို့နိုင်ငံကဲ့သို့ ဝန်ထမ်းများ CDM ပြုလုပ်မှု မရှိကြောင်း၊ ဝန်ထမ်းများ တာဝန်ထမ်းဆောင်မှုသည် နိုင်ငံရေးနှင့် ရောနှောမှုမရှိကြကြောင်း၊ နိုင်ငံ့ဝန်ထမ်းများနှင့် အစိုးရဝန်ထမ်းများအနေဖြင့် နိုင်ငံရေးကင်းရှင်းကြရန်လိုကြောင်း။

**တရားမျှတသည့် နိုင်ငံရေးကို ဆောင်ရွက်**

တပ်မတော်သည် အမျိုးသားရေးတာဝန်အဖြစ် **ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ထားပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်ကို အခြေခံသည့် ပြည်ထောင်စုကို အမျိုးသားရေး ရည်မှန်းချက်အဖြစ် မဖြစ်မနေ တည်ဆောက်သွားမည်ဖြစ်**ကြောင်း၊ ရွေးကောက်ပွဲအရ ဖြစ်ပေါ်ခဲ့သည့် ပြဿနာများကိုလည်း ဥပဒေနှင့်အညီသာ ဖြေရှင်းဆောင်ရွက်သွားမည် ဖြစ်ကြောင်း၊ ဒီမိုကရေစီစနစ်ကို လျှောက်လှမ်းရာတွင် ဥပဒေနှင့်အညီသာဆောင်ရွက်ရမည်ဖြစ်ပြီး ရိုးသားသည့်နိုင်ငံရေး၊ တရားမျှတသည့် နိုင်ငံရေးကို ဆောင်ရွက်ရန်လိုကြောင်း၊ ယခုအခါ စာသင်ကျောင်းများ ပိတ်ထားရမှုကြောင့် ကျောင်းသား၊ ကျောင်းသူများ၊ မိဘများအနေဖြင့် နစ်နာမှုများရှိသကဲ့သို့ နိုင်ငံအတွက်လည်း နစ်နာရမှုများရှိကြောင်း၊ ထို့ကြောင့် ကျောင်းသား၊ ကျောင်းသူများ ပညာသင်ကြားနိုင်ရေးအတွက် အခြေခံပညာကျောင်းများနှင့် တက္ကသိုလ်များ ပြန်လည်ဖွင့်လှစ်နိုင်ရေးအတွက် ထုတ်ပြန်ထားသည့် COVID-19 စည်းကမ်းချက်များနှင့်အညီ ဆောင်ရွက်ကြစေလိုကြောင်း မှာကြားသည်။

**ရှင်းလင်းတင်ပြ**

ထို့နောက် ပြည်ထောင်စုဝန်ကြီးများ ဖြစ်ကြသည့် ဒေါက်တာညွန့်ဖေ၊ ဒေါက်တာ သက်ခိုင်ဝင်းနှင့် အခမ်းအနား တက်ရောက်လာကြသူများက **တက္ကသိုလ်ဇုန်(၂၄)ခုတွင် (၁၄)ဇုန်၌ ဥပဒေပညာရပ် လက်ရှိသင်ကြားပေးနေမှုနှင့် ကျန်တက္ကသိုလ်ဇုန်(၁၀)ခုတွင် ဥပဒေပညာရပ်များ ဆက်လက်သင်ကြားပေးနိုင်ရေး ဆောင်ရွက်နေမှု** အခြေအနေများ၊ COVID-19 ထိန်းချုပ်နိုင်မှုအခြေအနေများ၊ စီးပွားရေးနှင့် ဥပဒေဘာသာရပ်များ သင်ကြားရေးဆိုင်ရာ ကိစ္စရပ်များအား ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌတပ်မတော်ကာကွယ်ရေးဦးစီးချုပ်က လိုအပ်သည်များ ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## အနောက်တောင်တိုင်းစစ်ဌာနချုပ်နှင့် ကွပ်ကဲမှုအောက် တပ်ရင်း/တပ်ဖွဲ့များရှိ မှီခိုသူ သားသမီး ကျောင်းသား၊ ကျောင်းသူများအတွက် နွေရာသီသင်တန်းများဖွင့်

**နေပြည်တော် ဧပြီ ၂၆**

အနောက်တောင်တိုင်း စစ်ဌာနချုပ်နှင့် ကွပ်ကဲမှုအောက် တပ်ရင်း/ တပ်ဖွဲ့များရှိ မှီခိုသူ သား၊ သမီး ကျောင်းသား၊ ကျောင်းသူများ အခြေခံ အင်္ဂလိပ်စာ သဒ္ဒါနှင့် စကားပြောသင်တန်း၊ ကွန်ပျူတာသင်တန်းနှင့် မြန်မာ့သိုင်းသင်တန်းများ ဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် တိုင်းစစ်ဌာနချုပ် ရောဝတီခန်းမ၌ COVID-19 စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ ကျင်းပပြုလုပ်ရာ တိုင်းမှူး ဗိုလ်ချုပ်အောင်အောင်နှင့် အဖွဲ့ဝင်များ၊ သင်တန်းနည်းပြများနှင့် ကျောင်းသား၊ကျောင်းသူများ တက်ရောက်ကြသည်။ **(ယာပုံ)**

ဦးစွာ တိုင်းမှူးက အဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် တိုင်းမှူးက သင်တန်းတက်ရောက်ကြမည့် ကျောင်းသား၊ ကျောင်းသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

အဆိုပါ အခြေခံအင်္ဂလိပ်စာ သဒ္ဒါနှင့် စကားပြောသင်တန်းကို ကျောင်းသား၊ ကျောင်းသူ ၃၅ ဦးဖြင့်လည်းကောင်း၊ ကွန်ပျူတာသင်တန်းကို ကျောင်းသား၊ ကျောင်းသူ ၁၀၁ ဦးဖြင့် လည်းကောင်း၊ မြန်မာ့သိုင်းသင်တန်းကို ကျောင်းသား၊ ကျောင်းသူ ၇၃ ဦးဖြင့် လည်းကောင်း စုစုပေါင်း သင်တန်းသား ကျောင်းသား၊ ကျောင်းသူ ၂၀၉ ဦးဖြင့် မေ ၂၈ ရက် အထိ ဖွင့်လှစ်သင်ကြားပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။



**သတင်းစဉ်**

# ရုပ်မြင်သံကြားနှင့် ဗီဒီယိုဥပဒေကို ပြင်ဆင်သည့်ဥပဒေပြဋ္ဌာန်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥပဒေအမှတ်၊ ၁၈ / ၂၀၂၁
ရုပ်မြင်သံကြားနှင့် ဗီဒီယိုဥပဒေကို ပြင်ဆင်သည့်ဥပဒေ
၁၃၈၃ ခုနှစ်၊ တန်ခူးလဆန်း ၁၅ ရက်
(၂၀၂၁ ခုနှစ်၊ ဧပြီလ ၂၆ ရက်)

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၂။ ဤဥပဒေကို ရုပ်မြင်သံကြားနှင့်ဗီဒီယိုဥပဒေကို ပြင်ဆင်သည့်ဥပဒေဟု ခေါ်တွင်စေရမည်။

၃။ ရုပ်မြင်သံကြားနှင့် ဗီဒီယိုဥပဒေပုဒ်မ ၃၆ ကို အောက်ပါအတိုင်း ပြင်ဆင်ရမည်-

"၃၆။ မည်သူမဆို ဤဥပဒေအရဖြစ်စေ၊ ဗီဒီယိုဆင်ဆာအဖွဲ့ကဖြစ်စေ၊ ဗီဒီယိုလုပ်ငန်းစိစစ်ကြီးကြပ်ရေး ဗဟိုကော်မတီကဖြစ်စေ ထုတ်ပြန်ထားသောအမိန့် သို့မဟုတ် ညွှန်ကြားချက်ကို လိုက်နာရန်ပျက်ကွက်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်ငါးသိန်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။"

---

ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်-

(ပုံ) မင်းအောင်လှိုင်
ဗိုလ်ချုပ်မှူးကြီး
ဥက္ကဋ္ဌ
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

# နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း (Assistance Association For Political Prisoners - AAPP)နှင့် ပတ်သက်၍ သတင်းထုတ်ပြန်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပြည်ထဲရေးဝန်ကြီးဌာန
သတင်းထုတ်ပြန်ချက်

**နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း(Assistance Association For Political Prisoners – AAPP) နှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း**

နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း (Assistance Association For Political Prisoners – AAPP)သည် အသင်းအဖွဲ့များ မှတ်ပုံတင်ခြင်းဆိုင်ရာဥပဒေ၊ နည်းဥပဒေများနှင့် ညီညွတ်ခြင်းမရှိ၍ မှတ်ပုံတင်ခွင့်မရသောအသင်းဖြစ်သဖြင့် ဥပဒေအရ တရားဝင်ရပ်တည်ဆောင်ရွက်ခွင့်မရှိသည့် အသင်းတစ်ခုဖြစ်ပါသည်။

ထိုသို့ရပ်တည်ဆောင်ရွက်ခွင့်မရှိသော်လည်း အဆိုပါအသင်းသည် နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း(AAPP) အမည်ဖြင့် Internet Website မှနေ၍ လက်ရှိဖြစ်ပေါ်နေသော ဆူပူဆန္ဒပြအကြမ်းဖက်မှုများနှင့်စပ်လျဉ်း၍ ထိခိုက်သေဆုံးသူများစာရင်းကို နေ့စဉ်ထုတ်ပြန်နေကြောင်း တွေ့ရှိရပါသည်။

AAPP မှ ဖော်ပြနေသော ကိန်းဂဏန်းအချက်အလက်များသည် တိကျမှန်ကန်သည့် သတင်းအရင်းအမြစ်များမှ ရယူဖော်ပြထားခြင်းမဟုတ်ဘဲ Social Media များနှင့် ကောလာဟလသတင်းများအပေါ်အခြေခံ၍ ထုတ်ပြန်ထားခြင်းဖြစ်သဖြင့် အမှန်တကယ်ကိန်းဂဏန်းများထက် များစွာ ပိုမိုဖောင်းပွနေကြောင်း တွေ့ရှိရပါသည်။

ထို့အပြင် AAPP အသင်းသည် ဖြစ်စဉ်သတင်းအချက်အလက်များကို ဖော်ပြရာတွင်လည်း လက်ရှိဖြစ်ပေါ်နေသောအခြေအနေများကို တစ်ဖက်သတ်ဖော်ပြခြင်းဖြင့် နိုင်ငံ့ဝန်ထမ်းများ၊ အများပြည်သူများ စိုးရိမ်ကြောက်ရွံ့မှုဖြစ်စေရန် ဖော်ပြနေကြောင်း တွေ့ရှိရပါသည်။

AAPP အသင်းအနေဖြင့် ထိုသို့မမှန်ကန်သော ကိန်းဂဏန်းအချက်အလက်များ ထုတ်ပြန်ခြင်း၊ နိုင်ငံ့ဝန်ထမ်းများ၊ အများပြည်သူများ စိုးရိမ်ကြောက်ရွံ့မှုဖြစ်စေရန် ထုတ်ပြန်နေခြင်းများသည် ဆူပူအကြမ်းဖက်မှုများ ပိုမိုဖြစ်ပေါ်စေရန် လှုံ့ဆော်ရာရောက်သဖြင့် နိုင်ငံတော်တည်ငြိမ်ရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ငြိမ်ဝပ်ပိပြားရေးတို့ကို ထိခိုက်စေကြောင်းတွေ့ရှိရသဖြင့် တရားမဝင်ရပ်တည် ဆောင်ရွက်နေသည့် နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း(AAPP)အား ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

ပြည်ထဲရေးဝန်ကြီးဌာန
၂၀၂၁ ခုနှစ်၊ ဧပြီလ ၂၆ ရက်

# နယ်စပ်ဒေသတိုင်းရင်းသားများ၏ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

**နေပြည်တော် ဧပြီ ၂၆**

နယ်စပ်ရေးရာဝန်ကြီးဌာန ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန၏ နယ်စပ်ဒေသတိုင်းရင်းသားလူမျိုးများ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၂/၂၀၂၁) ကို ယနေ့ နံနက် ၁၀ နာရီတွင် ဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ Virtual System ဖြင့် ကျင်းပသည်။




အစည်းအဝေးသို့ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်၊ အမြဲတမ်းအတွင်းဝန်/ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ဖွံ့ဖြိုးရေးတက္ကသိုလ် ခေတ္တပါမောက္ခချုပ်၊ ဒီဂရီကောလိပ်ကျောင်းအုပ်ကြီးများ၊ ညွှန်ကြားရေးမှူးများ၊ တိုင်းဒေသကြီး/ ပြည်နယ်/ ခရိုင်ဦးစီးမှူးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက လာမည့် မေလ ၅ ရက်နေ့တွင် တက္ကသိုလ်/ ဒီဂရီကောလိပ်များ၏ ပါရဂူတန်း၊ မဟာတန်းနှင့် နောက်ဆုံးနှစ်သင်တန်းများ ပြန်လည်ဖွင့်လှစ်မည်ဖြစ်၍ COVID- 19 စည်းကမ်းချက်များနှင့်အညီ ကြိုတင်ပြင်ဆင်မှုများအား ပြီးစီးအောင် ဆောင်ရွက်ထားရန်လိုကြောင်း၊ အလားတူ ဇွန်လဆန်းတွင် အခြေခံပညာကျောင်းများ ပြန်လည်ဖွင့်လှစ်နိုင်ရေး ဆောင်ရွက်လျက်ရှိသဖြင့် နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်းများကိုလည်း ဖွင့်လှစ်နိုင်ရန် ပြင်ဆင်ရမည်ဖြစ်ကြောင်း၊ မူလကပင် ကြိုတင်ပြင်ဆင်ထားပြီးဖြစ်ရာ ပိုမိုပြည့်စုံကောင်းမွန်အောင် စီမံဆောင်ရွက်ကြရန် ဖြစ်ပါကြောင်း၊ COVID-19 ရောဂါ ကာကွယ်ဆေးများကိုလည်း ဆရာ/ ဆရာမများ၊ ဝန်ထမ်းများ၊ ကျောင်းသား/ကျောင်းသူများ ထိုးနှံပြီးစီးရေး ညှိနှိုင်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

ကျောင်းများအတွက် သင်ထောက်ကူပစ္စည်းများ၊ အားကစားပစ္စည်းများ၊ Fitness ပစ္စည်းများ ဖြည့်ဆည်းပေးထားပါကြောင်း၊ ကျောင်းသား/ ကျောင်းသူများအနေဖြင့် ကျန်းမာကြံ့ခိုင်အောင် အားကစားတစ်မျိုးကိုမဖြစ်မနေ ကစားရမည်ဖြစ်သည့်အပြင် မြန်မာ့ရိုးရာသိုင်းပညာကိုလည်း ထည့်သွင်းသင်ကြားသွားရန် ဖြစ်ပါကြောင်း။

၂၀၂၀- ၂၀၂၁ ဘဏ္ဍာရေးနှစ် ကျောင်းများအလိုက် ခွင့်ပြုထားသော တည်ဆောက်ရေးလုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အရည်အသွေး ပြည့်ဝပြီး အချိန်မီပြီးစီးရန်လိုကြောင်း၊ တည်ဆောက်ပြီး အဆောက်အအုံများ ရေရှည်အသုံးပြုနိုင်အောင် ဝန်ထမ်းများ၊ ကျောင်းသား/ ကျောင်းသူများအနေဖြင့် စနစ်တကျ ထိန်းသိမ်းအသုံးပြုကြရန် လိုအပ်ကြောင်း မှာကြားသည်။

ထို့နောက် ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က နယ်စပ်ဒေသ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို အကျဉ်းချုပ်ရှင်းလင်းတင်ပြပြီး ခေတ္တပါမောက္ခချုပ်၊ ကျောင်းအုပ်ကြီးများ၊ တိုင်းဒေသကြီး/ ပြည်နယ်/ ခရိုင်ဦးစီးမှူးများက သင်တန်းကျောင်းများ ပြန်လည်ဖွင့်လှစ်ပါက အသင့်ဖြစ်စေရေး ကြိုတင်ပြင်ဆင်ထားရှိမှုများ၊ ၂၀၂၀- ၂၀၂၁ ဘဏ္ဍာရေးနှစ် တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုများကို Online စနစ်ဖြင့် ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးနှင့်တာဝန်ရှိသူများက ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

နယ်စပ်ရေးရာဝန်ကြီးဌာနအနေဖြင့် ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်နှင့် ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ်၊ ရန်ကုန်နှင့် စစ်ကိုင်းတို့၌ တက်ရောက်ဆဲ သင်တန်းသား/သင်တန်းသူ ၄၁၅၆ဦး၊ နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်းများတွင် တက်ရောက်ဆဲ သင်တန်းသား/ သင်တန်းသူ ၅၂၂၉ ဦးတို့အား သင်တန်းများ ပြန်လည်ဖွင့်လှစ်သင်ကြားပေးနိုင်ရေး ပြင်ဆင်ဆောင်ရွက်ထားရှိကြောင်း သိရသည်။

**သတင်းစဉ်**

# ပျဉ်းမနားမြို့ ဆုတောင်းပြည့်စေတီတော်နှင့် ဆုတောင်းရစေတီတော်များ စိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့် ရွှေထီးတော်တင်လှူပူဇော်ပွဲ မင်္ဂလာအခမ်းအနားကျင်းပ

နေပြည်တော် မေ ၂၆

**ပျဉ်းမနားမြို့ရှိ ဆုတောင်းပြည့်စေတီတော်၊ ဆုတောင်းရစေတီတော်များ စိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့် ရွှေထီးတော်တင်လှူ ပူဇော်ပွဲနှင့် ဗုဒ္ဓါဘိသေကအနေကဇာတင်လှူပူဇော်ပွဲ မင်္ဂလာအခမ်းအနားကို ယနေ့ နံနက် ၇ နာရီက အဆိုပါ စေတီတော်ရင်ပြင်၌ ကျင်းပသည်။**



အခမ်းအနားသို့ ပျဉ်းမနားမြို့ ပါဠိတက္ကသိုလ် မင်္ဂလာဇေယျုံ ပရိယတ္တိစာသင်တိုက် ဦးစီးပဓာန သာသနဓဇဓမ္မာစရိယ အဂ္ဂမဟာ ပဏ္ဍိတ ဘဒ္ဒန္တဝိမလဗုဒ္ဓိ အမှူးပြုသော ဆရာတော်၊ သံဃာတော်များ ကြွရောက်တော်မူကြပြီး နိုင်ငံတော် စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင်၊ အလှူရှင် ဒါယကာ၊ ဒါယိကာမများ၊ ပျဉ်မနားမြို့မှ ဒေသခံပြည်သူများ တက်ရောက်ကြည်ညိုကြသည်။

**နာယူကြည်ညို**

ရှေးဦးစွာ ပျဉ်းမနားမြို့ ပါဠိတက္ကသိုလ် မင်္ဂလာဇေယျုံ ပရိယတ္တိစာသင်တိုက် ဆရာတော်ထံမှ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင်၊ အလှူရှင် ဒါယကာ၊ ဒါယိကာမများနှင့် ဧည့်ပရိသတ်များက ငါးပါးသီလ ခံယူဆောက်တည်ကြပြီး ဆရာတော်၊ သံဃာတော်များ ရွတ်ပွား သရဇ္ဈာယ်တော်မူသည့် အန္တရာယ်ကင်း ပရိတ်တရားတော်ကို နာယူကြည်ညိုကြသည်။

**အမျှပေးဝေ**

ထို့နောက် ပျဉ်းမနားမြို့ ပါဠိတက္ကသိုလ် မင်္ဂလာဇေယျုံ ပရိယတ္တိစာသင်တိုက် ဆရာတော် အမှူးပြုသော ဆရာတော်သံဃာတော်များထံ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင်နှင့် အလှူရှင်များက စေတီတော်တွင် တင်လှူပူဇော်မည့် စိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြပြီး မင်္ဂလာဇေယျုံ ပရိယတ္တိစာသင်တိုက် ဆရာတော်ထံမှ အနုမောဒနာတရားနာယူ၍ လှူဒါန်းမှု အစုစုတို့အတွက် ရေစက်သွန်းလောင်း အမျှပေးဝေကြသည်။

ဆက်လက်၍ ဆုတောင်းပြည့်စေတီတော်နှင့် ဆုတောင်းရစေတီတော်တို့ထံ တင်လှူပူဇော်မည့် စိန်ဖူးတော်၊ ငှက်မြတ်နားတော်တို့အား နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင်နှင့် အလှူရှင် ဒါယကာ၊ ဒါယိကာမများက ပင့်ဆောင်ပူဇော်၍ စေတီတော်ကြီးအား လက်ယာရစ် သုံးကြိမ် လှည့်လည်ပူဇော်ကြသည်။

**ပင့်ဆောင်တင်လှူ**

ထို့နောက် စိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့် ရွှေထီးတော်ဘုံ အဆင့်ဆင့်တို့အား ကျမ်းဂန်လာ ဓလေ့ထုံးတမ်း အစဉ်အလာများနှင့်အညီ စေတီတော်အထွတ်သို့ ပင့်ဆောင်ပူဇော်ကြရာ ပျဉ်းမနားမြို့ ပါဠိတက္ကသိုလ် မင်္ဂလာဇေယျုံ ပရိယတ္တိစာသင်တိုက် ဆရာတော်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင်နှင့် အလှူရှင် ဒါယကာ၊ ဒါယိကာမများက အမွှေးနံ့သာရည်များ ပက်ဖျန်းပေးကာ မင်္ဂလာရထားပျံဖြင့် စေတီတော်အထွတ်သို့ ပင့်ဆောင်တင်လှူ ပူဇော်ကြသည်။ **(အပေါ်ယာပုံ)**

ယင်းနောက် ဆရာတော်၊ သံဃာတော်များက စေတီတော်မြတ်ကြီးအား ဗုဒ္ဓါဘိသေက အနေကဇာတင်၍ ဗုဒ္ဓါဘိသိက်သွန်းတော်မူကြပြီး အခမ်းအနားကို အောင်မြင်စွာ ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် အလှူရှင် ဒါယကာ၊ ဒါယိကာမများက ဆရာတော်များအား နေ့ဆွမ်း ဆက်ကပ်လှူဒါန်းကြသည်။

**နှစ်ပေါင်း ၁၅၆၀ ကျော်ရှိ**

သမိုင်းဝင် ဆုတောင်းပြည့်စေတီတော်သည် သာသနာ့ဒါယကာ သီရိဓမ္မာသောကမင်းကြီး တည်ထားကိုးကွယ်ခဲ့သည့် ရှစ်သောင်းလေးထောင်သော စေတီတော်တို့တွင် တစ်ဆူအပါအဝင်ဖြစ်ပြီး ခေတ်အဆက်ဆက်မှ စေတနာရှင် အလှူရှင်များက ပြုပြင်တည်ထား ကိုးကွယ်ပူဇော်လာခဲ့သည်မှာ ယခုဆိုလျှင် စေတီတော်ကြီးသည် နှစ်ပေါင်း ၁၅၆၀ ကျော် ရှိခဲ့ပြီးဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး၏ (၁၂၉) ကြိမ်မြောက် အသံမစဲမဟာပဋ္ဌာန်းမြတ်ရွတ်ဖတ်ပူဇော်ပွဲ အောင်ပွဲမင်္ဂလာအခမ်းအနားကျင်းပ

**နေပြည်တော် မေ ၂၆**

ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး၏ (၁၂၉) ကြိမ်မြောက် အသံမစဲ မဟာပဋ္ဌာန်းမြတ် ရွတ်ဖတ်ပူဇော်ပွဲ အောင်ပွဲမင်္ဂလာအခမ်းအနားကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး လိုဏ်တော်အတွင်း၌ ကျင်းပသည်။



အခမ်းအနားသို့ ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး ဂေါပကအဖွဲ့၏ ဩဝါဒါစရိယ၊ နေပြည်တော် လယ်ဝေးမြို့ ပေါက်မြိုင်ကျောင်းတိုက် ပဓာနနာယက ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု၊ ဘဒ္ဒန္တဇနိန္ဒ အမှူးပြုသော ဆရာတော်၊ သံဃာတော်များ ကြွရောက်တော်မူကြပြီး သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကို၊ ဒုတိယဝန်ကြီး ဦးထွန်းအုံ၊ အမြဲတမ်းအတွင်းဝန် ဦးမြင့်ဦး၊ စေတီတော်ဂေါပကအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြည်ညိုကြသည်။

**နာယူကြည်ညို**

ရှေးဦးစွာ အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်ကာ လယ်ဝေးမြို့ ပေါက်မြိုင်ကျောင်းတိုက် ပဓာနနာယကဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တဇနိန္ဒထံမှ ပြည်ထောင်စုဝန်ကြီး ဦးကိုကို အမှူးပြုသော ဧည့်ပရိသတ်များက ကိုးပါးသီလခံယူဆောက်တည်ကြပြီး ဆရာတော် သံဃာတော်များ ရွတ်ပွားသရဇ္ဈာယ်တော်မူသည့် ရတနသုတ်၊ မေတ္တသုတ်၊ ပုဗ္ဗဏှသုတ် ပရိတ်တရားတော်များကို နာယူကြည်ညိုကြသည်။ **(ဝဲပုံ)**

**ဆက်ကပ်လှူဒါန်း**

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးကိုကို၊ ဒုတိယဝန်ကြီး ဦးထွန်းအုံ၊ အမြဲတမ်းအတွင်းဝန် ဦးမြင့်ဦးနှင့် တာဝန်ရှိသူများက အဘိဓဇမဟာရဋ္ဌဂုရု ပေါက်မြိုင် ဆရာတော်ဘုရားကြီးနှင့် ဆရာတော်၊ သံဃာတော်များအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် လယ်ဝေးမြို့ ပေါက်မြိုင်ကျောင်းတိုက် ပဓာနနာယက ဆရာတော်ထံမှ ပြည်ထောင်စုဝန်ကြီး ဦးကိုကို အမှူးပြုသော ဧည့်ပရိသတ်များက ရေစက်ချ အနုမောဒနာတရား နာကြားကြပြီး လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းလောင်း အမျှပေးဝေကြကာ "ဗုဒ္ဓသာသနံ စိရံ တိဋ္ဌတု" သုံးကြိမ် ရွတ်ဆို ဆုတောင်း၍ အောင်ပွဲမင်္ဂလာအခမ်းအနား ရုပ်သိမ်းသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက ဆရာတော်၊ သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းခဲ့ကြသည်။

**သတင်းစဉ်**

## မိုးညှင်းမြို့နယ်သမဝါယမအသင်းစုက ရေထွက်ကုန်ပစ္စည်းများ ဖြန့်ဖြူးရောင်းချ

မိုးညှင်း မေ ၂၆

ကချင်ပြည်နယ် မိုးညှင်းမြို့နယ်ရှိ အသင်းသားပြည်သူများ ရေထွက်ကုန်ပစ္စည်းများကို ဈေးနှုန်းချိုသာစွာနှင့် သန့်ရှင်းလတ်ဆတ်စွာ စားသုံးနိုင်ရေးအတွက် မြို့နယ်သမဝါယမ အသင်းစုသည် ရန်ကုန်မြို့ စံပြငါးဒိုင်မှ ငါးကြင်းဖြူ၊ ငါးသလောက်၊ ပုစွန်တုပ်နှင့် တီလားဗီးယားငါးများကို ဝယ်ယူ၍ ငါးကြင်းဖြူ တစ်ပိဿာလျှင် ငွေကျပ် ၇၅၀၀ နှုန်း၊ ငါးသလောက် တစ်ပိဿာလျှင် ငွေကျပ် ၁၀၀၀၀ နှုန်း၊ ပုစွန်တုပ်တစ်ပိဿာလျှင် ငွေကျပ် ၂၀၀၀၀ နှုန်း၊ တီလားဗီးယား တစ်ပိဿာလျှင် ငွေကျပ် ၄၅၀၀ နှုန်းဖြင့် မေ ၂၂ ရက်တွင် သမဝါယမကဏ္ဍမှ No Profit, No Loss ဟူသော မူအတိုင်း ဖြန့်ဖြူးရောင်းချပေးကြောင်း သိရသည်။

**သတင်းစဉ်**

# အမှန်ကိုမြင်၍ အမှားကို ပြင်နိုင်ကြပါစေ

## ကိုသာယာ

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်တဲ့ ကိုယ်စားလှယ်အဖွဲ့ဟာ ဧပြီလ (၂၄) ရက်နေ့က အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့မှာ ကျင်းပတဲ့ အာဆီယံနိုင်ငံ့ခေါင်းဆောင်များ အစည်းအဝေးကို တက်ရောက်ခဲ့ပါတယ်။ အစည်းအဝေးမှာ မြန်မာနိုင်ငံ နိုင်ငံတော်အကြီးအကဲအဖြစ် အာဆီယံအသိုက်အဝန်း ထူထောင်ခြင်း၊ အာဆီယံပြင်ပဆက်ဆံရေး၊ ဒေသတွင်းနဲ့ နိုင်ငံတကာ ကိစ္စများအပေါ် အာဆီယံနိုင်ငံခေါင်းဆောင်များနဲ့အတူ ဆုံးဖြတ်ချက်များချနိုင်တဲ့အထိ အဆင်ပြေပြေ အောင်အောင်မြင်မြင် ညှိနှိုင်းဆွေးနွေးနိုင်ခဲ့ပါတယ်။**

အဲဒီအစည်းအဝေးမှာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အာဆီယံဒေသတွင်းကိစ္စရပ်များကို မြန်မာနိုင်ငံအနေနဲ့ ဆက်လက်ပံ့ပိုးသွားမယ့် ကိစ္စရပ်များ၊ မြန်မာ့နိုင်ငံရေး ဖြစ်ပေါ်ပြောင်းလဲမှုများ၊ ရှေ့ဆက် ဆောင်ရွက်မယ့် လုပ်ငန်းစဉ်များနဲ့ပတ်သက်ပြီး ဆွေးနွေးပြောကြားခဲ့ကြောင်း သိရပါတယ်။ အစည်းအဝေးအခြေအနေ၊ ထွက်ပေါ်လာမည့် ရလဒ်တို့အပေါ်မှာ နိုင်ငံတကာ အစိုးရများ၊ ပြည်တွင်းပြည်ပအဖွဲ့အစည်းများနဲ့ နိုင်ငံရေးပါတီများ၊ လူပုဂ္ဂိုလ်များ တော်တော်များများက စိတ်ဝင်စားခဲ့ကြပါတယ်။ တချို့ကလည်း အကောင်းမြင်၊ တချို့ကလည်း အဆိုးမြင်တဲ့ စိတ်ဆန္ဒတွေနဲ့ပေါ့။

### နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရဲ့ တရားဝင်ရပ်တည်မှုကို ပြနိုင်ခဲ့

အစည်းအဝေးမတိုင်မီကတည်းက မိမိတို့နိုင်ငံအပေါ် ကောင်းရာကောင်းကျိုး လိုလားသူတွေက ဒီအစည်းအဝေးမှာ မြန်မာ့အရေးနဲ့ပတ်သက်လို့ ငြိမ်းချမ်းတဲ့နည်းနဲ့ ဖြေရှင်းကြဖို့၊ သဘောထား ကွဲပြားမှုတွေကို လျှော့ချနိုင်အောင် ဆက်သွယ်ပြောဆိုမှုတွေနဲ့ ဆွေးနွေးညှိနှိုင်းမှုများ တိုးမြှင့်ဆောင်ရွက်ကြဖို့နဲ့ မြန်မာ့အရေး အာဆီယံက ကြားဝင်စေ့စပ်မယ့် အစီအစဉ်ကို အားပေးထောက်ခံကြပါတယ်။ မြန်မာ့အရေး အာဆီယံရဲ့ကြိုးပမ်းမှုတွေကို လက်ခံမှာဖြစ်ကြောင်း ကြိုတင်အကောင်းမြင်တာတွေလည်း ရှိခဲ့ကြပါတယ်။

ဒါပေမယ့်လည်း အထူးသဖြင့် အနောက်ဘက် အင်အားကြီးနိုင်ငံအချို့နဲ့ သူတို့ရဲ့ လက်ဝေခံ တပည့်တွေ၊ နိုင်ငံတကာ အဖွဲ့အစည်းအချို့နဲ့ မိမိတို့နိုင်ငံအပေါ် အကောင်းမမြင် ပျက်စီးရာ ပျက်စီးကြောင်းသာ လိုလားသူတွေနဲ့ ပြည်တွင်းသစ္စာဖောက် အဖျက်သမားတွေကတော့ ဒီအစည်းအဝေးကို သူတို့အဆို စစ်ကောင်စီကို မဖိတ်ကြားဖို့၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဟာ တရားမဝင်ကြောင်း၊ CRPH လို့ခေါ်တဲ့ ပြည်ထောင်စုလွှတ်တော်ကိုယ်စားပြုကော်မတီက ခန့်အပ်တာဝန်ပေးထားတဲ့ NUG အမျိုးသားညီညွတ်ရေးအစိုးရကိုသာ တရားဝင်အသိအမှတ်ပြု ဖိတ်ကြားရမှာဖြစ်ကြောင်း ဖွင့်ဟတောင်းဆိုခဲ့ကြပါတယ်။

နောက်ဆုံးတော့လည်း အာဆီယံက သူ့ရဲ့ရပ်တည်ချက်နဲ့ သဘောထားအမှန်ကို ပြသဆောင်ရွက်ခဲ့ပါတယ်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကို နိုင်ငံ့ခေါင်းဆောင်၊ နိုင်ငံတော်အကြီးအကဲ တစ်ယောက်အနေနဲ့ လေယာဉ်လှေကားတစ်လျှောက် လေယာဉ်တံခါးဝအထိ ကော်ဇောနီခင်းကြိုဆိုခဲ့ပါတယ်။ မိမိတို့နိုင်ငံအပေါ် သဘောထားမမှန် မကောင်းဖြစ်စေချင်သူများ တောင်းဆိုကြသလို၊ ဖြစ်စေချင်ကြသလို မြန်မာနိုင်ငံအပေါ် ဖိအားပေးခြင်း၊ ခြိမ်းခြောက်ခြင်း အကျပ်ကိုင်ခြင်း စတာတွေ မပြုခဲ့ပါဘူး။ ညှိနှိုင်းတိုင်ပင်မှုတွေနဲ့ အပြုသဘောဆောင်တဲ့ ဆုံးဖြတ်ချက်တွေသာ ချမှတ်ခဲ့ပါတယ်။ ဒါဟာ အာဆီယံရဲ့ တစ်ခုတည်းသောတူညီသည့်သဘောထားကို မှန်မှန်ကန်ကန် ပြသဆောင်ရွက်ခဲ့ခြင်းပဲ ဖြစ်ပါတယ်။

### စိတ်ကူးယဉ်အိပ်မက်ထဲက ဝိညာဉ်သာရှိပြီး ရုပ်မပေါ်တဲ့ CRPH နဲ့ NUG

အခုလို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီကို အာဆီယံနိုင်ငံတွေက ကမ္ဘာတစ်ဝန်းလုံးကို အသိပေးပြီး တရားဝင်လက်ခံကာ အပြုသဘောဆောင် ဆွေးနွေးဆုံးဖြတ်မှုတွေ ချမှတ်နိုင်ခဲ့ပြီး နိုင်ငံတကာမျက်နှာစာမှာ တရားဝင်အစိုးရအဖြစ် ထောက်ခံပြသလိုက်တော့ သူတို့ပြောနေတဲ့ CRPH ဘယ်ရောက်သွားပြီလဲ၊ CRPH က ဖွဲ့စည်းပေးတဲ့ NUG ဆိုတဲ့ အမျိုးသားညီညွတ်ရေးအစိုးရ ဘယ်ရောက်သွားပြီလဲ မေးစရာဖြစ်လာတယ်။ တကယ်တော့ အစကတည်းက တရားဝင် ရှိခဲ့တာမှ မဟုတ်ဘဲ။

> **“CRPH နဲ့ NUG ဆိုတာ အိပ်မက်ထဲမှာ စိတ်ကူးယဉ်ပြီး လေထဲတိုက်အိမ်ဆောက်ခဲ့ကြတာပါ။ ဖေ့စ်ဘုတ်လေး၊ အင်တာနက်လေးနဲ့ လိုင်းပေါ်မှာ ဟိုညွှန်ကြားချက်ထုတ် မဟုတ်က ဟုတ်က အမိန့်ထုတ် စတာတွေနဲ့ အစိုးရလုပ်တမ်း ကစားနေကြတဲ့ အဆင့်ပဲရှိခဲ့တာပါ။ နိုင်ငံတစ်ခုကို စနစ်တကျ စီမံအုပ်ချုပ်မယ့် အစိုးရတစ်ခုရဲ့ အင်္ဂါရပ်ဘာတစ်ခုမှ မမြင်မိ၊ မကြားမိ၊ မတွေ့မိဘူး၊ စိတ်ကူးထဲရှိတာလေးတွေနဲ့ သခင်အားရ ကျွန်ပါးဝ၊ ပေးစာကမ်းစာ အားကိုးနဲ့ နောက်ဆုတ်လို့ မရတော့လို့ ရှေ့ဆက်ဇွတ်တိုးပြီး မိုက်ဇာတ်ခင်းနေကြတဲ့ ဇာတ်ပျက်တစ်ခုလိုပါပဲ”**

CRPH နဲ့ NUG ဆိုတာ အိပ်မက်ထဲမှာ စိတ်ကူးယဉ်ပြီး လေထဲတိုက်အိမ်ဆောက်ခဲ့ကြတာပါ။ ဖေ့စ်ဘုတ်လေး၊ အင်တာနက်လေးနဲ့ လိုင်းပေါ်မှာ ဟိုညွှန်ကြားချက်ထုတ် မဟုတ်က ဟုတ်က အမိန့်ထုတ် စတာတွေနဲ့ အစိုးရလုပ်တမ်း ကစားနေကြတဲ့ အဆင့်ပဲရှိခဲ့တာပါ။ နိုင်ငံတစ်ခုကို စနစ်တကျ စီမံအုပ်ချုပ်မယ့် အစိုးရတစ်ခုရဲ့ အင်္ဂါရပ်ဘာတစ်ခုမှ မမြင်မိ၊ မကြားမိ၊ မတွေ့မိဘူး၊ စိတ်ကူးထဲရှိတာလေးတွေနဲ့ သခင်အားရ ကျွန်ပါးဝ၊ ပေးစာကမ်းစာ အားကိုးနဲ့ နောက်ဆုတ်လို့ မရတော့လို့ ရှေ့ဆက်ဇွတ်တိုးပြီး မိုက်ဇာတ်ခင်းနေကြတဲ့ ဇာတ်ပျက်တစ်ခုလိုပါပဲ။

မြဝတီရုပ်သံမှာ ကိုမိုးဟိန်း ပြောတာတွေနဲ့ ကွက်တိပဲ။ အမှန်ပဲ။ ဦးတည်ချက်မရှိ၊ မူဝါဒမရှိ၊ ရည်မှန်းချက်မရှိ၊ မဟာဗျူဟာ နည်းဗျူဟာမရှိနဲ့ တယ်လီဖုန်းလေးမှာ စာလေးတစ်ကြောင်း နှစ်ကြောင်းကောက်တင်လိုက်၊ လူပြိန်းကြိုက်ကလေးတွေရေးပြီး မြှောက်ပေးလိုက် လုပ်နေတာ ဘာမှအဓိပ္ပာယ်မရှိဘူးလေ။ သူတို့ရုံးက ဘယ်မှာလဲ၊ ဘာလုပ်ပေးမှာလဲ၊ လူလုံးထွက်ပြတာလည်း မမြင်ရ၊ ပုဆိုးခြုံထဲက လက်သီးပြနဲ့တော့ အစိုးရတစ်ရပ်အဖြစ် မရပ်တည်သင့်ပါ။

CRPH နဲ့ NUG တို့ရဲ့ လုပ်ကိုင်ဆောင်ရွက်နေတာတွေက အတွေးအခေါ်၊ အယူအဆ၊ ယုံကြည်ချက်၊ ခံယူချက်တွေ မမှန်ဘဲ မဖြစ်နိုင်တာ၊ အဓိပ္ပာယ်မရှိတာတွေ လုပ်နေကြတယ်လို့ပဲ မြင်မိတယ်။ အမှန်ကို မြင်နိုင်အောင် ကြိုးစားကြပါ။ မှားနေရင် စောစောစီးစီးပြင်လိုက်ကြစမ်းပါ။ မှားမှန်းသိနေပါလျက်နဲ့တော့ ဇွတ်တိုးမမိုက်ကြစေချင်ပါဘူး။ အမှားပေါ် အမှားဆင့်ပြီး ဆက်မမှား စေချင်ပါဘူး။ အဲဒီလို မတွေးမိဘဲ အမှားကို ဆက်တိုးနေကြရင် CRPH နဲ့ NUG အဖွဲ့အစည်းရော၊ ပတ်သက်သူ ပုဂ္ဂိုလ်တစ်ဦးချင်းအတွက်ရော အလားအလာ မကောင်းဘူး။

သေချာတယ်။ CRPH နဲ့ NUG က ထင်နေသလို၊ မျှော်လင့်ထားသလို ဘယ်တော့မှ ဖြစ်မလာဘူး။ အပြစ်မဲ့ပြည်သူတွေကို လမ်းပေါ်ဆွဲတင်တာ ရပ်ကြပါတော့။ ကိုယ့်ဘာသာကိုယ် အစိုးရဖွဲ့၊ တကယ့်ဘဝက ဝရမ်းပြေး၊ ဟိုဟာရေးတင် ဒီဟာရေးတင်၊ မသိနားမလည်တဲ့ ပြည်သူလူထုနဲ့လူငယ်တွေကို မြှောက်ပင့်လှုံ့ဆော်ပြီး ဒုက္ခမပေးကြပါနဲ့တော့။ ဆူပူအကြမ်းဖက် အဖျက်အမှောင့်လုပ်လို့ လုံခြုံရေးက ထိန်းသိမ်းရှင်းသေဆုံးနေကြတဲ့အတွက် ခင်ဗျားတို့က တရားခံတွေ ဖြစ်နေတယ်။

ဘာ့ကြောင့်လဲဆိုတော့ ခုချိန်ထိ ပြည်သူလူထုကို “တောင့်ခံထားကြပါ၊ နေ့စဉ် လမ်းပေါ်ထွက်ပြီး ဆန္ဒပြနေတာကို ဆက်လုပ်ပေးကြပါ” စသည်ဖြင့် သွေးထိုးလှုံ့ဆော်နေကြလို့ အပြစ်မဲ့ပြည်သူတွေ ဒုက္ခရောက်ကြတာပါ။ ခင်ဗျားတို့မှာ တာဝန်ရှိမယ်။

နိုင်ငံတော်အစိုးရနဲ့ လုံခြုံရေးတာဝန်ရှိသူတွေကတော့ တည်ငြိမ်အေးချမ်းရေးနဲ့ တရားဥပဒေစိုးမိုးရေးကို ဥပဒေနဲ့အညီ ထိန်းထိန်းသိမ်းသိမ်း လုပ်သွားရမှာပဲ။ မလုပ်လို့လည်း မရဘူး။ ဒါက တာဝန်ပဲ။ ဒါ့ကြောင့် ပြောတာ။ အပြစ်မဲ့ပြည်သူတွေ ဒုက္ခရောက်ရတာ ဥပဒေအရ တာဝန်အရ လုပ်ရတဲ့ အဖွဲ့အစည်းမှာ တာဝန်မရှိဘူး။ လူထုကို ဆူပူအုံကြွအောင် လုပ်ပေးနေ၊ မြှောက်ပေးနေတဲ့ သူတွေမှာပဲ တာဝန်ရှိတယ်။ ဒါ့ကြောင့် ဒီအတိုင်းသာ ဆက်လုပ်နေမယ်ဆိုရင် ငါတို့ဘဝလားရာက ဘယ်လဲဆိုတာလေးလည်း တွေးကြပါဦးလို့ သတိပေးပါရစေ။

တကယ်တော့ CRPH နဲ့ NUG ဆိုတာ နာမ်ပဲရှိတယ်။ ရုပ်မရှိဘူး။ ဝိညာဉ်ပဲရှိတယ်။ စမ်းသပ်ကိုင်တွယ် ထိတွေ့လို့မရတဲ့ အကောင်အထည်ဘာမှမရှိဘူး။ ရေရေရာရာ ဖြစ်စရာဆိုလည်း ဝေလာဝေး။ စိတ်ကူးယဉ်အိပ်မက်မက်ပြီး လေထဲတိုက်အိမ်ဆောက်နေကြတာဆိုတာ သိဖို့ကောင်းပြီ။ ဒုက္ခတွေနဲ့ရင်းနှီးပြီး မဖြစ်နိုင်တာကို ဆက်လုပ်နေတာလောက် မိုက်မဲရူးသွပ်တာရှိမယ် မထင်ပါဘူး။

ဒါ့ကြောင့် မဟုတ်တာလုပ်နေကြသူတွေ၊ နိုင်ငံကို ဖျက်ဆီးနေကြသူတွေ၊ ပြည်သူလူထုကို ဆင်းရဲဒုက္ခရောက်အောင် လုပ်နေကြသူတွေအားလုံး အမှားထဲက ရုန်းထွက်ကြပါတော့။ အမှန်တရားကို ရဲရဲဝံ့ဝံ့ရင်ဆိုင်ပြီး နိုင်ငံနဲ့ ပြည်သူလူထုအကျိုးကို ဦးတည်လုပ်ဆောင်ကြပါလို့ ပြောပါရစေ။ တိုင်းရင်းသားပြည်သူလူထုတွေနဲ့ အပြစ်မဲ့တဲ့ လူငယ်များလည်း အဖျက်အမှောင့် ဝါဒမှိုင်းများမှ ကင်းလွတ်ပြီး နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အုတ်တစ်ချပ် သဲတစ်ပွင့်အဖြစ် အကျိုးပြုနိုင်ကြပါစေကြောင်း တိုက်တွန်းရေးသားလိုက်ရပါတယ်။

> ❑ **တကယ်တော့ CRPH နဲ့ NUG ဆိုတာ နာမ်ပဲရှိတယ်။ ရုပ်မရှိဘူး။ ဝိညာဉ်ပဲရှိတယ်။ စမ်းသပ်ကိုင်တွယ် ထိတွေ့လို့မရတဲ့ အကောင်အထည်ဘာမှမရှိဘူး။ ရေရေရာရာဖြစ်စရာ ဆိုလည်း ဝေလာဝေး။ စိတ်ကူးယဉ်အိပ်မက်မက်ပြီး လေထဲတိုက်အိမ်ဆောက်နေကြတာ ဆိုတာ သိဖို့ကောင်းပြီ။ ဒုက္ခတွေနဲ့ရင်းနှီးပြီး မဖြစ်နိုင်တာကို ဆက်လုပ်နေတာလောက် မိုက်မဲရူးသွပ်တာရှိမယ် မထင်ပါဘူး**

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ သတင်းထုတ်ပြန်ချက်

## ၂၀၂၃ ခုနှစ်၊ ဧပြီလ ၂၆ ရက်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲနှင့်စပ်လျဉ်း၍ ကချင်ပြည်နယ်၊ မိုးညှင်းမြို့နယ်၊ မိုးကောင်းမြို့နယ်နှင့် မံစီမြို့နယ်တို့၏ မဲဆန္ဒရှင်စာရင်းများနှင့် ဆန္ဒမဲလက်မှတ်များ ထုတ်ယူ/ ရရှိ/ သုံးစွဲ/ လက်ကျန် မြေပြင်အခြေအနေများကို စစ်ဆေးခဲ့သည်။

၂။ မြို့နယ်အလိုက် မဲဆန္ဒရှင်စာရင်း စစ်ဆေးတွေ့ရှိချက်များမှာ အောက်ပါအတိုင်း ဖြစ်သည်-

### မြို့နယ်အလိုက် မဲဆန္ဒရှင်စာရင်းများ စိစစ်တွေ့ရှိမှု

| စဉ် | မြို့နယ်နှင့် မဲရုံအရေအတွက် | မြို့နယ် ကော်မရှင် စာရင်း | လဝက စာရင်း | နိုင်ငံသား စိစစ်ရေး ကတ်မရှိဘဲ မဲစာရင်းတွင် ပါဝင်နေသူများ | နိုင်ငံသား စိစစ်ရေးကတ် တစ်ခုတည်းဖြင့် မဲစာရင်း ၃ကြိမ်နှင့် အထက် ပါဝင်နေသူများ | နိုင်ငံသား စိစစ်ရေးကတ် တစ်ခုတည်းဖြင့် မဲစာရင်း ၂ကြိမ် ပါဝင်နေသူများ |
|---|---|---|---|---|---|---|
| ၁ | ကချင်ပြည်နယ် မိုးညှင်းမြို့နယ် မဲရုံ ၁၀၆ ရုံ | ၁၆၀၈၂၃ | ၁၁၀၄၀၉ | ၁၃၄၈၈ | ၁၃၄၈ | ၁၆၈၁၈ |
| ၂ | ကချင်ပြည်နယ် မိုးကောင်းမြို့နယ် မဲရုံ ၇၀ ရုံ | ၁၀၄၅၃၅ | ၇၆၀၆၆ | ၆၀၉၉၆ | ၃၉ | ၁၈၉၀ |
| ၃ | ကချင်ပြည်နယ် မံစီမြို့နယ် မဲရုံ ၃၉ ရုံ | ၄၂၅၈၁ | ၆၃၆၃၃ | ၃၅၆၅ | ၂၀၂ | ၃၀၉၄ |

၃။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် လွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၅၃ အရ ကချင်ပြည်နယ်၊ မိုးညှင်းမြို့နယ်၊ မိုးကောင်းမြို့နယ်နှင့် မံစီမြို့နယ်တို့၏ ပြည်သူ့လွှတ်တော် ရွေးကောက်ပွဲတွင် အသုံးပြုခဲ့သည့် ဆန္ဒမဲလက်မှတ်များ ထုတ်ယူ/ ရရှိ/ သုံးစွဲ/ လက်ကျန်အခြေအနေများကို သက်ဆိုင်ရာမြို့နယ်အလိုက် ယခင်မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်ရဲတပ်ဖွဲ့မှူး၊ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနဦးစီးမှူး၊ မြို့နယ်အုပ်ချုပ်ရေးမှူးတို့နှင့်အတူ သက်ဆိုင်ရာ မြို့နယ်များရှိ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ၏ ရှေ့မှောက်တွင် မြေပြင်ဖွင့်ဖောက်စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ပါသည်။

၄။ မြေပြင်စစ်ဆေးချက်များအရ အဆိုပါ ၃ မြို့နယ်တွင် မဲရုံပေါင်း ၂၁၅ ရုံ၊ စုစုပေါင်း ထုတ်ယူရရှိခဲ့သော ဆန္ဒမဲလက်မှတ်အရေအတွက်မှာ ၃၄၄၃၅၂ ဖြစ်ပြီး မဲပေးအသုံးပြုခဲ့သော လက်မှတ်ဖြတ်ပိုင်းများမှာ ၂၁၄၄၅၆၊ ကျန်ရှိရမည့်အရေအတွက်မှာ ၁၂၉၈၉၆၊ မြေပြင်လက်ကျန် ၁၂၉၈၉၀ ဖြစ်ကြောင်း စိစစ်တွေ့ရှိရသည်။ ကွာခြားချက်အနေဖြင့် ကျန်ရှိရမည့် အရေအတွက်ထက် လျော့နည်းပျောက်ဆုံးနေသော မဲလက်မှတ်အရေအတွက် ၃၅၂၆ ဖြစ်ပြီး၊ အပိုတွေ့ရှိရသော မဲလက်မှတ်အရေအတွက်မှာ ၃၅၂၀ ဖြစ်သည်။ မြို့နယ်အလိုက် ဆန္ဒမဲလက်မှတ်များ လျော့နည်းပျောက်ဆုံးခြင်း၊ တရားမဝင် အပိုရရှိနေခြင်းတို့ကို တွေ့ရှိရသည်။ မြို့နယ်အလိုက် စိစစ်တွေ့ရှိချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

### မြို့နယ်အလိုက် ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ်များ မြေပြင်စစ်ဆေးတွေ့ရှိချက်

| စဉ် | မြို့နယ် | မဲရုံ ပေါင်း | ထုတ်ယူ ရရှိ | အသုံး ပြု | ကျန်ရမည့် မဲလက်မှတ် | မြေပြင် လက် ကျန် | ကွာခြားချက် | |
|---|---|---|---|---|---|---|---|---|
| | | | | | | | ပျောက် ဆုံး | ပို |
| ၁ | မိုးညှင်းမြို့နယ် | ၁၀၆ | ၁၇၉၇၄၁ | ၁၁၃၀၉၅ | ၆၆၆၄၆ | ၆၆၇၁၅ | ၃၃၈၆ | ၃၄၅၅ |
| ၂ | မိုးကောင်းမြို့နယ် | ၇၀ | ၁၁၇၁၀၁ | ၇၀၂၇၂ | ၄၆၈၂၉ | ၄၆၇၈၂ | ၈၇ | ၄၀ |
| ၃ | မံစီမြို့နယ် | ၃၉ | ၄၇၅၁၀ | ၃၁၀၈၉ | ၁၆၄၂၁ | ၁၆၃၉၃ | ၅၃ | ၂၅ |
| | စုစုပေါင်း | ၂၁၅ | ၃၄၄၃၅၂ | ၂၁၄၄၅၆ | ၁၂၉၈၉၆ | ၁၂၉၈၉၀ | ၃၅၂၆ | ၃၅၂၀ |

### မိုးညှင်းမြို့နယ် ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ်များ မြေပြင်စစ်ဆေးတွေ့ရှိချက်

၅။ မြေပြင်စစ်ဆေးချက်များအရ ကချင်ပြည်နယ်၊ မိုးညှင်းမြို့နယ်တွင် ရပ်ကွက် ၂၂ ရပ်ကွက်၊ ကျေးရွာအုပ်စု ၃၈ အုပ်စုတို့ရှိ မဲရုံပေါင်း ၁၀၆ ရုံမှ ထုတ်ယူခဲ့သော ဆန္ဒမဲလက်မှတ် အရေအတွက်မှာ ၁၆၄၃၅၀ ဖြစ်ပြီး မဲပေးအသုံးပြုခဲ့သော ဆန္ဒမဲလက်မှတ်ဖြတ်ပိုင်းမှာ ၁၁၂၁၉၅ ဖြစ်သဖြင့် ကျန်ရှိရမည့် အရေအတွက်မှာ ၅၂၁၅၅ ဖြစ်သော်လည်း မြေပြင်လက်ကျန်မှာ ၅၁၈၂၈ ဖြစ်ကြောင်း စစ်ဆေးတွေ့ရှိရပါသည်။ မဲရုံများအလိုက် ဆန္ဒမဲလက်မှတ်အပိုများနှင့် ပျောက်ဆုံးနေမှုများ တွေ့ရှိရပြီး စိစစ်တွေ့ရှိချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

| စဉ် | အကြောင်းအရာ | ထုတ်ယူ ရရှိ | အသုံး ပြု | ကျန်ရ မည့်မဲ လက်မှတ် | မြေပြင် လက် ကျန် | ကွာခြားချက် | |
|---|---|---|---|---|---|---|---|
| | | | | | | ပျောက်ဆုံး | ပို |
| ၁ | ရပ်/ကျေးမဲလက်မှတ် | ၁၆၄၃၅၀ | ၁၁၂၁၉၅ | ၅၂၁၅၅ | ၅၁၈၂၈ | ၃၃၈၆ | ၃၀၅၉ |
| ၂ | မြို့နယ်မဲလက်မှတ် | ၁၅၃၉၁ | ၉၀၀ | ၁၄၄၉၁ | ၁၄၈၈၇ | - | ၃၉၆ |
| | စုစုပေါင်း | ၁၇၉၇၄၁ | ၁၁၃၀၉၅ | ၆၆၆၄၆ | ၆၆၇၁၅ | ၃၃၈၆ | ၃၄၅၅ |

၆။ မိုးညှင်းမြို့နယ်၊ ရပ်ကွက် ၂၂ ရပ်ကွက်နှင့် ကျေးရွာအုပ်စု ၃၈ အုပ်စုရှိ မဲရုံ ၁၀၆ ရုံတွင် ဆန္ဒမဲလက်မှတ်အရေအတွက် ၃၃၈၆ ပျောက်ဆုံးနေပြီး ၃၀၅၉ ပိုနေသည်ကို စစ်ဆေးတွေ့ရှိရပါသည်။ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲတွင် ကျန်ရှိရမည့် ဆန္ဒမဲလက်မှတ်မှာ ၁၄၄၉၁ ဖြစ်ပြီး မြေပြင်လက်ကျန်မှာ ၁၄၈၈၇ ဖြစ်သဖြင့် ဆန္ဒမဲလက်မှတ် ၃၉၆ ပိုနေကြောင်း စစ်ဆေးတွေ့ရှိရပါသည်။

၇။ မိုးညှင်းမြို့နယ် ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ်များ ရပ်ကွက်/ကျေးရွာအုပ်စုအလိုက် မြေပြင်စစ်ဆေးတွေ့ရှိချက်မှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

| စဉ် | ရပ်ကွက်/ကျေးရွာအုပ်စု | မဲရုံ ပေါင်း | ထုတ်ယူ ရရှိ | အသုံး ပြု | ကျန်ရ မည့်မဲ လက်မှတ် | မြေပြင် လက် ကျန် | ကွာခြားချက် | |
|---|---|---|---|---|---|---|---|---|
| | | | | | | | ပျောက် ဆုံး | ပို |
| ၁ | နန့်ခါရပ်ကွက် | ၂ | ၅၉၀၀ | ၄၄၁၅ | ၁၄၈၅ | ၁၇၃၇ | | ၂၅၂ |
| ၂ | မြို့မရပ်ကွက် | ၂ | ၄၇၀၀ | ၃၂၃၂ | ၁၄၆၈ | ၈၁၉ | ၆၄၉ | |
| ၃ | အုတ်ကျင်းရပ်ကွက် | ၂ | ၄၂၅၀ | ၂၆၀၆ | ၁၆၄၄ | ၁၆၄၅ | | ၁ |
| ၄ | အရှေ့စုရပ်ကွက် | ၂ | ၅၄၀၀ | ၃၆၄၆ | ၁၇၅၄ | ၁၇၅၂ | ၂ | |
| ၅ | အောင်သပြေရပ်ကွက် | ၂ | ၆၅၀၀ | ၂၇၇၇ | ၃၇၂၃ | ၁၈၇၃ | ၁၈၅၀ | |
| ၆ | ပင်လုံကျေးရွာအုပ်စု | ၄ | ၃၂၅၀ | ၂၃၇၆ | ၈၇၄ | ၉၂၄ | | ၅၀ |
| ၇ | မော်ဟန်ကျေးရွာအုပ်စု | ၃ | ၅၄၅၀ | ၃၇၅၄ | ၁၆၉၆ | ၁၄၄၆ | ၂၅၀ | |
| ၈ | ညောင်ကိုင်းကျေးရွာအုပ်စု | ၁ | ၁၆၀၀ | ၁၁၉၇ | ၄၀၃ | ၄၀၇ | | ၄ |
| ၉ | ကာတူကျေးရွာအုပ်စု | ၁ | ၁၁၅၀ | ၈၄၈ | ၃၀၂ | ၃၅၃ | | ၅၁ |
| ၁၀ | ဆယ်မိုင်ကျေးရွာအုပ်စု | ၁ | ၂၃၀၀ | ၁၈၀၇ | ၄၉၃ | ၁၁၉၃ | | ၇၀၀ |
| ၁၁ | နန့်ပုတ်ကျေးရွာအုပ်စု | ၁ | ၂၅၀၀ | ၁၆၃၂ | ၈၆၈ | ၈၇၃ | | ၅ |
| ၁၂ | ရွာသစ်ကုန်းကျေးရွာအုပ်စု | ၁ | ၂၈၀၀ | ၁၉၄၉ | ၈၅၁ | ၈၅၁ | | |
| ၁၃ | အင်ကြင်းကုန်းကျေးရွာအုပ်စု | ၂ | ၁၈၀၀ | ၁၂၉၀ | ၅၁၀ | ၅၁၀ | | |
| ၁၄ | ညောင်ကုန်းကျေးရွာအုပ်စု | ၁ | ၁၈၀၀ | ၁၁၇၂ | ၆၂၈ | ၆၃၂ | | ၄ |
| ၁၅ | ပင်းဟဲကျေးရွာအုပ်စု | ၂ | ၃၄၀၀ | ၂၄၁၃ | ၉၈၇ | ၁၀၄၁ | | ၅၄ |
| ၁၆ | ဘီလူးကျေးရွာအုပ်စု | ၄ | ၅၉၅၀ | ၄၀၅၉ | ၁၈၉၁ | ၁၄၃၇ | ၄၅၄ | |
| ၁၇ | ဟဲလုံကျေးရွာအုပ်စု | ၃ | ၄၄၅၀ | ၃၁၂၇ | ၁၃၂၃ | ၁၃၁၃ | ၁၀ | |
| ၁၈ | ညောင်ကုန်းရပ်ကွက် | ၁ | ၂၁၅၀ | ၁၆၃၁ | ၅၁၉ | ၇၁၇ | | ၁၉၈ |
| ၁၉ | မြို့မရန်အောင်ရပ်ကွက် | ၁ | ၁၈၅၀ | ၁၂၈၀ | ၅၇၀ | ၆၁၄ | | ၄၄ |
| ၂၀ | ရှမ်းစုရပ်ကွက် | ၁ | ၁၄၅၀ | ၁၁၅၆ | ၂၉၄ | ၂၉၄ | | |
| ၂၁ | နန်းသာယာရပ်ကွက် | ၁ | ၂၅၀၀ | ၁၈၀၅ | ၆၉၅ | ၇၅၁ | | ၅၆ |
| ၂၂ | ချောင်းသာရပ်ကွက် | ၁ | ၁၀၅၀ | ၆၇၉ | ၃၇၁ | ၃၆၉ | ၂ | |
| ၂၃ | လက်ပံတန်းကျေးရွာအုပ်စု | ၁ | ၇၅၀ | ၅၆၇ | ၁၈၃ | ၁၈၃ | | |
| ၂၄ | အလယ်တောကျေးရွာအုပ်စု | ၁ | ၁၂၀၀ | ၈၄၈ | ၃၅၂ | ၃၅၅ | | ၃ |
| ၂၅ | တောင်အင်းကျေးရွာအုပ်စု | ၁ | ၈၀၀ | ၅၆၄ | ၂၃၆ | ၂၃၄ | ၂ | |
| ၂၆ | နန့်စော်လော်ကျေးရွာအုပ်စု | ၁ | ၁၄၅၀ | ၁၀၈၃ | ၃၆၇ | ၄၂၁ | | ၅၄ |
| ၂၇ | အင်းကုန်းကျေးရွာအုပ်စု | ၂ | ၄၀၀၀ | ၂၈၀၆ | ၁၁၉၄ | ၁၁၄၄ | ၅၀ | |
| ၂၈ | လယ်မှီးကျေးရွာအုပ်စု | ၄ | ၄၆၅၀ | ၃၃၅၆ | ၁၂၉၄ | ၁၂၉၅ | | ၁ |
| ၂၉ | မြို့မမြောက်ရပ်ကွက် | ၂ | ၅၄၅၀ | ၂၇၄၁ | ၂၇၀၉ | ၂၇၀၉ | | |
| ၃၀ | မြို့မတောင်ရပ်ကွက် | ၂ | ၄၄၅၀ | ၂၈၇၂ | ၁၅၇၈ | ၁၅၇၈ | | |
| ၃၁ | မြဇေယျာရပ်ကွက် | ၂ | ၅၃၅၀ | ၂၈၇၀ | ၂၄၈၀ | ၂၄၈၀ | | |
| ၃၂ | မြသီတာရပ်ကွက် | ၂ | ၄၂၀၀ | ၃၀၁၃ | ၁၁၈၇ | ၁၂၄၃ | | ၅၆ |
| ၃၃ | နန့်ရင်းကျေးရွာအုပ်စု | ၁ | ၂၈၀၀ | ၁၇၇၅ | ၁၀၂၅ | ၁၀၁၇ | ၈ | |
| ၃၄ | တကွင်းကျေးရွာအုပ်စု | ၃ | ၅၁၀၀ | ၂၉၇၃ | ၂၁၂၇ | ၂၁၂၀ | ၇ | |
| ၃၅ | ကြာကြီးကွင်းကျေးရွာအုပ်စု | ၂ | ၂၆၀၀ | ၁၉၆၄ | ၆၃၆ | ၆၄၄ | | ၈ |

စာမျက်နှာ ၁၁ သို့

စာမျက်နှာ ၁၀ မှ



မံစီမြို့နယ် ဆန္ဒမဲလက်မှတ် မြေပြင်စစ်ဆေးမှုမှတ်တမ်း။

| စဉ် | ရပ်ကွက်/ကျေးရွာအုပ်စု | မဲရုံပေါင်း | ထုတ်ယူရရှိ | အသုံးပြု | ကျန်ရမည့်မဲလက်မှတ် | မြေပြင်လက်ကျန် | ကွာခြားချက် | |
|---|---|---|---|---|---|---|---|---|
| | | | | | | | ပျောက်ဆုံး | ပို |
| ၃၆ | ရွာသစ်ကြီးကျေးရွာအုပ်စု | ၂ | ၃၆၀၀ | ၂၂၉၀ | ၁၃၁၀ | ၁၃၆၂ | | ၅၂ |
| ၃၇ | ဇောတိကုန်းကျေးရွာအုပ်စု | ၁ | ၁၀၀၀ | ၆၉၉ | ၃၀၁ | ၃၀၁ | | |
| ၃၈ | ခုနှစ်မိုင်ကျေးရွာအုပ်စု | ၂ | ၁၅၀၀ | ၁၁၄၀ | ၃၆၀ | ၅၁၀ | | ၁၅၀ |
| ၃၉ | မြို့သစ်ကလေးကျေးရွာအုပ်စု | ၃ | ၃၁၅၀ | ၂၂၈၈ | ၈၆၂ | ၉၆၂ | | ၁၀၀ |
| ၄၀ | အင်းလေးကျေးရွာအုပ်စု | ၁ | ၁၁၅၀ | ၉၀၇ | ၂၄၃ | ၂၉၈ | | ၅၅ |
| ၄၁ | ရပ်ကွက်(၁) (နန့်မွန်းမြို့) | ၁ | ၁၈၅၀ | ၁၃၉၆ | ၄၅၄ | ၄၅၄ | | |
| ၄၂ | ရပ်ကွက်(၂) (နန့်မွန်းမြို့) | ၁ | ၂၆၅၀ | ၁၉၂၄ | ၇၂၆ | ၇၇၆ | | ၅၀ |
| ၄၃ | ရပ်ကွက်(၃) (နန့်မွန်းမြို့) | ၁ | ၁၇၅၀ | ၁၂၇၆ | ၄၇၄ | ၄၇၄ | | |
| ၄၄ | ရပ်ကွက်(၄) (နန့်မွန်းမြို့) | ၁ | ၁၅၀၀ | ၈၀၅ | ၆၉၅ | ၇၉၅ | | ၁၀၀ |
| ၄၅ | ဆန္ဒင်းကုန်းကျေးရွာအုပ်စု | ၁ | ၁၆၀၀ | ၁၃၇၀ | ၂၃၀ | ၂၈၀ | | ၅၀ |
| ၄၆ | ရွှေလက်ပံကျေးရွာအုပ်စု | ၁ | ၇၀၀ | ၅၅၀ | ၁၅၀ | ၁၅၀ | | |
| ၄၇ | မမုန်ကိုင်ကျေးရွာအုပ်စု | ၃ | ၅၈၀၀ | ၃၉၆၀ | ၁၈၄၀ | ၁၇၄၀ | ၁၀၀ | |
| ၄၈ | ရွှေအင်းသာရပ်ကွက် | ၁ | ၄၅၀ | ၃၉၈ | ၅၂ | ၅၇ | | ၅ |
| ၄၉ | ရွှေပြည်သာရပ်ကွက် | ၁ | ၃၀၀ | ၂၀၆ | ၉၄ | ၉၄ | | |
| ၅၀ | ရွှေချောင်းသာရပ်ကွက် | ၁ | ၃၅၀ | ၂၁၀ | ၁၄၀ | ၁၄၀ | | |
| ၅၁ | တောင်တန်းသာရပ်ကွက် | ၁ | ၅၀၀ | ၃၆၃ | ၁၃၇ | ၁၉၇ | | ၆၀ |
| ၅၂ | ကုန်းမနကျေးရွာအုပ်စု | ၁ | ၁၂၅၀ | ၉၈၈ | ၂၆၂ | ၂၆၂ | | |
| ၅၃ | လွဲမွန်ကျေးရွာအုပ်စု | ၃ | ၃၀၀၀ | ၂၁၉၂ | ၈၀၈ | ၉၀၆ | | ၉၈ |
| ၅၄ | ညောင်ပင်ကျေးရွာအုပ်စု | ၃ | ၃၃၀၀ | ၂၆၆၈ | ၆၃၂ | ၉၈၀ | | ၃၄၈ |
| ၅၅ | လုံးစန့်ကျေးရွာအုပ်စု | ၂ | ၂၂၅၀ | ၁၆၂၇ | ၆၂၃ | ၆၂၃ | | |
| ၅၆ | ချောင်းဝကျေးရွာအုပ်စု | ၁ | ၁၄၅၀ | ၁၀၉၆ | ၃၅၄ | ၃၅၂ | ၂ | |
| ၅၇ | မပြင်ကျေးရွာအုပ်စု | ၃ | ၂၅၅၀ | ၁၈၂၀ | ၇၃၀ | ၇၃၀ | | |
| ၅၈ | ပန်းလားကျေးရွာအုပ်စု | ၃ | ၂၇၅၀ | ၂၀၉၆ | ၆၅၄ | ၈၀၄ | | ၁၅၀ |
| ၅၉ | ဟဲပုကျေးရွာအုပ်စု | ၃ | ၃၆၅၀ | ၂၈၄၁ | ၈၀၉ | ၁၀၀၇ | | ၁၉၈ |
| ၆၀ | မိုင်းပုတ်ကျေးရွာအုပ်စု | ၂ | ၁၃၀၀ | ၈၀၂ | ၄၉၈ | ၆၀၀ | | ၁၀၂ |
| | ရပ်/ကျေးချုပ်စုစုပေါင်း | ၁၀၆ | ၁၆၄၃၅၀ | ၁၁၂၁၉၅ | ၅၂၁၅၅ | ၅၁၈၂၈ | ၃၃၈၆ | ၃၀၅၉ |
| | မြို့နယ်လက်ကျန်မဲလက်မှတ် | | ၁၅၃၉၁ | ၉၀၀ | ၁၄၄၉၁ | ၁၄၈၈၇ | | ၃၉၆ |
| | မြို့နယ်ချုပ်စုစုပေါင်း | ၁၀၆ | ၁၇၉၇၄၁ | ၁၁၃၀၉၅ | ၆၆၆၄၆ | ၆၆၇၁၅ | ၃၃၈၆ | ၃၄၅၅ |

## မိုးကောင်းမြို့နယ် ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ်များ မြေပြင်စစ်ဆေးတွေ့ရှိချက်

၈။ မြေပြင်စစ်ဆေးချက်များအရ ကချင်ပြည်နယ်၊ မိုးကောင်းမြို့နယ်တွင် ရပ်ကွက် ၁၄ ရပ်ကွက်၊ ကျေးရွာအုပ်စု ၃၆ အုပ်စုတို့ရှိ မဲရုံပေါင်း ၇၀ ရုံမှ ထုတ်ယူခဲ့သော ဆန္ဒမဲလက်မှတ် အရေအတွက်မှာ ၁၀၇၈၅၀ ဖြစ်ပြီး မဲပေးအသုံးပြုခဲ့သော လက်မှတ်ဖြတ်ပိုင်းများမှာ ၆၉၄၉၂ ဖြစ်သဖြင့်၊ ကျန်ရှိရမည့် အရေအတွက်မှာ ၃၈၃၅၈ ဖြစ်သော်လည်း မြေပြင်လက်ကျန်မှာ ၃၈၃၁၁ ဖြစ်ကြောင်း စစ်ဆေးတွေ့ရှိရပါသည်။ မဲရုံများအလိုက် ဆန္ဒမဲလက်မှတ်အပိုများနှင့် ပျောက်ဆုံးနေမှုများတွေ့ရှိရပြီး စိစစ်တွေ့ရှိချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

| စဉ် | အကြောင်းအရာ | ထုတ်ယူရရှိ | အသုံးပြု | ကျန်ရမည့်မဲလက်မှတ် | မြေပြင်လက်ကျန် | ကွာခြားချက် | |
|---|---|---|---|---|---|---|---|
| | | | | | | ပျောက်ဆုံး | ပို |
| ၁ | ရပ်/ကျေးမဲလက်မှတ် | ၁၀၇၈၅၀ | ၆၉၄၉၂ | ၃၈၃၅၈ | ၃၈၃၁၁ | ၈၇ | ၄၀ |
| ၂ | မြို့နယ်မဲလက်မှတ် | ၉၂၅၁ | ၇၈၀ | ၈၄၇၁ | ၈၄၇၁ | | |
| | စုစုပေါင်း | ၁၁၇၁၀၁ | ၇၀၂၇၂ | ၄၆၈၂၉ | ၄၆၇၈၂ | ၈၇ | ၄၀ |



မိုးကောင်းမြို့နယ် ဆန္ဒမဲလက်မှတ် မြေပြင်စစ်ဆေးမှုမှတ်တမ်း။

၉။ မိုးကောင်းမြို့နယ်၊ ရပ်ကွက် ၁၄ ရပ်ကွက်နှင့် ကျေးရွာအုပ်စု ၃၆ အုပ်စု၊ မဲရုံ ၇၀ ရုံတွင် ဆန္ဒမဲလက်မှတ် အရေအတွက် ၈၇ စောင် ပျောက်ဆုံးနေပြီး ဆန္ဒမဲလက်မှတ် အစောင် ၄၀ ပိုနေ သည်ကို စစ်ဆေးတွေ့ရှိရပါသည်။ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲတွင် မြေပြင်လက်ကျန် ဆန္ဒမဲလက်မှတ် ၈၄၇၁ စစ်ဆေးတွေ့ရှိရသဖြင့် ကျန်ရှိရမည့်အရေအတွက်နှင့် ကိုက်ညီကြောင်း တွေ့ရှိရပါသည်။

၁၀။ ကချင်ပြည်နယ်၊ မိုးကောင်းမြို့နယ် ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ်များ ရပ်ကွက်/ ကျေးရွာအုပ်စု အလိုက် မြေပြင်စစ်ဆေးတွေ့ရှိချက်မှာ အောက်ပါအတိုင်းဖြစ်ပါသည်-

| စဉ် | ရပ်ကွက်/ကျေးရွာအုပ်စု | မဲရုံပေါင်း | ထုတ်ယူရရှိ | အသုံးပြု | ကျန်ရမည့်မဲလက်မှတ် | မြေပြင်လက်ကျန် | ကွာခြားချက် | |
|---|---|---|---|---|---|---|---|---|
| | | | | | | | ပျောက်ဆုံး | ပို |
| ၁ | နန့်ရင်းရပ်ကွက် | ၁ | ၁၇၅၀ | ၁၁၇၆ | ၅၇၄ | ၅၇၆ | | ၂ |
| ၂ | အလယ်ရပ်ရပ်ကွက် | ၁ | ၁၀၅၀ | ၆၅၂ | ၃၉၈ | ၃၉၈ | | |
| ၃ | အရှေ့ရပ်ရပ်ကွက် | ၁ | ၉၀၀ | ၅၉၄ | ၃၀၆ | ၃၀၈ | | ၂ |
| ၄ | နတ်ကြီးကုန်းရပ်ကွက် | ၂ | ၄၁၅၀ | ၂၇၇၇ | ၁၃၇၃ | ၁၃၆၇ | ၆ | |
| ၅ | နောင်ကိုင်တော်ရပ်ကွက် | ၂ | ၄၅၀၀ | ၂၉၂၀ | ၁၅၈၀ | ၁၅၇၅ | ၅ | |
| ၆ | ပင်းခါးကျေးရွာအုပ်စု | ၁ | ၅၀၀ | ၂၁၈ | ၂၈၂ | ၂၈၂ | | |
| ၇ | ကြာအင်းကျေးရွာအုပ်စု | ၁ | ၉၀၀ | ၅၈၁ | ၃၁၉ | ၃၁၉ | | |
| ၈ | ကျွန်းပင်သာကျေးရွာအုပ်စု | ၂ | ၃၄၀၀ | ၁၉၂၉ | ၁၄၇၁ | ၁၄၆၃ | ၈ | |
| ၉ | ရေရှင်ကျေးရွာအုပ်စု | ၃ | ၃၃၀၀ | ၁၉၂၇ | ၁၃၇၃ | ၁၃၇၃ | | |
| ၁၀ | လွယ်လီယံကျေးရွာအုပ်စု | ၂ | ၁၄၅၀ | ၇၁၃ | ၇၃၇ | ၇၃၉ | | ၂ |
| ၁၁ | ညောင်ကုန်းကျေးရွာအုပ်စု | ၁ | ၅၅၀ | ၃၁၃ | ၂၃၇ | ၂၃၇ | | |
| ၁၂ | မြို့ဦးရပ်ကွက်(နမ္မတီး) | ၁ | ၁၉၅၀ | ၁၂၁၀ | ၇၄၀ | ၇၄၀ | | |
| ၁၃ | မြို့မရပ်ကွက်(နမ္မတီး) | ၂ | ၄၄၅၀ | ၂၅၀၂ | ၁၉၄၈ | ၁၈၉၈ | ၅၀ | |
| ၁၄ | မြို့လှရပ်ကွက်(နမ္မတီး) | ၁ | ၂၅၅၀ | ၁၆၀၆ | ၉၄၄ | ၉၄၆ | | ၂ |
| ၁၅ | မြို့သာယာရပ်ကွက်(နမ္မတီး) | ၂ | ၄၄၅၀ | ၂၆၉၂ | ၁၇၅၈ | ၁၇၅၆ | ၂ | |
| ၁၆ | သူဌေးကုန်းကျေးရွာအုပ်စု | ၁ | ၂၅၀၀ | ၁၈၀၄ | ၆၉၆ | ၆၉၂ | ၄ | |
| ၁၇ | မြဒေါင်ကျေးရွာအုပ်စု | ၁ | ၁၆၅၀ | ၁၁၉၉ | ၄၅၁ | ၄၅၁ | | |
| ၁၈ | ကံလှကျေးရွာအုပ်စု | ၁ | ၂၆၀၀ | ၁၆၄၇ | ၉၅၃ | ၉၅၅ | | ၂ |
| ၁၉ | လမ်းခွကျေးရွာအုပ်စု | ၂ | ၄၇၅၀ | ၂၅၈၇ | ၂၁၆၃ | ၂၁၆၃ | | |
| ၂၀ | မြို့သစ်ကြီးကျေးရွာအုပ်စု | ၁ | ၁၅၀၀ | ၁၀၈၁ | ၄၁၉ | ၄၁၇ | ၂ | |
| ၂၁ | ညောင်တောကျေးရွာအုပ်စု | ၁ | ၁၃၀၀ | ၈၁၂ | ၄၈၈ | ၄၈၈ | | |
| ၂၂ | မရမ်းကျေးရွာအုပ်စု | ၁ | ၂၇၀၀ | ၁၄၄၆ | ၁၂၅၄ | ၁၂၅၃ | ၁ | |
| ၂၃ | ဆီးဒင်ယံကျေးရွာအုပ်စု | ၁ | ၂၀၀ | ၁၁၆ | ၈၄ | ၈၄ | | |
| ၂၄ | အိုးတန်းရပ်ကွက် | ၁ | ၁၄၅၀ | ၁၁၀၆ | ၃၄၄ | ၃၄၄ | | |
| ၂၅ | ဈေးကုန်းရပ်ကွက် | ၁ | ၂၆၅၀ | ၁၅၅၂ | ၁၀၉၈ | ၁၁၀၀ | | ၂ |
| ၂၆ | ရွာသစ်ရပ်ကွက် | ၁ | ၁၈၅၀ | ၁၃၀၅ | ၅၄၅ | ၅၄၅ | | |
| ၂၇ | မြို့ဦးရပ်ကွက် | ၁ | ၁၈၀၀ | ၁၃၁၁ | ၄၈၉ | ၄၈၈ | ၁ | |
| ၂၈ | ကျွန်းတောရပ်ကွက် | ၂ | ၅၈၅၀ | ၃၂၆၇ | ၂၅၈၃ | ၂၅၈၃ | | |
| ၂၉ | လွဲလောကျေးရွာအုပ်စု | ၁ | ၉၀၀ | ၆၆၀ | ၂၄၀ | ၂၄၂ | | ၂ |
| ၃၀ | အုတ်ကျင်းကျေးရွာအုပ်စု | ၁ | ၄၀၀ | ၃၂၀ | ၈၀ | ၈၀ | | |
| ၃၁ | မန်ရွက်ကျေးရွာအုပ်စု | ၁ | ၂၈၀၀ | ၁၉၇၇ | ၈၂၃ | ၈၂၃ | | |
| ၃၂ | ဆောင်းခါကျေးရွာအုပ်စု | ၁ | ၄၀၀ | ၂၆၇ | ၁၃၃ | ၁၃၃ | | |
| ၃၃ | နန့်ဟိုင်ကျေးရွာအုပ်စု | ၃ | ၁၉၀၀ | ၁၀၃၁ | ၈၆၉ | ၈၈၂ | | ၁၃ |
| ၃၄ | ထိုပူးကျေးရွာအုပ်စု | ၁ | ၅၀၀ | ၃၉၀ | ၁၁၀ | ၁၁၂ | | ၂ |
| ၃၅ | ရွှေအင်းကျေးရွာအုပ်စု | ၁ | ၇၀၀ | ၅၄၅ | ၁၅၅ | ၁၅၆ | | ၁ |

စာမျက်နှာ ၁၂ သို့

❍ ကျောဖုံးမှ

လုပ်ငန်းကော်မတီဝင် ဒုတိယဗိုလ်ချုပ်ကြီး ခင်ဇော်ဦး(အငြိမ်းစား) တို့ တက်ရောက်ကြပြီး ဒီမိုကရေစီအကျိုးပြု ကရင်တပ်မတော်(DKBA) မှ စောမိုရှေး ဦးဆောင်သည့် အဖွဲ့ဝင်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်နှင့် ဒီမိုကရေစီအကျိုးပြု ကရင်တပ်မတော် (DKBA) မှ စောမိုရှေး တို့က နှုတ်ခွန်းဆက်စကားများ ပြောကြားကြသည်။

အလားတူ မွန်းလွဲပိုင်းတွင် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီနှင့် ကရင်အမျိုးသားအစည်းအရုံး/ ကရင်အမျိုးသားလွတ်မြောက်ရေး တပ်မတော်-ငြိမ်းချမ်းရေးကောင်စီ (KNU/KNLA-PC)တို့ ဆက်လက်တွေ့ဆုံ ဆွေးနွေးခဲ့ရာ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်၊ ကော်မတီဝင်များ၊ ကော်မတီအတွင်းရေးမှူးနှင့် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု လုပ်ငန်းကော်မတီဝင် ဒုတိယဗိုလ်ချုပ်ကြီး ခင်ဇော်ဦး (အငြိမ်းစား)တို့ တက်ရောက်ကြပြီး ကရင်အမျိုးသားအစည်းအရုံး/ ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော်-ငြိမ်းချမ်းရေးကောင်စီ(KNU/KNLA-PC) အတွင်းရေးမှူးချုပ် နော်ကပေါ်ထူး ဦးဆောင်သည့် အဖွဲ့ဝင်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီ ဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်နှင့် ကရင်အမျိုးသားအစည်းအရုံး/ကရင်အမျိုးသားလွတ်မြောက်ရေး တပ်မတော်-ငြိမ်းချမ်းရေးကောင်စီ (KNU/KNLA-PC) အတွင်းရေးမှူးချုပ် နော်ကပေါ်ထူးတို့က နှုတ်ခွန်းဆက်စကားများ ပြောကြားကြသည်။



အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီနှင့် ကရင်အမျိုးသားအစည်းအရုံး/ ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော်-ငြိမ်းချမ်းရေးကောင်စီ (KNU/KNLA-PC)တို့ တွေ့ဆုံဆွေးနွေးပွဲတွင် ကရင်အမျိုးသားအစည်းအရုံး/ ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော်-ငြိမ်းချမ်းရေးကောင်စီ (KNU/KNLA-PC) အတွင်းရေးမှူးချုပ် နော်ကပေါ်ထူး နှုတ်ခွန်းဆက်စကား ပြောကြားစဉ်။

အစည်းအဝေးများတွင် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီအတွင်းရေးမှူးက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ငြိမ်းချမ်းရေးဆိုင်ရာကော်မတီများ ဖွဲ့စည်းအကောင်အထည်ဖော် ဆောင်ရွက်မှုများအား ရှင်းလင်းတင်ပြပြီး DKBA မှတာဝန်ရှိသူများ၊ (KNU/KNLA-PC) မှ တာဝန်ရှိသူများက ငြိမ်းချမ်းရေးနှင့်ဒေသဖွံ့ဖြိုးရေးဆိုင်ရာ ကိစ္စရပ်များကို တင်ပြကြသည်။

အစည်းအဝေးများတွင် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များအား NCA လမ်းကြောင်းအတိုင်း ဆက်လက်ဆောင်ရွက်သွားမည့် ကိစ္စရပ်များ၊ ဒေသဖွံ့ဖြိုးရေးအတွက် ကျေးလက်လမ်းများ၊ ကျေးရွာချင်းဆက်လမ်းများ တိုးတက်လုပ်ဆောင်ပေးနိုင်ရေး၊ ဒေသတွင်း ပြည်သူလူထုနှင့် တပ်ဖွဲ့ဝင်မိသားစုများအတွက် အလုပ်အကိုင်အခွင့်အလမ်းများ ရရှိစေရန် ဒေသနှင့် ကိုက်ညီသည့် စက်ရုံ/အလုပ်ရုံများ တည်ဆောက်နိုင်ရေး၊ ပညာရေး၊ ကျန်းမာရေးနှင့် စိုက်ပျိုးရေးလုပ်ငန်းများဆိုင်ရာ ကိစ္စရပ်များကို ညှိနှိုင်းဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

*စာမျက်နှာ ၁၁ မှ*

| စဉ် | ရပ်ကွက်/ ကျေးရွာအုပ်စု | မဲရုံ ပေါင်း | ထုတ်ယူ ရရှိ | အသုံး ပြု | ကျန်ရ မည့်မဲ လက်မှတ် | မြေပြင် လက် ကျန် | ကွာခြားချက် | |
|---|---|---|---|---|---|---|---|---|
| | | | | | | | ပျောက် ဆုံး | ပို |
| ၃၆ | အောင်သာကျေးရွာအုပ်စု | ၁ | ၅၀၀ | ၄၀၇ | ၉၃ | ၉၃ | | |
| ၃၇ | အင်းဘောင်းကျေးရွာအုပ်စု | ၁ | ၅၅၀ | ၄၇၃ | ၇၇ | ၇၇ | | |
| ၃၈ | ဆားမှော်ကျေးရွာအုပ်စု | ၃ | ၆၆၅၀ | ၄၀၄၅ | ၂၆၀၅ | ၂၆၀၅ | | |
| ၃၉ | ကညင်မြိုင်ကျေးရွာအုပ်စု | ၁ | ၂၄၅၀ | ၁၇၁၁ | ၇၃၉ | ၇၃၅ | ၄ | |
| ၄၀ | ကဝါးယံကျေးရွာအုပ်စု | ၁ | ၃၅၀ | ၂၁၂ | ၁၃၈ | ၁၃၈ | | |
| ၄၁ | တောင်နီကျေးရွာအုပ်စု | ၂ | ၃၀၅၀ | ၂၀၆၀ | ၉၉၀ | ၉၉၀ | | |
| ၄၂ | နမ္မနကျေးရွာအုပ်စု | ၁ | ၂၂၀၀ | ၁၄၀၀ | ၈၀၀ | ၈၀၄ | | ၄ |
| ၄၃ | ပင့်သာကျေးရွာအုပ်စု | ၁ | ၁၁၀၀ | ၆၈၄ | ၄၁၆ | ၄၁၆ | | |
| ၄၄ | အုန်းဘောင်ကျေးရွာအုပ်စု | ၁ | ၁၃၀၀ | ၈၂၁ | ၄၇၉ | ၄၇၉ | | |
| ၄၅ | သိုက်ဝါးကုန်းကျေးရွာအုပ်စု | ၁ | ၁၄၀၀ | ၁၀၈၂ | ၃၁၈ | ၃၁၈ | | |
| ၄၆ | အင်ကြင်းကုန်းကျေးရွာအုပ်စု | ၁ | ၁၂၅၀ | ၉၃၇ | ၃၁၃ | ၃၁၁ | ၂ | |
| ၄၇ | ပင်းဘောကျေးရွာအုပ်စု | ၅ | ၆၆၅၀ | ၄၉၂၇ | ၁၇၂၃ | ၁၇၂၁ | ၂ | |
| ၄၈ | ကုန်းတန်းကြီးကျေးရွာအုပ်စု | ၁ | ၂၁၀၀ | ၁၅၇၃ | ၅၂၇ | ၅၃၃ | | ၆ |
| ၄၉ | ထုံးရေပေါက်ကျေးရွာအုပ်စု | ၂ | ၁၉၀၀ | ၁၃၈၆ | ၅၁၄ | ၅၁၄ | | |
| ၅၀ | နန့်ခွင်ကျေးရွာအုပ်စု | ၁ | ၂၁၅၀ | ၁၅၄၁ | ၆၀၉ | ၆၀၉ | | |
| | ရပ်/ကျေးချုပ်စုစုပေါင်း | ၇၀ | ၁၀၇၈၅၀ | ၆၉၄၉၂ | ၃၈၃၅၈ | ၃၈၃၁၁ | ၈၇ | ၄၀ |
| | မြို့နယ်လက်ကျန်မဲလက်မှတ် | | ၉၂၅၁ | ၇၈၀ | ၈၄၇၁ | ၈၄၇၁ | | |
| | မြို့နယ်ချုပ်စုစုပေါင်း | ၇၀ | ၁၁၇၁၀၁ | ၇၀၂၇၂ | ၄၆၈၂၉ | ၄၆၇၈၂ | ၈၇ | ၄၀ |

## မံစီမြို့နယ် ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ်များ မြေပြင်စစ်ဆေးတွေ့ရှိချက်

၁၁။ မြေပြင်စစ်ဆေးချက်များအရ ကချင်ပြည်နယ်၊ မံစီမြို့နယ်တွင် ရပ်ကွက် ၄ ရပ်ကွက်၊ ကျေးရွာအုပ်စု ၁၈ အုပ်စု၊ မဲရုံပေါင်း ၃၉ ရုံမှ ထုတ်ယူခဲ့သော ဆန္ဒမဲလက်မှတ်အရေအတွက်မှာ ၄၃၁၅၀ ဖြစ်ပြီး မဲပေး အသုံးပြုခဲ့သော ဆန္ဒမဲလက်မှတ်ဖြတ်ပိုင်းမှာ ၃၀၈၆၅ ဖြစ်သဖြင့် ကျန်ရှိရမည့် အရေအတွက်မှာ ၁၂၂၈၅ ဖြစ်သော်လည်း မြေပြင်လက်ကျန်မှာ ၁၂၂၅၇ ဖြစ်ကြောင်း စစ်ဆေးတွေ့ရှိရပါသည်။ မဲရုံများအလိုက် ဆန္ဒမဲလက်မှတ်အပိုများနှင့် ပျောက်ဆုံးနေမှုများ တွေ့ရှိရပြီး စိစစ်တွေ့ရှိချက်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

| စဉ် | အကြောင်းအရာ | ထုတ်ယူ ရရှိ | အသုံး ပြု | ကျန်ရမည့် မဲလက်မှတ် | မြေပြင် လက်ကျန် | ကွာခြားချက် | |
|---|---|---|---|---|---|---|---|
| | | | | | | ပျောက်ဆုံး | ပို |
| ၁ | ရပ်/ကျေးမဲလက်မှတ် | ၄၃၁၅၀ | ၃၀၈၆၅ | ၁၂၂၈၅ | ၁၂၂၅၇ | ၅၃ | ၂၅ |
| ၂ | မြို့နယ်မဲလက်မှတ် | ၄၃၆၀ | ၂၂၄ | ၄၁၃၆ | ၄၁၃၆ | | |
| | စုစုပေါင်း | ၄၇၅၁၀ | ၃၁၀၈၉ | ၁၆၄၂၁ | ၁၆၃၉၃ | ၅၃ | ၂၅ |

၁၂။ မံစီမြို့နယ်၊ ရပ်ကွက် ၄ ရပ်ကွက်၊ ကျေးရွာအုပ်စု ၁၈ အုပ်စုရှိ မဲရုံ ၃၉ ရုံတွင် ဆန္ဒမဲ လက်မှတ်အရေအတွက် ၅၃ စောင် ပျောက်ဆုံးနေပြီး ၂၅ စောင် ပိုနေသည်ကို စစ်ဆေးတွေ့ရှိရပါသည်။ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲတွင် မြေပြင်လက်ကျန်ဆန္ဒမဲလက်မှတ် ၄၁၃၆ ကျန်ရှိကြောင်း တွေ့ရှိရသဖြင့် ကျန်ရှိရမည့် ဆန္ဒမဲလက်မှတ်အရေအတွက်နှင့် ကိုက်ညီမှုရှိကြောင်း စစ်ဆေးတွေ့ရှိရပါသည်။

၁၃။ ကချင်ပြည်နယ်၊ မံစီမြို့နယ် ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ်များ ရပ်ကွက်/ ကျေးရွာအုပ်စု အလိုက် မြေပြင်စစ်ဆေးတွေ့ရှိချက်မှာ အောက်ပါအတိုင်းဖြစ်သည်-

| စဉ် | ရပ်ကွက်/ ကျေးရွာအုပ်စု | မဲရုံ ပေါင်း | ထုတ်ယူ ရရှိ | အသုံး ပြု | ကျန်ရ မည့်မဲ လက်မှတ် | မြေပြင် လက် ကျန် | ကွာခြားချက် | |
|---|---|---|---|---|---|---|---|---|
| | | | | | | | ပျောက် ဆုံး | ပို |
| ၁ | ဂျိန်းဖောမြေရပ်ကွက် | ၁ | ၈၀၀ | ၆၁၀ | ၁၉၀ | ၁၉၀ | | |
| ၂ | ကောင်ရာရပ်ကွက် | ၃ | ၃၃၅၀ | ၂၄၄၃ | ၉၀၇ | ၈၈၂ | ၂၆ | ၁ |
| ၃ | နမ့်မဖွဲ့ကျေးရွာအုပ်စု | ၂ | ၁၀၅၀ | ၈၉၉ | ၁၅၁ | ၁၅၅ | | ၄ |
| ၄ | မံခံရေခူးကျေးရွာအုပ်စု | ၁ | ၅၅၀ | ၃၆၆ | ၁၈၄ | ၁၈၄ | | |
| ၅ | ကုန်းတိန်ကျေးရွာအုပ်စု | ၂ | ၁၆၅၀ | ၁၃၁၆ | ၃၃၄ | ၃၃၄ | | |
| ၆ | ဟန်ထက်ကျေးရွာအုပ်စု | ၂ | ၂၆၀၀ | ၂၂၂၄ | ၃၇၆ | ၃၇၄ | ၂ | |
| ၇ | မံသာကျေးရွာအုပ်စု | ၃ | ၃၆၀၀ | ၂၉၄၂ | ၆၅၈ | ၆၅၈ | | |
| ၈ | သံတံတားကျေးရွာအုပ်စု | ၂ | ၁၄၀၀ | ၁၀၆၆ | ၃၃၄ | ၃၃၄ | | |
| ၉ | စီကော်ကျေးရွာအုပ်စု | ၁ | ၇၅၀ | ၆၁၀ | ၁၄၀ | ၁၄၀ | | |
| ၁၀ | စီခမ်းကြီးကျေးရွာအုပ်စု | ၂ | ၁၇၀၀ | ၁၄၆၃ | ၂၃၇ | ၂၃၇ | | |
| ၁၁ | ကောင်လွင်ကျေးရွာအုပ်စု | ၂ | ၁၄၀၀ | ၁၁၄၀ | ၂၆၀ | ၂၆၁ | ၁ | ၂ |
| ၁၂ | စီအူကျေးရွာအုပ်စု | ၂ | ၁၄၅၀ | ၁၁၆၁ | ၂၈၉ | ၂၈၆ | ၃ | |
| ၁၃ | မိုင်းခေါင်ကျေးရွာအုပ်စု | ၃ | ၄၇၀၀ | ၃၀၂၈ | ၁၆၇၂ | ၁၆၇၀ | ၂ | |
| ၁၄ | မုန်းဒိန်ပါကျေးရွာအုပ်စု | ၁ | ၅၅၀ | ၄၇၂ | ၇၈ | ၇၈ | | |
| ၁၅ | မောရဝတီရပ်ကွက် | ၁ | ၁၂၅၀ | ၉၆၃ | ၂၈၇ | ၂၈၇ | | |
| ၁၆ | ပြင်ဦးလွင်ရပ်ကွက် | ၁ | ၈၅၀ | ၅၅၉ | ၂၉၁ | ၂၉၈ | | ၇ |
| ၁၇ | ချောင်းထောက်ကျေးရွာအုပ်စု | ၁ | ၄၅၀ | ၃၇၃ | ၇၇ | ၇၇ | | |
| ၁၈ | မံဝိန်းကြီးကျေးရွာအုပ်စု | ၃ | ၇၈၀၀ | ၃၆၈၈ | ၄၁၁၂ | ၄၁၀၉ | ၃ | |
| ၁၉ | မံမွမ်းကျေးရွာအုပ်စု | ၁ | ၁၃၀၀ | ၈၃၈ | ၄၆၂ | ၄၅၇ | ၅ | |
| ၂၀ | နောင်လုပ်ကျေးရွာအုပ်စု | ၁ | ၁၃၀၀ | ၁၀၄၅ | ၂၅၅ | ၂၅၃ | ၂ | |
| ၂၁ | နောင်စွမ်းကျေးရွာအုပ်စု | ၂ | ၁၉၅၀ | ၁၇၇၅ | ၁၇၅ | ၁၆၉ | ၆ | |
| ၂၂ | ပန်ခမ်းကျေးရွာအုပ်စု | ၂ | ၂၇၀၀ | ၁၈၈၄ | ၈၁၆ | ၈၂၄ | ၃ | ၁၁ |
| | ရပ်/ကျေးချုပ်စုစုပေါင်း | ၃၉ | ၄၃၁၅၀ | ၃၀၈၆၅ | ၁၂၂၈၅ | ၁၂၂၅၇ | ၅၃ | ၂၅ |
| | မြို့နယ်လက်ကျန်မဲလက်မှတ် | | ၄၃၆၀ | ၂၂၄ | ၄၁၃၆ | ၄၁၃၆ | | |
| | မြို့နယ်ချုပ်စုစုပေါင်း | ၃၉ | ၄၇၅၁၀ | ၃၁၀၈၉ | ၁၆၄၂၁ | ၁၆၃၉၃ | ၅၃ | ၂၅ |

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

# ဗြိတိန်တွင် စက်တင်ဘာလအစောပိုင်းမှစတင်ကာ ကိုဗစ်-၁၉ ကူးစက်မှုမှာ အနိမ့်ဆုံးဖြစ်

**လန်ဒန် မေ ၂၆**

ဗြိတိန်နိုင်ငံတွင် နောက်ထပ်ကိုဗစ်-၁၉ ကူးစက်ခံရသူ ၁၇၁၂ ဦး တွေ့ရှိပြီးနောက် စက်တင်ဘာလအစောပိုင်းမှ စတင်ကာ ကိုဗစ်-၁၉ ကူးစက်မှု အနိမ့်ဆုံးဖြစ်သည်ဟု မေ ၂၅ ရက်တွင် တရားဝင်ထုတ်ပြန်သည့် အချက်အလက်များအရ သိရသည်။

တိုင်းပြည်အတွင်း ကိုဗစ်-၁၉ ကူးစက်မှု စုစုပေါင်းအရေအတွက်မှာ ၄၄၇၄၈၈၂ ဦးရှိသည်ဟု သိရသည်။ ကိုဗစ်-၁၉ နှင့်ဆက်စပ်ပြီး နောက်ထပ်သေဆုံးသူ ၁၁ ဦး တိုးလာခဲ့သည့်အတွက် သေဆုံးသူ ၁၂၇၇၄၈ ဦး ရှိလာသည်။

အင်္ဂလန်တွင် မေ ၁၇ ရက်မှစတင်ကာ အသွားအလာပိတ်ဆို့ကန့်သတ်မှုများကို ဖြေလျှော့ပေးခဲ့ပြီး ဆံပင်ညှပ်ဆိုင်၊ အလှပြင်ဆိုင်နှင့် အခြားသောဝန်ဆောင်မှုလုပ်ငန်းများကို ပြန်လည်လုပ်ဆောင်ခွင့်ပေးခဲ့သည်။ ဗြိတိန်အစိုးရ၏ အဆင့်လေးဆင့် အစီအစဉ်အရ အင်္ဂလန်တွင် ချမှတ်ထားသည့် တရားဝင် ကန့်သတ်ချက်များအားလုံးကို ဇွန်လလယ်ပိုင်းမှ ဖယ်ရှားနိုင်မည်ဟု သိရသည်။

ကာကွယ်ဆေးထိုးပေးရာတွင် တိုးတက်မှုများရှိနေသော်လည်း ဗြိတိန်မှာအန္တရာယ်ကြားထဲတွင်ပင် ရှိနေဆဲဖြစ်ကြောင်း၊ တောင်အာဖရိက၊ ဘရာဇီးနှင့် အိန္ဒိယတို့တွင် ဖြစ်ပေါ်နေသည့် ဗီဇပြောင်းကိုရိုနာဗိုင်းရပ်စ် အန္တရာယ်ကို စိုးရိမ်နေရဆဲဖြစ်ကြောင်း သတိပေးထားသည်။

**ဆင်ဟွာ**




လန်ဒန်တွင် ဆိုင်ဖွင့်ရန် ပြင်ဆင်နေသူတစ်ဦးကို မေ ၁၂ ရက်က တွေ့ရစဉ်။

## ကပ်ရောဂါနှင့် ရင်ဆိုင်နေရသည့် အိန္ဒိယသို့ အမေရိကန်မှဆေးဘက်ဆိုင်ရာ အကူအညီများပေးပို့မည်

**ဝါရှင်တန် မေ ၂၆**

ကိုဗစ်-၁၉ ကူးစက်မှုများ တစ်ရှိန်ထိုး များပြားလာခြင်းနှင့် ရင်ဆိုင်နေရသည့် အိန္ဒိယနိုင်ငံသို့ အမေရိကန်မှ ဆေးဘက်ဆိုင်ရာ အကူအညီများ ပေးမည်ဟု ကတိပြုခဲ့သည်။ အိန္ဒိယတွင် နေ့စဉ်ကူးစက်မှု ၃၀၀၀၀၀ ရှိနေသည်မှာ လေးရက်ဆက် တိုက်ရှိနေပြီဖြစ်သည်။

ရလဒ်အနေဖြင့် ဆေးဘက်ဆိုင်ရာသုံး အောက်ဆီဂျင် ပြတ်တောက်မှုနှင့် ရင်ဆိုင်နေရသည်။ နယူးဒေလီရှိ ဆေးရုံတစ်ရုံတွင်လည်း အောက်ဆီဂျင် ပြတ်တောက်မှုကြောင့် လူနာ ၂၀ သေဆုံးခဲ့ရသည်ဟု မေ ၂၄ ရက်တွင် ဒေသတွင်း သတင်းစာများ၌ ဖော်ပြကြသည်။

ကိုဗစ်-၁၉ ကာကွယ်ဆေး ထုတ်လုပ်ရေးအတွက် လိုအပ်သည့် ကုန်ကြမ်းပစ္စည်းများကို အမေရိကန်မှ အိန္ဒိယသို့ ချက်ချင်းထောက်ပံ့ပေးမည်ဟု မေ ၂၅ ရက်တွင် အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင် အစိုးရအဖွဲ့မှ ကြေညာခဲ့သည်။

ထို့ပြင် ကိုဗစ်-၁၉ ဆေးစစ်ကိရိယာများ၊ အသက်ရှူအထောက်အကူပြု ကိရိယာများကိုလည်း အမေရိကန်က ကူညီပေးမည်ဟု သိရသည်။

အောက်ဆီဂျင် ထုတ်လုပ်သည့် ကိရိယာပစ္စည်းများကိုလည်း လတ်တလော လိုအပ်ချက်ကို ဖြည့်ဆည်းပေးရန် ပေးပို့ရန် စဉ်းစားလျက်ရှိသည်ဟု အမေရိကန်အစိုးရအဖွဲ့က ပြောသည်။

အမေရိကန် အမျိုးသား လုံခြုံရေး အကြံပေး ဂျိတ်ဆူလီဗန်က အိန္ဒိယသို့ ဖုန်းဖြင့် ဆက်သွယ်ပြောကြားပြီးနောက် အကူအညီပေးရေးအစီအစဉ်ကို ကြေညာခဲ့ခြင်းဖြစ်သည်။

ကပ်ရောဂါကို တိုက်ဖျက်ရာတွင် နှစ်နိုင်ငံ နီးကပ်စွာ ဆောင်ရွက်မည်ဟု သဘောတူခဲ့ကြသည်။ **အင်န်အိတ်ချ်ကေ**



မွမ်ဘိုင်းရှိ ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးစင်တာတွင် ကာကွယ်ဆေးထိုးပေးနေသည်ကို တွေ့ရစဉ်။

## ကမ္ဘာတစ်ဝန်း ကိုဗစ်-၁၉ ကာကွယ်ဆေး အလုံးရေ တစ်ဘီလီယံ ထိုးနှံပေးပြီးဖြစ်

**လန်ဒန် မေ ၂၆**

ကမ္ဘာတစ်ဝန်း ကိုဗစ်-၁၉ ကာကွယ်ဆေးအလုံးရေတစ်ဘီလီယံခန့်ကို ထိုးနှံပေးပြီးဖြစ်ကြောင်း ဗြိတိန်မှ သုတေသီများက ပြောသည်။ မေ ၂၄ ရက်အထိ ကိုဗစ်-၁၉ ကာကွယ်ဆေးအလုံးရေ တစ်ဘီလီယံ ထိုးနှံပေးပြီးဖြစ်သည်ဟု အောက်စဖို့ဒ်တက္ကသိုလ်နှင့် အခြားသုတေသန ပညာရှင်များ ပြုလုပ်ထားသည့် ဝက်ဘ်ဆိုက်တွင် ဖော်ပြထားသည်။

အမေရိကန်ပြည်ထောင်စုတွင် ကိုဗစ်-၁၉ ကာကွယ်ဆေး ၂၂၅ ဒသမ ၆၄ သန်းကို ထိုးပေးပြီးဖြစ်ကာ အရေအတွက်များဆုံးဖြစ်သည်ဟု သိရသည်။ တရုတ်နိုင်ငံမှာမူ ကာကွယ်ဆေးအလုံးရေ ၂၂၀ ဒသမ ၃၁ သန်း ထိုးပေးပြီး ဒုတိယအများဆုံးနေရာတွင် ရှိသည်။

ယင်းနောက်တွင် အိန္ဒိယနိုင်ငံက ကာကွယ်ဆေးအလုံးရေ ၁၃၈ ဒသမ ၃၈ သန်းဖြင့် တတိယအများဆုံးဖြစ်ပြီး ယင်းနောက်တွင်မူ ဗြိတိန်နိုင်ငံက ၄၅ ဒသမ ၅၈ သန်းဖြင့် စတုတ္ထအရေအတွက် အများဆုံးဖြစ်သည်ဟု သိရသည်။ အစ္စရေးနိုင်ငံတွင်လည်း ကိုဗစ်-၁၉ ကာကွယ်ဆေးကို ကျယ်ကျယ်ပြန့်ပြန့်ထိုးပေးနေပြီး ယခုအခါ ကူးစက်မှုနှုန်း လျှော့ကျသွားသည်ဟု သိရသည်။ ဂျွန်ဟော့ကင်း တက္ကသိုလ်၏ အချက်အလက်များအရ နေ့စဉ်ကူးစက်မှုနှုန်းမှာလည်း ၈၂ ဦးအထိ ကျဆင်းသွားသည်ဟု သိရသည်။

ချီလီနိုင်ငံတွင်မူ ကိုဗစ်-၁၉ ကူးစက်မှုပြန်လည်မြင့်မားလာခြင်းနှင့်ကြုံတွေ့နေရသည်။ ကိုဗစ်-၁၉ ကာကွယ်ဆေးမထိုးရသေးသည့်သူများကြား သွားလာလှုပ်ရှားမှုများ များပြားသည့်အတွက် ကူးစက်မှုထပ်မံပေါ်ပေါက်လာရခြင်းဖြစ်သည်ဟု ကျွမ်းကျင်သူများက ယူဆကြသည်။ ကျယ်ကျယ်ပြန့်ပြန့် ကာကွယ်ဆေးထိုးပြီး လူထုကြားထဲတွင် ကိုယ်ခံအား မတည်ဆောက်နိုင်သေးသရွေ့ ပြည်သူများကြား သတိထားမှုများကို မလျှော့သေးသင့်ကြောင်းလည်း သတိပေးထားသည်။ **အင်န်အိတ်ချ်ကေ**

## အီရတ်နိုင်ငံရှိ ကိုဗစ်-၁၉ ဆေးရုံတစ်ရုံတွင် မီးလောင်မှုကြောင့် လူ ၈၀ ကျော် သေဆုံး

**ဘဂ္ဂဒက် မေ ၂၆**

အီရတ်နိုင်ငံ ဘဂ္ဂဒက်တောင်ပိုင်းရှိ ကိုဗစ်-၁၉ လူနာများကို ဆေးကုသပေးနေသည့် ဆေးရုံတစ်ရုံတွင် မေ ၂၄ ရက် ညပိုင်းက မီးလောင်မှုဖြစ်ပွားခဲ့သည်။ မီးလောင်မှုကြောင့် ယခုအချိန်အထိ ၈၂ ဦး သေဆုံးခဲ့ပြီး ၁၀၀ ကျော် ဒဏ်ရာရရှိခဲ့သည်ဟု ပြည်ထဲရေးဝန်ကြီးဌာနက ပြောသည်။

သေဆုံးသူအများစုမှာ လူနာများနှင့် လူနာများထံ လာရောက်သည့် မိသားစုဝင်များဖြစ်ကြသည်ဟု ဒေသခံကျန်းမာရေးအရာရှိများက ပြောသည်။ လူနာများနှင့် ဆေးဘက်ဝန်ထမ်း ၂၀၀ ကျော်ကို ကယ်တင်နိုင်ခဲ့သည်ဟုလည်း သိရသည်။ ဆေးရုံရှိ အထူးကြပ်မတ်ကုသဆောင်ရှိ အောက်ဆီဂျင်ပေးသည့် ကိရိယာမှ ပေါက်ကွဲမှုဖြစ်ပေါ်ပြီးနောက် မီးလောင်မှုဖြစ်ပွားခဲ့ခြင်းဖြစ်သည်ဟု ဒေသတွင်းမီဒီယာများက ပြောသည်။

ကျန်းမာရေးဝန်ကြီးနှင့် ဘဂ္ဂဒက် အုပ်ချုပ်ရေးမှူးကို ရာထူးမှဆိုင်းငံ့ရန် ဝန်ကြီးချုပ် မူစတာဖာ အယ်ခါဟီမီက ဆုံးဖြတ်ထားသည်ဟု အစိုးရအဖွဲ့က ပြောသည်။ အီရန်နိုင်ငံ၏ ကျန်းမာရေးစနစ်သည် အရေအတွက်များပြားလာသည့် ကိုဗစ်-၁၉ လူနာများကို ကုသပေးရန် ခက်ခဲစွာ ရုန်းကန်နေရသည်။ အီရတ်နိုင်ငံတွင် နေ့စဉ် ကိုဗစ်-၁၉ ကူးစက်မှု ၆၀၀၀ ကျော်ရှိနေသည်ဟု အာဏာပိုင်များက ပြောသည်။

**ဆင်ဟွာ**



မီးလောင်ထားသည့် ဆေးရုံကို တွေ့ရစဉ်။

# ပြည်ထောင်စုဝန်ကြီး ဦးရွှေလေး ရှမ်းပြည်နယ်(အရှေ့ပိုင်း)ရှိ လမ်း၊ တံတားဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ထားမှုများစစ်ဆေး

**နေပြည်တော် မေ ၂၆**

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးရွှေလေးသည် မေ ၂၅ ရက် နံနက်ပိုင်းတွင် တာချီလိတ်– မိုင်းဆတ်လမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုတို့ကို လမ်းတစ်လျှောက်ကြည့်ရှုစစ်ဆေးပြီး လမ်းစခန်းရှင်းလင်းဆောင်တွင် လမ်းဦးစီးဌာန ညွှန်ကြားရေးမှူး (မြို့ပြ) ဦးရဲလင်းက မိုင်းဆတ် – တာချီလိတ်လမ်း (0.0 Km မှ 97.76 Km အတွင်း) ကွန်ကရစ်လမ်း 13.09 Km ၊ ကတ္တရာလမ်း 11.30 Km ၊ ကျောက်လမ်း 52.818 Km ၊ အမာခံလမ်း 15.96 Km ၊ မြေလမ်း 4.525 Km ၊ စုစုပေါင်း 97.76 Km အား ဘဏ္ဍာရေးနှစ်အလိုက် လုပ်ငန်းဆောင်ရွက်ထားရှိမှုနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များကို မြေပုံကားချပ်ဖြင့် တင်ပြသည်။

တင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက လက်ရှိကတ္တရာလမ်းကို ပုံမှန်ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆက်လက်ဆောင်ရွက်ရန် ကွန်ကရစ်ခင်းပြီး တစ်ပါတည်းလမ်းပခုံးပါ ထည့်သွင်းဆောင်ရွက်ရန် ယာဉ်ကြီးများသွားလာမှု အဆင်ပြေစေရန် အတက်အဆင်း မတ်စောက်သည့်နေရာများတွင် လမ်းချဲ့ပေးရန်၊ သတိပေးဆိုင်းဘုတ်များ စိုက်ထူရန် မှာကြားပြီး ကွန်ကရစ်ခင်းထားမှုအခြေအနေတို့ကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် တာချီလိတ် – မိုင်းဆတ်လမ်း အမြင့်ပေ ၅၀၀၀ ရှိ လွယ်ဆမ်ဆုံတောင်သို့ ရောက်ရှိပြီး အတက် / အဆင်းမတ်စောက်သည့် တောင်ကြောကို လမ်းသားအနိမ့်၊ အမြင့်ဖြေညှိပေးရန်နှင့် လမ်းချဲ့ပေးရန်တို့ကို တာဝန်ရှိသူများအား မှာကြားသည်။

ထို့နောက် တာချီလိတ်အခြေချ စစ်ဗျူဟာမှူး ဗိုလ်မှူးကြီး ဖေသက်သန်းနှင့်အတူ တာချီလိတ် – မိုင်းဆတ်လမ်း၏ မူလကတ္တရာလမ်းအခြေအနေ ၊ ကွန်ကရစ်ခင်းပြီးအပိုင်းနှင့် ကျောက်လမ်းအခြေအနေတို့ကို လမ်းတစ်လျှောက်ကြည့်ရှုစစ်ဆေးသည်။

ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မွန်းလွဲပိုင်းတွင် နမ့်စန် – မိုးနဲ– မိုင်းတုံ– မိုင်းဆတ်လမ်း(မိုင်းဆတ်–မိုင်းတုံ)လမ်းအပိုင်းပေါ်ရှိ တံတားငယ်များ တည်ဆောက်ခြင်း ၊ စက်ယန္တရားများဖြင့် လမ်းချဲ့နေမှုတို့ကို လမ်းတစ်လျှောက် ကြည့်ရှုစစ်ဆေးပြီး၊ တံတားဦးစီးဌာန တံတားအထူးအဖွဲ့(၄)မှ တာဝန်ယူတည်ဆောက်နေသော သံလွင်တံတား (တာဆန်း) တည်ဆောက်ရေးလုပ်ငန်းခွင်သို့ရောက်ရှိရာ ရှင်းလင်းဆောင်တွင်





တံတားတည်ဆောက်ရေး တာဝန်ခံအင်ဂျင်နီယာ ဒုတိယညွှန်ကြားရေးမှူး(မြို့ပြ) ဦးမြင့်နိုင်ဦးက တံတားတည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု၊ ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များ၊ ဘဏ္ဍာရေးနှစ်အလိုက်လုပ်ငန်းများ ဆောင်ရွက်ထားရှိမှုတို့ကို ပါဝါပွိုင့်ဖြင့် ရှင်းလင်းတင်ပြရာ တံတားဦးစီးဌာန ဒုတိယ ညွှန်ကြားရေးမှူးချုပ်ဦးကျော်ကောင်းချို့နှင့် လမ်း၊ တံတားကျွမ်းကျင်ပညာရှင်များက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

တင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက ယခုအသစ်တည်ဆောက်နေသည့် တံတားသည် ရှမ်းပြည်နယ် (တောင်ပိုင်း) နှင့် ရှမ်းပြည်နယ် (အရှေ့ပိုင်း)တို့ကို ဆက်သွယ်ထားသော လမ်းပေါ်တွင် တည်ရှိပြီး နယ်စပ်မြို့များကို အဓိကဆက်သွယ်သွားလာနိုင်သည့် အတွက် အထူးအရေးပါသည့် တံတားတစ်စင်းဖြစ်ပါကြောင်း၊ ယခင် ကြိုးတံတားဟောင်းသည် ၁၉၉၆ ခုနှစ်က တည်ဆောက်ခဲ့သည့်အတွက် ကြံ့ခိုင်မှုအားနည်းလာမှုကြောင့် ၁၆ တန်ကားများသာ ဖြတ်သန်းခွင့်ပြုထားပြီး ယခု ၇၅ တန်ခံနိုင်ဝန်ရှိ ကြိုးတံတားအသစ်ကို တည်ဆောက်ခြင်းဖြစ်ပါကြောင်း၊ တံတားတည်ဆောက်ရေးလုပ်ငန်းများ သတ်မှတ်အချိန်မီပြီးစီးရေး၊ တံတားကြိုးထိန်းတာဝါတိုင်နှင့် ကြိုးထိန်းခုံတို့ အပါအဝင် လုပ်ငန်းအားလုံး အရည်အသွေးပြည့်မီရေး အထူးဂရုပြုဆောင်ရွက်ရန်လိုပါကြောင်း၊ လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေး ဦးစားပေးဆောင်ရွက်ရန်လိုကြောင်း မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မိုင်းတုံဘက်ကမ်း တံတားလုပ်ငန်းများ ဆောင်ရွက်မှု၊ ကြိုးထိန်းတာဝါတိုင်၊ ကြိုးထိန်းခုံ(၂) တည်ဆောက်မည့်အခြေအနေကို လည်းကောင်း၊ မိုင်းပန်ဘက်ကမ်းသို့ သွားရောက်ပြီး တံတားချဉ်းကပ်လမ်း၊ ကြိုးထိန်းတာဝါတိုင်နှင့် ကြိုးထိန်းခုံ (၁) ဆောင်ရွက်မည့်အခြေအနေတို့ကို အသေးစိတ်လိုက်လံကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများကို လုပ်ငန်းလိုအပ်ချက်များ မှာကြားသည်။

သံလွင်တံတား(တာဆန်း)သည် ရှမ်းပြည်နယ် (တောင်ပိုင်း)နှင့် ရှမ်းပြည်နယ် (အရှေ့ပိုင်း) တို့ကို ဆက်သွယ်သည့် နမ့်စန် – မိုးနဲ – မိုင်းတုံ – မိုင်းဆတ်လမ်းပေါ်တွင် တည်ရှိပြီး စုစုပေါင်း တံတားအရှည် ၂၆၆ ဒသမ ၈၆၁ မီတာ ၊ ယာဉ်သွားလမ်းအကျယ် ၈ ဒသမ ၅ မီတာ၊ လူသွားလမ်းတစ်ဖက်လျှင် ၁ မီတာစီပါရှိပြီး တံတားအမျိုးအစားမှာ တံတားအပေါ်ထည် Cable Suspension + RC ၊ အောက်ထည် RC နှင့် အုတ်မြစ်ကို 1.5 møBored Pile တို့ဖြင့် တည်ဆောက်ထားကာ တံတား၏ ခံနိုင်ဝန်မှာ ၇၅ တန်ဖြစ်သည်။

ယခု တည်ဆောက်နေသည့် သံလွင်တံတား(တာဆန်း) တည်ဆောက်ပြီးစီးသွားပါက မြန်မာနိုင်ငံအလယ်ပိုင်းပြည်မမှ ရှမ်းပြည်နယ်(တောင်ပိုင်း)ကို ဖြတ်ကာ ရှမ်းပြည်နယ် (အရှေ့ပိုင်း)မှတစ်ဆင့် အိမ်နီးချင်း ထိုင်းနိုင်ငံ ၊ လာအိုနိုင်ငံနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ လွယ်ကူလျင်မြန်စွာ ဆက်သွယ်သွားလာနိုင်မည်ဖြစ်သလို ဒေသတွင်းထွက်ကုန်များကို အိမ်နီးချင်းနိုင်ငံများသို့ ပို့ဆောင်ရောင်းချနိုင်ပြီး ကုန်စည်စီးဆင်းမှုသွက်လက်မြန်ဆန်လာကာ ဒေသခံပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်လာစေခြင်း စသည့်အကျိုးကျေးဇူးများ ရရှိလာမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ပဋိပက္ခအတွင်း လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှု တားဆီးကာကွယ်ရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေးဆိုင်ရာ အမျိုးသားအဆင့်ကော်မတီစည်းဝေး

**နေပြည်တော် မေ ၂၆**

ပဋိပက္ခအတွင်း လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု တားဆီးကာကွယ်ရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေးဆိုင်ရာ အမျိုးသားအဆင့်ကော်မတီအစည်းအဝေး ( ၁/၂၀၂၁)ကို ယနေ့ မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီးရုံး စုပေါင်းအစည်းအဝေးခန်းမ၌ ကျင်းပသည်။



အစည်းအဝေးတွင် ပဋိပက္ခအတွင်း လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု တားဆီးကာကွယ်ရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေးဆိုင်ရာ အမျိုးသားအဆင့်ကော်မတီဥက္ကဋ္ဌ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်၊ ဒုတိယဥက္ကဋ္ဌ၊ ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ အမျိုးသားအဆင့်ကော်မတီအဖွဲ့ဝင်၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ ဒုတိယရှေ့နေချုပ်နှင့် အမျိုးသားအဆင့် ကော်မတီဝင်သက်ဆိုင်ရာဌာနများမှ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်က နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးဆောင်မှုအောက်တွင် လက်ရှိဆောင်ရွက်နေသောလုပ်ငန်းများ အရှိန်အဟုန်မပျက် ဆောင်ရွက်နိုင်ရေးအတွက် ပဋိပက္ခအတွင်း လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုတားဆီး ကာကွယ်ရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေးဆိုင်ရာ အမျိုးသားအဆင့် ကော်မတီကို နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ၏ (၃၁–၃–၂၀၂၁) ရက်နေ့၊ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၈၀/ ၂၀၂၁ဖြင့် ပြင်ဆင်ဖွဲ့စည်းခဲ့ပါကြောင်း၊ လုပ်ငန်းကော်မတီကိုဆက်လက်၍ ပြင်ဆင်ဖွဲ့စည်းနိုင်ရန်နှင့် အတည်ပြုပြီးဖြစ်သည့် အမျိုးသားအဆင့် လုပ်ငန်းစီမံချက်ကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် လုပ်ငန်းစီမံချက်တွင် လက်ရှိအခြေအနေနှင့် လျော်ညီသည့် အသုံးအနှုန်းအား ပြင်ဆင်အတည်ပြုပြီး ရှေ့ဆက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်အဆင့်ဆင့်ကို ညှိနှိုင်းဆွေးနွေးရန် အစည်းအဝေး ခေါ်ယူရခြင်းဖြစ်ပါကြောင်း၊ Joint communique နှင့် ပတ်သက်ပြီး ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာ (၇) ရက်တွင် ကုလသမဂ္ဂဆိုင်ရာ မြန်မာအမြဲတမ်းကိုယ်စားလှယ်နှင့် ပဋိပက္ခအတွင်း အမျိုးသမီးများအား အကြမ်းဖက်မှုဆိုင်ရာ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ အထူးကိုယ်စားလှယ် Ms. Pramila Pattenတို့ နယူးယောက်မြို့၊ ကုလသမဂ္ဂဌာနချုပ်တွင် လက်မှတ်ရေးထိုးခဲ့ပါကြောင်း၊ ပူးတွဲကြေညာချက်ပါအကြောင်းအရာများနှင့် စပ်လျဉ်းပြီး လုပ်ငန်းစီမံချက်ရေးဆွဲရန်နှင့် လုပ်ငန်းစီမံချက် အကောင်အထည်ဖော်ဆောင်ရွက်ရန် အမျိုးသားအဆင့်လုပ်ငန်းစီမံချက် ထွက်ပေါ်နိုင်ရေးအတွက် ၂၀၁၉ ခုနှစ်နှင့် ၂၀၂၀ ပြည့်နှစ်များအတွင်း အမျိုးသားအဆင့်ကော်မတီအစည်းအဝေးများကို စုစုပေါင်း ခုနစ်ကြိမ်နှင့် လုပ်ငန်းကော်မတီအစည်းအဝေး တစ်ကြိမ် ကျင်းပခဲ့ပါကြောင်း၊ ဆောင်ရွက်ခဲ့သည့် အစည်းအဝေး ခုနစ်ကြိမ်အနက် တတိယအကြိမ်နှင့် ပဉ္စမအကြိမ်အမျိုးသားအဆင့် ကော်မတီ အစည်းအဝေးများတွင် UN အဖွဲ့အစည်းများ၊ Office of the Special Envoy of the Secretary–General on Sexual Violence in Conflict–OSESG တို့ကို နှစ်ကြိမ်တိုင်တိုင် ဖိတ်ကြားဆွေးနွေးခဲ့ခြင်းကို သိရှိရပါကြောင်း။

လုပ်ငန်းစီမံချက် (မူကြမ်း)အပေါ် ဌာနဆိုင်ရာများ၊ အဖွဲ့အစည်းများမှ အကြံပြုချက်များကို ခုနစ်ကြိမ်တိတိ တောင်းခံရေးဆွဲခဲ့ကြောင်း၊ အမျိုးသမီးကို သာဦးတည်ခြင်း မဟုတ်ဘဲ ပဋိပက္ခအတွင်း လိင်အကြမ်းဖက်မှုအားလုံးကို ဆောင်ရွက်နိုင်ရန်အတွက် ကော်မတီ၏အမည်ကို ပဋိပက္ခအတွင်း လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု တားဆီးကာကွယ်ရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေးဆိုင်ရာ အမျိုးသားအဆင့် ကော်မတီအဖြစ်လည်းကောင်း၊ ပဋိပက္ခအတွင်း လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုတားဆီးကာကွယ်ရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေးဆိုင်ရာ လုပ်ငန်းကော်မတီအဖြစ်လည်းကောင်း အမည်ပြောင်းလဲခဲ့ပါကြောင်း၊သတ္တမအကြိမ်မြောက် အမျိုးသားအဆင့်ကော်မတီအစည်းအဝေး ဆုံးဖြတ်ချက်များနှင့်အညီ ပြင်ဆင်ထားသည့် လုပ်ငန်းစီမံချက် (မူကြမ်း)ကို နိုင်ငံတော်သမ္မတရုံးသို့ တင်ပြအတည်ပြုချက်ရယူခဲ့ရာ ဇန်နဝါရီ ၇ ရက်တွင် အတည်ပြုခဲ့ကြောင်း၊ အစည်းအဝေးတွင် လုပ်ငန်းကော်မတီ ပြင်ဆင်ဖွဲ့စည်းခြင်း၊ လုပ်ငန်းစီမံချက် အကောင်အထည်ဖော်ရေးအတွက် မိမိတို့ကဏ္ဍအလိုက် စတင်အကောင်အထည်ဖော်မည့် လုပ်ငန်းစဉ်များ၊ ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ရမည့် လုပ်ငန်းအစီအမံများကို ဆွေးနွေးပေးကြပါရန် ပြောကြားသည်။

ဆက်လက်၍ ပဋိပက္ခအတွင်းလိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုတားဆီးကာကွယ်ရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေးဆိုင်ရာ အမျိုးသားအဆင့်ကော်မတီ ဒုတိယဥက္ကဋ္ဌ၊ ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးက အမှာစကားပြောကြားသည်။

ယင်းနောက် ပဋိပက္ခအတွင်း လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုတားဆီးကာကွယ်ရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေးဆိုင်ရာ အမျိုးသားအဆင့်ကော်မတီ အတွင်းရေးမှူး၊ လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ပဋိပက္ခအတွင်း လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု တားဆီးကာကွယ်ရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေးဆိုင်ရာလုပ်ငန်းကော်မတီ ပြင်ဆင်ဖွဲ့စည်းရေးနှင့် အတည်ပြုပြီးဖြစ်သည့် လုပ်ငန်းစီမံချက်အကောင်အထည်ဖော်ရေးတို့နှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး တက်ရောက်လာသည့် ပဋိပက္ခအတွင်း လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု တားဆီးကာကွယ်ရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေးဆိုင်ရာ အမျိုးသားအဆင့် ကော်မတီဝင်များက လုပ်ငန်းကော်မတီပြင်ဆင်ဖွဲ့စည်းရေးနှင့် လုပ်ငန်းစီမံချက်ပါလုပ်ငန်းစဉ်များ အကောင်အထည်ဖော်ရေးတို့နှင့်စပ်လျဉ်း၍ အကြံပြုဆွေးနွေးကြပြီး ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်စကားပြောကြားသည်။

ပဋိပက္ခအတွင်း လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု တားဆီးကာကွယ်ရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေးဆိုင်ရာ အမျိုးသားအဆင့်ကော်မတီ (၂/ ၂၀၂၁) အစည်းအဝေးကို ၂၀၂၁ ခုနှစ်၊ မေလ နောက်ဆုံးပတ်တွင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၁၈ ဦး တွေ့ရှိ

## COVID–19 ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း ၁၄၂,၇၄၀ ဦးရှိ

### (၂၆–၄–၂၀၂၁) ရက်နေ့၊ ည (၈:၀၀)နာရီ

(၂၅–၄–၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၂၆–၄–၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာ စုစုပေါင်း (၁,၅၁၇) ခုအား စစ်ဆေးပြီးစီးခဲ့ရာ COVID–19 ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် (၁၈) ဦး တွေ့ရှိရပါသည်။ သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာ စုစုပေါင်း (၂,၅၆၈,၈၁၁) ခုအား စစ်ဆေးခဲ့ပြီး COVID–19 ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၁၄၂,၇၄၀) ဦး ရှိပြီဖြစ်ပါသည်။

ယနေ့တွင် ဆေးရုံဆင်းခွင့်ရရှိသူ (၁၃) ဦး ဖြစ်သဖြင့် ယနေ့အထိ စုစုပေါင်း (၁၃၁,၉၄၅) ဦး ဆေးရုံမှ ဆင်းခွင့် ရရှိပြီး ဖြစ်ပါသည်။

** ပြည်သူလူထုအနေဖြင့် COVID–19 ရောဂါ ကူးစက်ပြန့်ပွားမှုကို ထိန်းချုပ်နိုင်ရေးအတွက် –

- နေအိမ်ပြင်ပသို့ သွားရောက်ရန်ရှိပါက ပါးစပ်နှင့် နှာခေါင်းစည်း (Mask) ကို မဖြစ်မနေ စနစ်တကျ တပ်ဆင်ခြင်း၊ လက်ကို မကြာခဏ ဆေးကြောခြင်း၊ တစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာ နေထိုင်ခြင်းတို့ကို အထူးဂရုပြု ပူးပေါင်းဆောင်ရွက်ကြပါရန်၊
- ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် “ရုံးလုပ်ငန်းဌာနများတွင် COVID–19 ရောဂါကာကွယ်ရန်အတွက် ဆောင်ရွက်ရမည့် လုပ်ငန်းလမ်းညွှန်” နှင့် “တစ်ဦးကို တစ်ဦး အသိပေးခြင်း/ သတိပေးခြင်း မိသားစုစီမံချက်” အတိုင်း COVID–19 ရောဂါ ကာကွယ်ရေးနည်းလမ်းများအား အသိပေးခြင်းနှင့် သတိပေးခြင်းတို့ကို လူတိုင်း၊ မိသားစုတိုင်းမှ တက်ကြွစွာ ပူးပေါင်းပါဝင် ဆောင်ရွက်ကြပါရန် မေတ္တာရပ်ခံပါသည်။

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန

### ၂၆- ၄ - ၂၀၂၁ ရက်၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု အများဆုံး ၁၀ နိုင်ငံ၏ အခြေအနေ

| စဉ် | နိုင်ငံ | ဓာတ်ခွဲအတည်ပြု လူနာ စုစုပေါင်း | ရောဂါပိုး ကင်းစင်သွားသူ | သေဆုံးသူဦးရေ စုစုပေါင်း |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၃၂၈၂၄၃၈၉ | ၂၅၃၇၉၈၃၁ | ၅၈၆၁၅၂ |
| ၂။ | အိန္ဒိယ | ၁၇၃၁၃၁၆၃ | ၁၄၃၀၄၃၈၂ | ၁၉၅၁၂၃ |
| ၃။ | ဘရာဇီး | ၁၄၃၄၀၇၈၇ | ၁၂၈၀၉၁၆၉ | ၃၉၀၉၂၅ |
| ၄။ | ပြင်သစ် | ၅၄၉၈၀၄၄ | ၄၃၆၃၀၉၈ | ၁၀၂၈၅၈ |
| ၅။ | ရုရှား | ၄၇၇၁၃၇၂ | ၄၃၉၄၆၃၉ | ၁၀၈၅၈၈ |
| ၆။ | တူရကီ | ၄၆၂၉၉၆၉ | ၄၀၇၃၆၄၄ | ၃၈၃၅၈ |
| ၇။ | ဗြိတိန် | ၄၄၀၄၈၈၂ | ၄၁၉၃၈၂၈ | ၁၂၇၄၂၈ |
| ၈။ | အီတလီ | ၃၉၆၂၆၇၄ | ၃၃၈၂၂၄ | ၁၁၉၂၃၈ |
| ၉။ | စပိန် | ၃၄၆၈၆၁၇ | ၃၁၆၃၈၄၉ | ၇၇၅၉၁ |
| ၁၀။ | ဂျာမနီ | ၃၂၉၈၂၀၁ | ၂၉၁၀၁၀၀ | ၈၂၂၃၇ |

### အာဆီယံနိုင်ငံများမှ COVID-19 ရောဂါ သတင်းထုတ်ပြန်ချက်

၂၆ – ၄ – ၂၀၂၁

| နိုင်ငံ | COVID–19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့သေဆုံး လူနာ |
|---|---|---|---|
| အင်ဒိုနီးရှား | ၁၆၄၇၁၃၈ | ၁၅၀၁၇၁၅ | ၄၄၇၇၀ |
| ဖိလစ်ပိုင် | ၁၀၀၆၄၂၈ | ၉၁၄၉၅၂ | ၁၆၈၅၃ |
| မလေးရှား | ၃၉၅၇၁၈ | ၃၆၉၅၅၆ | ၁၄၄၉ |
| မြန်မာ | ၁၄၂၇၄၀ | ၁၃၁၉၄၅ | ၃၂၀၇ |
| စင်ကာပူ | ၆၁၀၅၁ | ၆၀၆၆၂ | ၃၀ |
| ထိုင်း | ၅၇၅၀၈ | ၃၁၅၉၃ | ၁၄၈ |
| ကမ္ဘောဒီးယား | ၁၀၅၅၅ | ၃၅၇၇ | ၇၉ |
| ဗီယက်နမ် | ၂၈၄၆ | ၂၅၁၆ | ၃၅ |
| လာအို | ၄၃၆ | ၄၉ | ၀ |
| ဘရူနိုင်း | ၂၂၃ | ၂၁၂ | ၃ |

*✻ ကျောဖုံးမှ*

ကိုဗစ်–၁၉ ရောဂါစတင်ကြုံတွေ့စဉ်က YBS ယာဉ်လိုင်းများ အနေဖြင့် ရောဂါကာကွယ်၊ ထိန်းချုပ်ရေးကို ဟန်ချက်ညီစွာ ပူးပေါင်းဆောင်ရွက်ခဲ့ပြီး သင်္ကြန်နောက်ပိုင်း ခရီးသွားပြန်လည်စည်ကားလာချိန်၌ရောဂါကာကွယ်၊ ထိန်းချုပ်ရေးကိုလည်း ရန်ကုန်တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီ၏ လမ်းညွှန်ချက်နှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ “YRTA အနေနဲ့ ကိုဗစ်–၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေးကို ကနဦးကတည်းက ခရီးသွားပြည်သူတွေအတွက် အလေးဆောင်ရွက်ခဲ့တာကို တွေ့ရမှာပါ။ တာဝန်ယူဆောင်ရွက်နေတဲ့ ကဏ္ဍတွေလည်း ရှိတယ်။ ယာဉ်လုပ်သားတွေကိုလည်း ကိုဗစ်–၁၉ရောဂါကာကွယ်ဆေး ထိုးနှံပေးသည့်အပြင် ခရီးသွားပြည်သူတွေကို ရောဂါကာကွယ်ရေး ပစ္စည်းထောက်ပံ့ခြင်းနဲ့ အသိပညာပေးခြင်းတို့ကို ဆက်လက်လုပ်ဆောင်ဖို့ ရှိပါတယ်။ ကမ္ဘာ့နိုင်ငံအချို့မှာ ရောဂါတတိယလှိုင်းအတွက် ကာကွယ်လုပ်ဆောင်နေတာကြောင့် ကျွန်တော်တို့လည်း သတိထားပြီး ဆက်လုပ်သွားမှာပါ”ဟု ဦးလှအောင်က ဖြည့်စွက်ပြောသည်။

ရန်ကုန်မြို့တွင် မတ်လကုန်ပိုင်းမှစ၍ YBS ယာဉ်များပြန်လည်ပြေးဆွဲခဲ့ပြီး နိုင်ငံ၏ယန္တရားလည်ပတ်မှုတွင် သယ်ယူပို့ဆောင်ရေးကဏ္ဍမှာ အရေးပါသောကြောင့် ယာဉ်လိုင်းများနှင့် သက်ဆိုင်သော ကုမ္ပဏီမှ တာဝန်ရှိသူများ၊ယာဉ်ပိုင်ရှင်များနှင့် ယာဉ်မောင်းများ အခန်းကဏ္ဍမှာ အရေးပါလျက်ရှိရာ သင်္ကြန်ကာလအပြီး ရန်ကုန်မြို့တွင် ခရီးသွားလာမှု စည်ကားလာ၍ ယာဉ်လိုင်းပေါင်း ၉၆ လိုင်းဖြင့် ယာဉ်အစီးရေ ၂၀၀၀ ခန့် တိုးချဲ့ပြေးဆွဲဝန်ဆောင်မှုပေးနေကြောင်း သိရသည်။

**ညိမ်းသူ**

*● ကျောဖုံးမှ*

နောက်ဆုံး ယှဉ်ပြိုင်ကစားထားသည့် ပြိုင်ပွဲစုံလေးပွဲတွင် တစ်ပွဲသာ နိုင်ပွဲရရှိထားသည့်အတွက် ခြေစွမ်းတည်ငြိမ်မှု မရှိသည်ကို တွေ့ရသည်။ ရီးရဲမက်ဒရစ်အသင်းသည် ပြီးခဲ့သည့် ရီးရဲဘက်တစ်အသင်းနှင့်ပွဲစဉ်တွင် ဂိုးမရှိသရေကျခဲ့သော်လည်း မိုဒရစ်၊ ကက်စမဲရိုး၊ ဘင်ဇီမာစသည့် အဓိက ကစားသမားများ ခြေစွမ်းပြသထားနိုင်ခဲ့ပြီး ဂိုးကန်သွင်းမှု ၁၇ ကြိမ်အထိ ရှိခဲ့သောကြောင့် တိုက်စစ်ပိုင်း ထက်မြက်နေသည်ဟု ဆိုနိုင်ပေသည်။ ထို့အပြင် အဆိုပါ ပွဲစဉ်တွင် ဒဏ်ရာကြောင့် ကာလရှည် အနားယူနေရသော ချယ်ဆီးကစားသမားဟောင်း ဟာဇက်ပြန်လည်ပါဝင်လာခဲ့သောကြောင့် နည်းပြဇီဒန်းအတွက် အားတက်စရာဖြစ်ခဲ့သည်။ ထို့ကြောင့် နည်းပြဇီဒန်းအနေဖြင့် ဟာဇက်ကို ယခုချယ်ဆီးအသင်းနှင့်ပွဲစဉ်တွင် ပွဲထွက်ကစားသမားအဖြစ် အသုံးပြုလာမလား စောင့်ကြည့်ရမည်ဖြစ်သည်။

ချယ်ဆီးအသင်းကလည်း ပြီးခဲ့သည့် ဝက်စ်ဟမ်းအသင်းကို အနိုင်ရရှိခဲ့သည့် ပွဲစဉ်တွင် အသင်းမှ ဝါနာ၊ ပူလီဆစ်၊ မောင့်၊ ကန်တီ၊ မန်ဒီစသည့် ကစားသမားများ ခြေစွမ်းပြသနိုင်ခဲ့သောကြောင့် အသင်းလိုက်စုဖွဲ့မှု အားကောင်းနေသည်ကို တွေ့ရသည်။ ယနေ့ပွဲစဉ်တွင် ရီးရဲမက်ဒရစ်အသင်းမှ ဗယ်ဗာဒီသည် ကိုဗစ်–၁၉ ဗိုင်းရပ်စ်ကြောင့် သီးသန့်ခွဲခြားနေလျက်ရှိနေသောကြောင့် ယနေ့ပွဲစဉ်တွင် ပါဝင်ကစားရန် မသေချာသလို ခံစစ်ကစားသမား သုံးဦးဖြစ်သည့် ရာမို့စ်၊ ဗက်စ်ကွက်စ်၊ ဖာလန်း၊ မန်ဒီတို့သည်လည်း ဒဏ်ရာကြောင့် ယနေ့ပွဲစဉ်ကို ပါဝင်ကစားရန် မသေချာကြောင်း သိရသည်။ ချယ်ဆီးအသင်းတွင် ကိုဗာဆစ် တစ်ဦးလောက်သာလျှင် ဒဏ်ရာရကစားသမားအဖြစ်ရှိနေသောကြောင့် ယနေ့ပွဲစဉ်တွင် နည်းပြ တူချယ်စိတ်ကြိုက် ကစားသမားများကို ရွေးချယ်ကာ ရီးရဲမက်ဒရစ်အသင်းကို ရင်ဆိုင်လာဖွယ်ရှိနေသည်။

ပထမအကျော့တွင် နှစ်သင်းစလုံး အသာစီးရယူထားနိုင်ရန် အကောင်းဆုံးပြင်ဆင်လာဖွယ်ရှိသော်လည်း ချယ်ဆီးအသင်းထက် ရီးရဲမက်ဒရစ်အသင်းကသာလျှင် အခွင့်အရေးကောင်း ပိုင်ဆိုင်နိုင်ဖွယ်ရှိနေသည်။

**အောင်ဇော်**

**နောက်နှစ်ရက်အတွက် ခန့်မှန်းချက်**

နေပြည်တော် မေ ၂၆

နောက်နှစ်ရက်အတွက် ခန့်မှန်းချက်မှာ နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကျဲကျဲနှင့် တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာစိပ်စိပ် မိုးထစ်ချုန်းရွာနိုင်သည်။

မိုး/ဇလ

# နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုကို ပျက်ပြားစေရန်ရည်ရွယ်ချက်ဖြင့် CDM လှုပ်ရှားမှုတွင် ပါဝင်သည့် ဆရာဝန်များအား ရာဇသတ်ကြီးပုဒ်မ ၅၀၅-က ဖြင့် အမှုဖွင့်အရေးယူဆောင်ရွက်

**နေပြည်တော် မေ ၂၆**

နိုင်ငံတော်၏ အုပ်ချုပ်မှုယန္တရားပျက်ပြားစေရန် ရည်ရွယ်ချက်ဖြင့် နိုင်ငံ့ဝန်ထမ်းနှင့် ကျန်းမာရေးဝန်ထမ်းများအား CDM လှုပ်ရှားမှုများတွင် ပါဝင်လာစေရန် လှုံ့ဆော်ခြင်း၊ ၎င်းတို့ကိုယ်တိုင်CDM လှုပ်ရှားမှုများတွင် ပါဝင်လုပ်ဆောင်ခြင်း၊ CDM လှုပ်ရှားမှုအပေါ် ထောက်ခံအားပေးခြင်း၊ CRPH မတရား အသင်းအားထောက်ခံအားပေးခြင်းတို့ကို ဆောင်ရွက်လျက်ရှိသည့် အောက်ဖော်ပြပါ ဆရာဝန်များအား ရာဇသတ်ကြီးပုဒ်မ ၅၀၅-က ဖြင့် အမှုဖွင့်အရေးယူဆောင်ရွက်ထားပြီး ဖြစ်ပါသည်။

| စဉ် | အမည် | ဆေးရုံအမည် | နေရပ်လိပ်စာ | တရားစွဲဆိုထားသည့်ပုဒ်မ | ဓာတ်ပုံ |
|---|---|---|---|---|---|
| ၁ | ဒေါက်တာ ဇာခြည်စိုးမြင့် (လ/ထ ဆရာဝန်) | ကျိုင်းတုံ ပြည်သူ့ဆေးရုံကြီး | ကျိုင်းတုံမြို့၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)။ | ၅၀၅-က |  |
| ၂ | ဒေါက်တာ နီလာအောင် (လ/ထ ဆရာဝန်) | ကျိုင်းတုံ ပြည်သူ့ဆေးရုံကြီး | ကျိုင်းတုံမြို့၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)။ | ၅၀၅-က |  |
| ၃ | ဒေါက်တာ ဆန်းရီ (လ/ထ ဆရာဝန်) | ကျိုင်းတုံ ပြည်သူ့ဆေးရုံကြီး | ကျိုင်းတုံမြို့၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)။ | ၅၀၅-က |  |
| ၄ | ဒေါက်တာ အောင်သူကျော် (လ/ထ ဆရာဝန်) | ကျိုင်းတုံ ပြည်သူ့ဆေးရုံကြီး | ကျိုင်းတုံမြို့၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)။ | ၅၀၅-က |  |
| ၅ | ဒေါက်တာ ခိုင်သဉ္ဇာဝင်း (လ/ထ ဆရာဝန်) | ကျိုင်းတုံ ပြည်သူ့ဆေးရုံကြီး | ကျိုင်းတုံမြို့၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)။ | ၅၀၅-က |  |
| ၆ | ဒေါက်တာ ဖြိုးထွဋ်ဘိုဘိုထွန်း (မြို့နယ် ဆရာဝန်ကြီး) | မိုင်းယန်း ပြည်သူ့ဆေးရုံ | မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | ၅၀၅-က |  |
| ၇ | ဒေါက်တာ သိန်းထွန်းအောင် (အထူးကု) | မိုင်းဆတ် ပြည်သူ့ဆေးရုံ | တပ်ကုန်းမြို့၊ နေပြည်တော်။ | ၅၀၅-က |  |
| ၈ | ဒေါက်တာ နှင်းဖြူဖြူစိုး (အထူးကု) | မိုင်းဆတ် ပြည်သူ့ဆေးရုံ | မုံရွာမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး။ | ၅၀၅-က |  |
| ၉ | ဒေါက်တာ မျိုးမင်းသန်း (လ/ထ ဆရာဝန်) | မိုင်းဆတ် ပြည်သူ့ဆေးရုံ | ပုလဲမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး။ | ၅၀၅-က |  |
| ၁၀ | ဒေါက်တာ စမျိုးမင်း (လ/ထ ဆရာဝန်) | မိုင်းတုံ ပြည်သူ့ဆေးရုံ | ကျုံပျော်မြို့၊ ဧရာဝတီတိုင်းဒေသကြီး။ | ၅၀၅-က |  |
| ၁၁ | ဒေါက်တာ သန္တာသန်းကြည်ဝင်း (လ/ထ ဆရာဝန်) | ဘားအံ ပြည်သူ့ဆေးရုံ | ဘားအံမြို့၊ ကရင်ပြည်နယ်။ | ၅၀၅-က |  |
| ၁၂ | ဒေါက်တာ ရှိုင်းထက်အောင် (လ/ထ ဆရာဝန်) | ဘားအံ ပြည်သူ့ဆေးရုံ | ဘားအံမြို့၊ ကရင်ပြည်နယ်။ | ၅၀၅-က |  |
| ၁၃ | ဒေါက်တာ လာလ်ရမ်းဇာအို (လ/ထ ဆရာဝန်) | ဘားအံ ပြည်သူ့ဆေးရုံ | ဘားအံမြို့၊ ကရင်ပြည်နယ်။ | ၅၀၅-က |  |
| ၁၄ | ဒေါက်တာ မင်းထက်နိုင် (လ/ထ ဆရာဝန်) | ပိုင်ကျုံ တိုက်နယ်ဆေးရုံ | ပိုင်ကျုံမြို့၊ ကရင်ပြည်နယ်။ | ၅၀၅-က |  |
| ၁၅ | ဒေါက်တာ သန်းထိုက်အောင် (လ/ထ ဆရာဝန်) | မြိုင်ကြီးငူ တိုက်နယ်ဆေးရုံ | မြိုင်ကြီးငူ၊ ကရင်ပြည်နယ်။ | ၅၀၅-က |  |
| ၁၆ | ဒေါက်တာ ဝေဇင်ထွေး (လ/ထ ဆရာဝန်) | ကျိုင်းတုံပြည်သူ့ ဆေးရုံ | ကျိုင်းတုံမြို့၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)။ | ၅၀၅-က |  |
| ၁၇ | ဒေါက်တာ သပြေကြည် (အထူးကု) | ကျိုင်းတုံပြည်သူ့ ဆေးရုံကြီး | ကျိုင်းတုံမြို့၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)။ | ၅၀၅-က |  |
| ၁၈ | ဒေါက်တာ မြတ်မင်းဟန် (လ/ထ ဆရာဝန်) | ကျိုက်ထို ပြည်သူ့ဆေးရုံ | ကျိုက်ထိုမြို့၊ မွန်ပြည်နယ်။ | ၅၀၅-က |  |
| ၁၉ | ဒေါက်တာ ကျော်စွာမြင့် (အထူးကု) | တာချီလိတ် ပြည်သူ့ဆေးရုံကြီး | တာချီလိတ်မြို့၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)။ | ၅၀၅-က |  |
| ၂၀ | ဒေါက်တာ နေလင်းအောင် (အထူးကု) | တာချီလိတ် ပြည်သူ့ဆေးရုံကြီး | တာချီလိတ်မြို့၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)။ | ၅၀၅-က |  |

ဖော်ပြပါ ဆရာဝန်များအနက် ကျိုင်းတုံမြို့ ပြည်သူ့ဆေးရုံကြီးမှ ဒေါက်တာ ဝေဇင်ထွေး(လ/ထ ဆရာဝန်) နှင့် ဒေါက်တာ သပြေကြည် (အထူးကု) တို့သည် " စေတနာ" ဆေးရုံ၌ လည်းကောင်း၊ ကျိုက်ထို ပြည်သူ့ဆေးရုံမှ ဒေါက်တာ မြတ်မင်းဟန် (လ/ထ ဆရာဝန်) သည် "သုခရောင်ခြည်" ဆေးခန်း၌ လည်းကောင်း၊ တာချီလိတ် ပြည်သူ့ဆေးရုံကြီးမှ ဒေါက်တာ ကျော်စွာမြင့် (အထူးကု) သည် "တော်ဝင်ရတနာ" အထူးကုဆေးခန်း၌ လည်းကောင်း၊ တာချီလိတ် ပြည်သူ့ဆေးရုံကြီးမှ ဒေါက်တာ နေလင်းအောင် (အထူးကု) သည် "နေလ" အထူးကုဆေးခန်း၌ လည်းကောင်း တာဝန်ကျရာ ဆေးရုံများတွင် ကုသခြင်း မပြုဘဲ CDM ပြုလုပ်၍ ပြင်ပပုဂ္ဂလိက ဆေးရုံ/ဆေးခန်းများတွင် သွားရောက်ကုသလျက်ရှိကြောင်း မှတ်တမ်းဓာတ်ပုံများနှင့်အတူ အောက်ပါအတိုင်း စိစစ်တွေ့ရှိရပါသည်။



ဒေါက်တာ ဝေဇင်ထွေးနှင့် ဒေါက်တာ သပြေကြည်(အထူးကု၊ ကျိုင်းတုံမြို့ ပြည်သူ့ဆေးရုံကြီး)တို့အား ဆေးကုသခွင့်ပေးထားသည့် "စေတနာ"ဆေးရုံ မှတ်တမ်းဓာတ်ပုံ



ဒေါက်တာ ဝေဇင်ထွေး



ဒေါက်တာ သပြေကြည်

စာမျက်နှာ ၁၇ သို့

# ကွဲပြားသည့် ရေမြေရာသီဥတုအလိုက် စိုက်ပျိုးမွေးမြူ ထုတ်လုပ်မှုအခြေအနေများပေါ်မူတည်၍ တိုင်းဒေသကြီး၊ ပြည်နယ်များအကြား ဖွံ့ဖြိုးမှုကွာဟချက် ကျဉ်းမြောင်းလာစေရန် ကြိုးပမ်းဆောင်ရွက်သွားမည်



**နေပြည်တော် မေ ၂၆**

စိုက်ပျိုးရေးနှင့် မွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေးဟူသည့် နိုင်ငံတော်၏ စီးပွားရေးဦးတည်ချက်ကို ဖြည့်ဆည်းနိုင်ရေးအတွက် မိမိတို့ဝန်ကြီးဌာနအောက်ရှိ တာဝန်ရှိသူ အားလုံးတို့က စွမ်းအားပြည့် ကြိုးပမ်းအားထုတ်ကြစေလိုကြောင်း ပြည်ထောင်စုဝန်ကြီး ဦးတင်ထွဋ်ဦးက ပြောကြားသည်။

မေ ၂၄ ရက် နံနက်ပိုင်းက ရှမ်းပြည်နယ် စိုက်ပျိုးရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည့် လယ်ယာကဏ္ဍ ဖွံ့ဖြိုးရေးလုပ်ငန်း ညှိနှိုင်းအစည်းအဝေးတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ထွဋ်ဦးက ထိုသို့ပြောကြားခဲ့ခြင်း ဖြစ်သည်။

**ကျရာကဏ္ဍက တက်ကြွစွာ ဆောင်ရွက်**

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်၏ ပို့ကုန်တိုးတက်ရေး၊ တိုင်းဒေသကြီး ပြည်နယ်များအားလုံး ဝမ်းစာဖူလုံရေး၊ ကျေးလက်နေပြည်သူများ၏ ဝင်ငွေတိုးတက်ရေးတို့အတွက် အခြေခံလိုအပ်ချက်ဖြစ်သည့် လယ်ယာ သားငါးကဏ္ဍ ဖွံ့ဖြိုးရေးဆောင်ရွက်ရာတွင် တစ်နိုင်ငံလုံး တစ်ပြေးညီတိုးတက်ပြောင်းလဲလာအောင် ကြိုးပမ်းဆောင်ရွက်ရန် လိုအပ်ကြောင်း၊ ဒေသရေမြေ ရာသီဥတုအလိုက် စိုက်ပျိုး မွေးမြူထုတ်လုပ်မှု အခြေအနေများ ကွဲပြားနိုင်သော်လည်း တိုင်းဒေသကြီး ပြည်နယ်များအကြား ဖွံ့ဖြိုးမှုကွာဟချက် ကျဉ်းမြောင်းလာစေရန် မိမိတို့ကျရာ အခန်းကဏ္ဍက တက်ကြွစွာ ဆောင်ရွက်ကြစေလိုကြောင်း။

လူတစ်ဦးချင်း မြေတစ်ဧကချင်းစီ၏ ထုတ်လုပ်နိုင်မှုစွမ်းအား တိုးတက်ရေးအတွက် လိုအပ်သောနည်းပညာပေးရေးသာမက အရင်းအနှီး သွင်းအားစု၊ စက်ကိရိယာများ အသုံးပြုနိုင်ရေးနှင့် စိုက်ပျိုးရေရရှိရေးလုပ်ငန်းများကို မိမိတို့တာဝန်ရှိသူများက စီမံဆောင်ရွက်ပေးရန် လိုအပ်သည့်နည်းတူ ပုဂ္ဂလိကလုပ်ငန်းရှင်များနှင့် ပူးပေါင်းဆောင်ရွက်နိုင်ရေးကိုလည်း ညှိနှိုင်းချိတ်ဆက်ပေးရန် လိုအပ်ကြောင်း။

အလားတူ ထုတ်လုပ်မှု အရည်အသွေးကောင်းမွန်ရေး စားသုံးသူများ ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် လေလွင့်ဆုံးရှုံးမှု လျှော့ချရေးတို့အတွက် ရိတ်သိမ်းပြီးနောက်ပိုင်း လုပ်ငန်းစဉ်များတွင်လည်း အဆင့်မြင့်နည်းပညာများ အသုံးပြုနိုင်ရန်နှင့် ခိုင်မာသေချာသည့် ဈေးကွက်နှင့် ချိတ်ဆက်ပေးရန် လိုအပ်ကြောင်း၊ သို့မှသာ တောင်သူများ ပင်ပန်းကြီးစွာ အားထုတ်ရမှုနှင့် ထိုက်တန်သည့် အကျိုးအမြတ်ကို ခံစားကြရမည်ဖြစ်ကြောင်း။

**သတင်းအချက်အလက် ဖလှယ်နိုင်ရေး**

အရှိန်ရနေပြီးဖြစ်သော စိုက်ပျိုးထုတ်လုပ်မှုနည်းပညာ ပြန့်ပွားရေးလုပ်ငန်းများအပြင် သီးနှံဈေးကွက် သုတေသနဆိုင်ရာ သုံးသပ်ချက်များ ဖြန့်ဝေပေးခြင်း၊ သီးနှံဈေးကွက် သတင်းအချက်အလက်ဖလှယ်နိုင်ရေး စီမံဆောင်ရွက်ပေးခြင်း လုပ်ငန်းများကိုလည်း တိုးချဲ့ဆောင်ရွက်ပေးသွားရန် လိုအပ်ကြောင်းဖြင့် ဆွေးနွေးပြောကြားသည်။

ယင်းနောက် တာဝန်ရှိသူများက သက်ဆိုင်ရာ လုပ်ငန်းကဏ္ဍများအလိုက် ရှင်းလင်းတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးနှင့် ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဝင်တို့က လိုအပ်ချက်များ ညှိနှိုင်းဖြည့်ဆည်း ဆွေးနွေးကြသည်။

အစည်းအဝေးသို့ ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဦးစိုင်းလိတ်နှင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် အေးသာယာမြို့ အေးသီရိဈေးအနီးတွင် ရှမ်းပြည်နယ် သမဝါယမအသင်းစုချုပ်က ပြည်သူ့ကျန်းမာရေး စောင့်ရှောက်မှုပေးနိုင်ရန် ရည်ရွယ် ဖွင့်လှစ်ထားသည့် အေးသာယာ၊ ကိုအော့ပ်ဆေးရုံသို့ ရောက်ရှိကြရာ တာဝန်ရှိသူများက သမဝါယမအသင်းစုချုပ်၏ သမိုင်းကြောင်းနှင့် ဆောင်ရွက်လျက်ရှိသော သမဝါယမလုပ်ငန်းများကို ရှင်းလင်းတင်ပြကြသည်။

**ပြည်သူများ ကျယ်ကျယ်ပြန့်ပြန့် သိရှိရန်**

တင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက သမဝါယမ၏ ကောင်းမွန်သော ရည်ရွယ်ချက်နှင့် စုပေါင်းဆောင်ရွက်မှုရလဒ်များကို ပြည်သူများ ကျယ်ကျယ်ပြန့်ပြန့် သိရှိရန် လိုအပ်ပါကြောင်း၊ ကုန်ထုတ်လုပ်ငန်း၊ ကုန်သွယ်လုပ်ငန်းနှင့် ဝန်ဆောင်မှုလုပ်ငန်းများတွင် သမဝါယမ၏ အခန်းကဏ္ဍသည် လွန်စွာအရေးပါလျက်ရှိကြောင်း၊ ကိုဗစ်-၁၉ ကြောင့် ကြုံတွေ့ရသည့် ကုန်စည်စီးဆင်းမှု အခက်အခဲကို သမဝါယမအသင်းစုချုပ်များ အချင်းချင်း ချိတ်ဆက်၍ အမြတ်မယူ အရှုံးမရှိစေရ ဟူသည့် သမဝါယမ၏ မူဝါဒဖြင့် စွမ်းဆောင်ခဲ့မှုအပေါ် ဂုဏ်ပြုပါကြောင်း၊ ယခုထက်ပိုမိုစွမ်းဆောင်နိုင်ရန် ပေါင်းစပ်မှု ညှိနှိုင်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဆွေးနွေးပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် အေးသာယာ၊ကိုအော့ပ်ဆေးရုံအတွင်း ဆောင်ရွက်ထားရှိမှုများကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

ထိုမှတစ်ဆင့် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ဟဲဟိုးစိုက်ပျိုးရေးသိပ္ပံကျောင်းသို့ ရောက်ရှိကြပြီး ကျောင်းအုပ်ဆရာမကြီးနှင့် တာဝန်ရှိသူများအား တွေ့ဆုံ၍ စိုက်ပျိုးရေးသိပ္ပံသင်တန်းများ ပြန်လည်ဖွင့်လှစ်နိုင်ရေးနှင့် အသစ်တိုးချဲ့ဆောင်ရွက်မည့် မွေးမြူရေးဒီပလိုမာသင်တန်းအတွက် အကြိုလုပ်ငန်း ဆောင်ရွက်ထားရှိမှုများကို ဆွေးနွေးခဲ့ကြသည်။

အလားတူ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် စိုက်ပျိုးရေးသုတေသနဦးစီးဌာန အောင်ပန်းဒေသ သုတေသနဗဟိုဌာန (Regional Research Center–RRC) သို့ ရောက်ရှိကြပြီး ဆောင်ရွက်ဆဲသုတေသနလုပ်ငန်းများနှင့် ဆက်လက်ဆောင်ရွက်မည့် သုတေသနလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။ **(အပေါ်ဝဲပုံ)**

**အရည်အသွေးမြင့် ငှက်ပျောမျိုး**

သုတေသနခြံတွင် အောင်မြင်စွာ ဆောင်ရွက်လျက်ရှိသော ခေတ်မီတစ်သျှူးနည်းဖြင့် အာလူးမျိုးစေ့ထုတ်လုပ်ရေးနှင့် အရည်အသွေးမြင့် ငှက်ပျောမျိုးထုတ်လုပ်ရေးကို ဈေးကွက်လိုအပ်ချက်နှင့်အညီ ပုဂ္ဂလိကလုပ်ငန်းရှင်များနှင့် ပူးပေါင်းဆောင်ရွက်ပေးလျက်ရှိသည်။

ရှမ်းပြည်နယ်တွင် လယ်ယာကဏ္ဍဖွံ့ဖြိုးရေး အထောက်အကူပြု စိုက်ပျိုးရေးဆိုင်ရာ သုတေသနလုပ်ငန်းများကို သက်ဆိုင်ရာ ဘာသာရပ်အလိုက် သုတေသနပညာရှင်များက စပါး၊ ပြောင်း၊ ဂျုံ၊ ပဲပုပ်၊ နေကြာ၊ ဟင်းသီးဟင်းရွက် စသည့် သီးနှံများနှင့် သက်ဆိုင်သည့် သုတေသနလုပ်ငန်းများ ၊ တစ်သျှူးဓာတ်ခွဲခန်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ အဆိုပါလုပ်ငန်းများကို ဒေသသုတေသနဗဟိုဌာန Regional Research Center – RRC တစ်ခု၊ သုတေသနခြံ(၅)ခု နှင့် တောင်သူအခြေပြု သုတေသနစခန်း (၁၅)ခု တို့ဖြင့် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

စာမျက်နှာ ၁၆ မှ



ဒေါက်တာ မြတ်မင်းဟန်(လက်ထောက်ဆရာဝန်၊ ကျိုက်ထိုပြည်သူ့ဆေးရုံ)အား ဆေးကုသခွင့်ပေးထားသည့် "သုခရောင်ခြည်"ဆေးခန်း မှတ်တမ်းဓာတ်ပုံ



ဒေါက်တာ မြတ်မင်းဟန်



ဒေါက်တာ ကျော်စွာမြင့်(အထူးကု၊ တာချီလိတ်ပြည်သူ့ဆေးရုံကြီး) ဆေးကုသနေသည့် "တော်ဝင်ရတနာ"အထူးကုဆေးခန်း မှတ်တမ်းဓာတ်ပုံ



ဒေါက်တာ ကျော်စွာမြင့်



ဒေါက်တာ နေလင်းအောင်(အထူးကု၊ တာချီလိတ်ပြည်သူ့ဆေးရုံကြီး) ဆေးကုသနေသည့် "နေလ"အထူးကုဆေးခန်း မှတ်တမ်းဓာတ်ပုံ



ဒေါက်တာ နေလင်းအောင်

အဆိုပါ အမှုဖွင့်လှစ်ထားသော ဆရာဝန်များအား ဖမ်းဆီးရမိရေး ဆောင်ရွက်လျက်ရှိရာ လက်ခံထားသူများအား တရားဥပဒေအရ အရေးယူဆောင်ရွက်သွားမည့်အပြင် ၎င်းတို့ကိုလက်ခံ၍ ဆေးကုသခွင့်ပေးထားသည့် ပြင်ပပုဂ္ဂလိက ဆေးရုံ/ဆေးခန်းများကိုလည်း လုပ်ငန်းလိုင်စင်ပိတ်သိမ်းသွားမည်ဖြစ်ကြောင်း၊ ဆေးရုံ/ဆေးခန်းပိုင်ရှင်များကိုလည်း တရားဥပဒေအရ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် မည်သည့်ကျန်းမာရေးဝန်ထမ်းမဆို တာဝန်ကျရာ ဆေးရုံများ၌ CDM လှုပ်ရှားမှုတွင် ပါဝင်ကာ မူလတာဝန်များထမ်းဆောင်ခြင်းမရှိဘဲ အခြားပြင်ပပုဂ္ဂလိက ဆေးရုံ/ ဆေးခန်းများသို့ သွားရောက်၍ အခကြေးငွေရယူ ဆေးကုသခြင်း၊ ကူညီလုပ်ဆောင်ခြင်းများ ပြုလုပ်ပါက တရားဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အဆိုပါ ဆရာဝန်များနှင့် ကျန်းမာရေးဝန်ထမ်းများအား လက်ခံထားသည့် ပုဂ္ဂလိက ဆေးရုံ/ ဆေးခန်းပိုင်ရှင်များအား CDM လှုပ်ရှားမှု၌ ပါဝင်သူများကို ထောက်ခံအားပေးခြင်းအရ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်း အသိပေး ကြေညာအပ်ပါသည်။

**သတင်းစဉ်**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများစစ်ဆေးခြင်းများ အပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှနည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## နေပြည်တော်ကောင်စီ COVID-19 ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

နေပြည်တော် မေ ၂၆

**နေပြည်တော်ကောင်စီ COVID-19 ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ကောင်စီရုံးအစည်းအဝေးခန်းမ၌ ကျင်းပသည်။ (ယာပုံ)**

ရှေးဦးစွာ နေပြည်တော်ကောင်စီ COVID-19 ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီဥက္ကဋ္ဌ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမောင်မောင်နိုင်က အဖွင့်အမှာစကား ပြောကြားရာတွင် “နေပြည်တော်ကောင်စီ နယ်မြေအတွင်း COVID-19 ရောဂါ တစ်ကျော့ပြန် မဖြစ်ပေါ်စေရေးအတွက် လိုအပ်သည်များကို ကြိုတင်စီစဉ်ဆောင်ရွက်ထားကြရန်လိုကြောင်း၊ လက်ရှိအချိန်တွင် အိမ်နီးချင်းနိုင်ငံများမှာ COVID-19 ရောဂါ ဖြစ်ပွားမှုမြင့်တက်လာသည်ကိုလည်း တွေ့နေရပါကြောင်း၊ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများ ထိရောက်စွာ ဆောင်ရွက်နိုင်ရေးအတွက် ကြိုတင် ပြင်ဆင်ထားရှိရန်နှင့် Quarantine Centre များကိုလည်း လိုအပ်သည့်အချိန်မှာ အဆင်သင့်အသုံးပြု ဆောင်ရွက်နိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ထားရှိရန် လိုအပ်ပါကြောင်း” ပြောကြားသည်။

ထို့နောက် နေပြည်တော်ကောင်စီ COVID-19 ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီအဖွဲ့ဝင် နေပြည်တော်ကောင်စီအဖွဲ့ဝင် ဗိုလ်မှူးကြီးမင်းနောင်က COVID-19 ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများနှင့် စီမံဆောင်ရွက်ထားမှု အခြေအနေများကို ရှင်းလင်းဆွေးနွေးတင်ပြသည်။

ယင်းနောက် တက်ရောက်လာကြသည့် နေပြည်တော်ကောင်စီ COVID-19 ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီအဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာများက သက်ဆိုင်ရာကဏ္ဍများအလိုက် စီစဉ်ဆောင်ရွက်ထားရှိမှု အခြေအနေများကို ဆွေးနွေးတင်ပြကြရာ နေပြည်တော်ကောင်စီ COVID-19 ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီဥက္ကဋ္ဌ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမောင်မောင်နိုင်က လိုအပ်သည်များကို ဖြည့်စွက်ဆွေးနွေးခဲ့ကြောင်း သိရသည်။



**ခရိုင်(ပြန်/ဆက်)**

## မြန်မာအားကစား ဖွံ့ဖြိုးတိုးတက်ရေးအတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အားကစားပြိုင်ပွဲများ ကျင်းပရေးနှင့် တည်ဆောက်ရေးလုပ်ငန်းများ ညှိနှိုင်းအစည်းအဝေး ကျင်းပ

နေပြည်တော် မေ ၂၆

**မြန်မာအားကစား ဖွံ့ဖြိုးတိုးတက်လာစေရေးနှင့် ပြည်သူများ ကျန်းမာကြံ့ခိုင်ရေးအတွက် တိုင်းဒေသကြီးနှင့်ပြည်နယ် အားကစားပြိုင်ပွဲများ ပြန်လည်ကျင်းပနိုင်ရေးနှင့် အားကစားကွင်း / အားကစားရုံများ တည်ဆောက်ရေးဆိုင်ရာ ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ အားကစားနှင့်ကာယပညာဦးစီးဌာနအစည်းအဝေးခန်းမ၌ ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ကျင်းပသည်။ (အောက်ပုံ)**



အစည်းအဝေးသို့ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးလှိုင်၊ အားကစားနှင့်ကာယပညာဦးစီးဌာန ခေတ္တညွှန်ကြားရေးမှူးချုပ် ဦးထွန်းမြင့်ဦး၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ဒုတိယအမြဲတမ်းအတွင်းဝန် (အားကစား) ဦးသိန်းထွန်းလတ်၊ အားကစားနှင့်ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်များ ဖြစ်ကြသော ဦးကျော်ဆန်း၊ ဦးကျော်ဦး၊ ဌာနခွဲညွှန်ကြားရေးမှူးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်တာဝန်ခံညွှန်ကြားရေးမှူးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**ဘောလုံးပြိုင်ပွဲများ ကျင်းပမည်**

ညှိနှိုင်း အစည်းအဝေးတွင် ဒုတိယဝန်ကြီး ဦးမျိုးလှိုင်က မြန်မာနိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုကြောင့် တိုင်းဒေသကြီးနှင့်ပြည်နယ်အားကစားပြိုင်ပွဲများကို ၂၀၂၀ မတ်လမှစ၍ မကျင်းပနိုင်ခဲ့သည်မှာ တစ်နှစ်ကျော် ကြာမြင့်ခဲ့ပြီး ဖြစ်ပါကြောင်း၊ အားကစားပြိုင်ပွဲကျင်းပရန်အတွက် ဘောလုံးအားကစားနည်းကို စတင်ကျင်းပမည်ဖြစ်ပြီး တိုင်းဒေသကြီးနှင့် ပြည်နယ် အမျိုးသား(၂၁)နှစ်အောက် ဘောလုံးပြိုင်ပွဲနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ် အသက် (၂၅)နှစ်အောက် အမျိုးသမီး ဘောလုံးပြိုင်ပွဲများကို စတင်ကျင်းပမည်ဖြစ်ပါကြောင်း၊ ပြိုင်ပွဲ စည်းမျဉ်းစည်းကမ်းများကို သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်များသို့ ပေးပို့ပြီးဖြစ်ပါကြောင်း၊ ပြိုင်ပွဲဆုကြေးများ ယခင်နှစ်များထက် များစွာပိုမိုချီးမြှင့်သွားရန် စီစဉ်ဆောင်ရွက်ထားရှိပါကြောင်း၊ ၂၀၂၁ ဩဂုတ်လနှင့် စက်တင်ဘာလအတွင်း၌ တိုင်းဒေသကြီးနှင့် ပြည်နယ် အလေးမ၊ ဝူရှူး၊ ဖူဆယ်ပြိုင်ပွဲများကျင်းပရန် စီစဉ်ဆောင်ရွက်ထားပါကြောင်း။

တိုင်း/ခရိုင်/မြို့နယ် အဆင့်ပြိုင်ပွဲများကို ကျင်းပရာတွင် အားကစားကွင်း/ အားကစားရုံ ဥပမိရုပ် ကောင်းမွန်ရေးသည် အဓိကကျ၍ မိမိတို့မြို့နယ်၊ခရိုင်၊ တိုင်းဒေသကြီးနှင့် ပြည်နယ် အားကစားကွင်းများ သန့်ရှင်းသာယာကောင်းမွန်ရေး၊ တိုင်း၊ ခရိုင်၊ မြို့နယ်ရှိ အားကစားဝန်ထမ်းများ၏ တာဝန်ဖြစ်ပါကြောင်း၊ တစ်နိုင်ငံလုံးအတိုင်း အတာဖြင့် မြို့နယ် ၃၃၀ တွင် ဘောလုံးကွင်း ၃၈၇ ကွင်း၊ အားကစားရုံ ၂၃၈ ရုံရှိပြီး ဘောလုံးကွင်း မရှိသော မြို့နယ် ၃၄ မြို့နယ်နှင့် အားကစားရုံမရှိသော မြို့နယ် ၉၉ မြို့သာ ကျန်ရှိတော့ပါကြောင်း၊ ၎င်းအတွက်လည်း ငါးနှစ်တာ စီမံကိန်းရေးဆွဲထားပြီဖြစ်၍ ဘဏ္ဍာရေးနှစ်အလိုက် မူတည်ပြီး ထည့်သွင်း တည်ဆောက်သွားရန် စီစဉ်ဆောင်ရွက် ထားရှိပါကြောင်း၊ အားကစားကွင်း/ အားကစားရုံများကို လိုအပ်သည့် မြို့နယ်များတွင် အားကစားကွင်း/အားကစားရုံများအဖြစ် မီတာ ၄၀၀ ပြေးလမ်း၊ ပွဲကြည့်စင် အုတ်တံတိုင်း၊ Inner Fency၊ ရုံးဝန်ထမ်းနေအိမ်ရေရရှိရေးများကို သက်ဆိုင်ရာ မြို့နယ် တိုင်းဒေသကြီး နှင့်ပြည်နယ်များ၏ လျာထားရန်ပုံငွေဖြင့် တည်ဆောက်ကြရန်နှင့် ပြည်ထောင်စုဘတ်ဂျက်မှ တတ်နိုင်သလောက် ဖြည့်ဆည်းဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း၊ ရှိပြီးသား အားကစားကွင်း/ အားကစားရုံများကို ပြန်လည်ပြုပြင်မွမ်းမံရာတွင် ပြည်ထောင်စုဘတ်ဂျက်မှ တတ်နိုင်သလောက်ကျခံ ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်တာဝန်ခံ ညွှန်ကြားရေးမှူးများမှ အမြဲမပြတ် တွန်းအားပေး ကြပ်မတ် စစ်ဆေးသွားကြရန် မှာကြားလိုကြောင်း ပြောကြားသည်။

**ကဏ္ဍအလိုက် ရှင်းလင်းတင်ပြ**

ထို့နောက် အစည်းအဝေး တက်ရောက်လာကြသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်တာဝန်ခံ ညွှန်ကြားရေးမှူးများက ကဏ္ဍအလိုက် ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် အားကစားကွင်း/အားကစားရုံ ညွှန်ကြားရေးမှူး ဦးကျော်ဆန်းဦး၊ ယှဉ်ပြိုင်ရေးနှင့် လေ့ကျင့်ရေးဌာနခွဲ(၁) ညွှန်ကြား ရေးမှူး ဦးခွန်ဂျာအောင်၊ ဒုတိယ ညွှန်ကြားရေးမှူးချုပ်များ ဖြစ်ကြသော ဦးကျော်ဆန်း၊ ဦးကျော်ဦး၊ ဒုတိယမြဲတမ်းအတွင်းဝန်ဦးသိန်းထွန်းလတ်နှင့် ခေတ္တ ညွှန်ကြားရေးမှူးချုပ် ဦးထွန်းမြင့်ဦးတို့က အသီးသီး ဖြည့်စွက်ပြောကြားကြရာ ဒုတိယဝန်ကြီးက နိဂုံးချုပ် အမှာစကား ပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## အသိပေးကြေညာချက်

ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်းဥပဒေ (၂၀၁၄)အရ ပြန်ကြားရေးဝန်ကြီးဌာနက တရားဝင် ထုတ်ဝေခွင့်ပြုထားသည့် စာအုပ်စာစောင်များတွင် ပါဝင်ခြင်းမရှိသည့် စာအုပ်စာစောင်အချို့အား ၂၀၂၁ ခုနှစ်၊ ဧပြီလ (၁၁) ရက်ခန့်မှစ၍ တရားမဝင် ထုတ်ဝေဖြန့်ချိနေသည်ကို တွေ့ရှိနေရပါသည်။ ထိုကဲ့သို့ ခွင့်ပြုချက်မရှိဘဲ လုပ်ငန်းဆောင်ရွက်ခြင်းနှင့် ထောက်ပံ့ကူညီခြင်းတို့ ပြုလုပ်ပါက တည်ဆဲဥပဒေနှင့်အညီ မည်သူမဆို အရေးယူခံရမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

ပြန်ကြားရေးဝန်ကြီးဌာန

(၁၄-၄-၂၀၂၁)

## ပညာရေးဝန်ကြီးဌာန၊ နည်းပညာ၊ သက်မွေးပညာနှင့်လေ့ကျင့်ရေးဦးစီးဌာနရှိ အစိုးရနည်းပညာကောလိပ်နှင့် အစိုးရစက်မှုလက်မှုသိပ္ပံများရှိ A.G.T.I (၃)နှစ် ဒီပလိုမာသင်တန်းများ၏ နောက်ဆုံးနှစ်ဖြစ်သည့် တတိယနှစ်သင်တန်းများနှင့် အစိုးရနည်းပညာအထက်တန်းကျောင်းများ၏ နောက်ဆုံးနှစ်ဖြစ်သည့် ဒုတိယနှစ်သင်တန်းများ စတင်ဖွင့်လှစ်မည်

ပညာရေးဝန်ကြီးဌာန၊ နည်းပညာ၊ သက်မွေးပညာနှင့်လေ့ကျင့်ရေးဦးစီးဌာနရှိ အစိုးရနည်းပညာကောလိပ်နှင့် အစိုးရစက်မှုလက်မှုသိပ္ပံများရှိ A.G.T.I (၃)နှစ် ဒီပလိုမာသင်တန်းများ၏ နောက်ဆုံးနှစ်ဖြစ်သည့် တတိယနှစ်သင်တန်းများနှင့် အစိုးရနည်းပညာအထက်တန်းကျောင်းများ၏ နောက်ဆုံးနှစ်ဖြစ်သည့် ဒုတိယနှစ်သင်တန်းများအား (၅-၅-၂၀၂၁) ရက်နေ့မှ စတင်ဖွင့်လှစ်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

## ပညာရေးဝန်ကြီးဌာန၊ အဆင့်မြင့်ပညာဦးစီးဌာနရှိ တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်များ၌ ၂၀၁၉-၂၀၂၀ ပညာသင်နှစ်တွင် ဖွင့်လှစ်ခဲ့သည့် နောက်ဆုံးနှစ်သင်တန်းများနှင့် မဟာဘွဲ့(ရေးဖြေ) သင်တန်းများ စတင်ဖွင့်လှစ်မည်

ပညာရေးဝန်ကြီးဌာန၊ အဆင့်မြင့်ပညာဦးစီးဌာနရှိ တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်များ၌ ၂၀၁၉-၂၀၂၀ ပညာသင်နှစ်တွင် ဖွင့်လှစ်ခဲ့သည့် နောက်ဆုံးနှစ်သင်တန်းများနှင့် မဟာဘွဲ့(ရေးဖြေ) သင်တန်းများအား ၅-၅-၂၀၂၁ ရက်နေ့မှ စတင်ဖွင့်လှစ်မည် ဖြစ်ကြောင်း သတင်းရရှိသည်။

သတင်းစဉ်




**အမြို့မြို့အနယ်နယ် ပျံ့နှံ့သည့် သတင်းစာ မြန်မာ့အလင်း သတင်းစာတွင် ကြော်ငြာပါ**

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၂၆ - ၄ - ၂၀၂၁

**ရွှေ**

| | | | | |
|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် ၁၃၇၀၀၀၀ |
| ရန်ကုန် | ၁၆ ပဲရည် | ပြန်ဝယ်ဈေး | တစ်ကျပ်သား | ကျပ် ၁၃၁၄၀၀၀ |
| မန္တလေး | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် ၁၃၆၅၀၀၀ |
| မန္တလေး | ၁၆ ပဲရည် | ပြန်ဝယ်ဈေး | တစ်ကျပ်သား | ကျပ် ၁၃၁၄၀၀၀ |

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | | လက်လီဈေး(မန္တလေး) | |
|---|---|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၈၄၀ | ကျပ် | ၈၇၀ | ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၈၇၀ | ကျပ် | ၉၂၀ | ကျပ် |
| အောက်တိန်း ၉၂ | ၈၄၀ | ကျပ် | ၈၆၀ | ကျပ် |
| အောက်တိန်း ၉၅ | ၉၁၀ | ကျပ် | ၉၅၀ | ကျပ် |

(ပြင်ပပေါက်ဈေးဖြစ်ပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် ၁၄၃၄ . ၅ |
| ဥရောပ | တစ်ယူရို | ကျပ် ၁၇၀၄ . ၈ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် ၁၀၆၈ . ၄ |
| ဂျပန် | ယန်း ၁၀၀ | ကျပ် ၁၃၁၉ . ၇ |
| တရုတ် | တစ်ယွမ် | ကျပ် ၂၂၀ . ၃၈ |
| ထိုင်း | တစ်ဘတ် | ကျပ် ၄၆ . ၃၇၉ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် ၃၄၈ . ၈၆ |

(ပြင်ပပေါက်ဈေးဖြစ်ပါသည်)

**စတော့အိတ်ချိန်းဈေးကွက်**

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၉၃၀၀ | ၉၃၀၀ | ၁၁ | ၁၀၂၃၀၀ |
| MTSH | ၃၅၀၀ | ၃၅၀၀ | ၆၈ | ၂၃၈၀၀၀ |
| MCB | ၀ | ၀ | ၀ | ၀ |
| FPB | ၂၁၅၀၀ | ၂၁၅၀၀ | ၅၆၆ | ၁၂၁၆၉၀၀၀ |
| TMH | ၀ | ၀ | ၀ | ၀ |
| EFR | ၀ | ၀ | ၀ | ၀ |

ညီညီ - စုစည်းသည်

**မြန်မာ့အလင်း**

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး |
| ခေတ္တစာတည်းမှူး | - | ဝင်းကျော် |
| သတင်းထောက်ချုပ် | - | မြင့်ဆွေ |
| စာတည်းများ | - | ကြည်ဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ |
| ဘာသာပြန် စာတည်း | - | ခြူးစန္ဒီဆွေ၊ တင်လင်းအောင် |
| အကြီးတန်း သတင်းထောက်များ | - | ကျော်သူဝင်း၊ စိန်လွင်အောင်၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော် |
| အငယ်တန်း သတင်းထောက်များ | - | နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ မိမိဖြိုး |
| ဓာတ်ပုံ သတင်းထောက် | - | တင်စိုး |
| သုတေသန | - | အိအိခင်နှင့် အဖွဲ့ |
| စာပြင် | - | အေးအေးမိုးလှိုင်နှင့် အဖွဲ့ |
| စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - | ဇော်ဝိုင်းအောင်၊ သန်းထွန်းအောင်နှင့် အဖွဲ့ |
| အီးမေးနှင့် အွန်လိုင်း | - | သက်လွင်ဦးနှင့် အဖွဲ့ |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃) |
| ပုံနှိပ်ခြင်းအမှတ် | - | (၀၀၈၇၇) |

mmalin.npt@ gmail.com

www.facebook.com/MYANMAALINNNEWS

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၃၊ **ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချုပ်(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်**-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

# စစ်ကိုင်းတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

ကန့်ဘလူ ဧပြီ ၂၆

**စစ်ကိုင်းတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ ဦးမောင်မောင်လင်းနှင့် အဖွဲ့ဝင်များ၊ တိုင်းဒေသကြီးဌာနဆိုင်ရာများ၊ ကန့်ဘလူခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် ဧပြီ ၂၄ ရက်က ကန့်ဘလူမြို့နယ် ကာဘိုးဆည်သို့ ရောက်ရှိပြီး ကာဘိုးရေလွှဲဆည် ဆောက်လုပ်ရန် ပြင်ဆင်ထားရှိမှုများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။**

ယင်းနောက် ကန့်ဘလူမြို့သို့ ရောက်ရှိပြီး ကန့်ဘလူခရိုင် စုပေါင်းရုံး၌ တပ်မတော် ကျန်းမာရေးဝန်ထမ်းများ ဖွင့်လှစ်ထားရှိသော အခမဲ့ယာယီပြင်ပ လူနာဌာန (OPD) ဆေးခန်းတွင် ဆေးကုသနေမှုများကို ကြည့်ရှုအားပေးပြီး အလှူငွေကျပ် ၁၂ သိန်း ပေးအပ်လှူဒါန်းသည်။

ဆက်လက်၍ တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌနှင့် အဖွဲ့သည် စိုက်ပျိုးရေးဦးစီးဌာန ဥယျာဉ်ခြံ၊ ဟင်းသီးဟင်းရွက်နှင့် အပင်ဇီဝနည်းပညာဌာနခွဲလက်အောက်ရှိ ကန့်ဘလူ ဥယျာဉ်ခြံ (သရက်ဧက ၁၀၀) သို့ သွားရောက်ကြည့်ရှုရာ ကန့်ဘလူ ဥယျာဉ်ခြံ တာဝန်ခံ ဦးသန်းထွန်းဦးက ဥယျာဉ်ခြံအနေဖြင့် နှစ်ရှည်ပျိုးပင် မျိုးကောင်းမျိုးသန့်များ ဖြန့်ဖြူးထုတ်လုပ်မှု၊ သရက်သီး အရည်အသွေးနှင့် အထွက်နှုန်းကောင်းမွန်သော နည်းစနစ်များကို သရက်စိုက်တောင်သူများအား သင်ကြားပို့ချမှုနှင့် နှစ်ရှည်သုတေသန လုပ်ငန်းများ ဆောင်ရွက်၍ တောင်သူများအား အကျိုးပြု ဆောင်ရွက်ပေးနေမှု အခြေအနေများကို ရှင်းလင်းတင်ပြရာ လိုအပ်သည်များ ဖြည့်စွက် မှာကြားသည်။

ထို့နောက် ကန့်ဘလူမြို့ မဟာရွှေစည်ကြီးစေတီတော်သို့ ရောက်ရှိ ဖူးမြော်ကြည်ညိုပြီး နဝကမ္မအလှူငွေကျပ် သုံးသိန်း ပေးအပ်လှူဒါန်းရာ ဂေါပကဥက္ကဋ္ဌနှင့် အဖွဲ့က လက်ခံယူ၍ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ကြောင်း သိရသည်။

တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့သည် ကျွန်းလှမြို့နယ် သဖန်းဆိပ်ဆည်သို့ ရောက်ရှိပြီး ငါးသယံဇာတများ ပေါကြွယ်ဝစေရန်နှင့် ဒေသတွင်း ငါးထွက်ရှိမှု တိုးတက်စေရန် ရည်ရွယ်၍ ဆည်အတွင်းသို့ ထိုင်းငါးခုံးမကြီး ကောင်ရေ ၅၀၀၀၀၊ ငါးမြစ်ချင်းကောင်ရေ ၁၅၀၀၀၀ တို့ကို ငါးမျိုးစိုက်ထည့်ပေးကြသည်။ **(အောက်ပုံ)**

ယင်းနောက် သဖန်းဆိပ်ဆည် ရှင်းလင်းဆောင်၌ ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန တိုင်းဒေသကြီး ဦးစီးမှူး ဦးစိုးနိုင်က သဖန်းဆိပ်ဆည်နှင့် ပတ်သက်သည့် အချက်အလက်များကို ရှင်းလင်းတင်ပြပြီး ကန့်ဘလူခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးတင်ထူးမောင်က ဒေသဆိုင်ရာ အချက်အလက်များနှင့် သဖန်းဆိပ်ဆည်အတွင်း တရားမဝင် ရွှေမှော်လုပ်ကိုင်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြကြရာ တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌက လိုအပ်သည်များ မှာကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌနှင့်အဖွဲ့သည် ကန့်ဘလူမြို့နယ် ဂါးထာကျေးရွာအုပ်စု ဆည်ကြီးကျေးရွာရှိတောင်သူ ဦးသောင်းငွေ၏ နွားမွေးမြူရေးခြံသို့ ရောက်ရှိရာ ခရိုင်မွေးမြူရေးနှင့် ကုသရေးဦးစီးမှူး ဦးသိန်းလွင်နှင့် တောင်သူ ဦးသောင်းငွေတို့က နွားမျိုးကောင်းမျိုးသန့် မွေးမြူမှု၊ ဆေးဝါးကုသမှု အခြေအနေများနှင့် အတိုးနည်းချေးငွေရရှိရေးနှင့် ပတ်သက်၍ တင်ပြကြရာ တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက သက်ဆိုင်ရာဌာနများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးကြောင်း သိရသည်။

**အောင်ဝင်းငြိမ်း (ကန့်ဘလူ)**






# ရှမ်းပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ရှမ်းပြည်နယ်အရှေ့ပိုင်းပြည်နယ် / ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့များနှင့်တွေ့ဆုံ

**ကျိုင်းတုံ ဧပြီ ၂၆**

ရှမ်းပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ ဒေါက်တာကျော်ထွန်း၊ တြိဂံဒေသတိုင်း စစ်ဌာနချုပ်တိုင်းမှူး၊ ရှမ်းပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်များ၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာများနှင့်အတူ ယမန်နေ့က ကျိုင်းတုံမြို့ ခေမရဋ္ဌရိပ်သာ၌ ရှမ်းပြည်နယ် အရှေ့ပိုင်း ပြည်နယ်/ ခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့များ ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့များနှင့်တွေ့ဆုံသည်။

ဆက်လက်၍ ရှမ်းပြည်နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ခွဲ (ရှမ်းအရှေ့) ဥက္ကဋ္ဌ ဦးရဲနိုင်၊ ပြည်နယ်ဒုတိယအုပ်ချုပ်ရေးမှူးက လုပ်ငန်းဆောင်ရွက်မှု အခြေအနေများအား ရှင်းလင်းသည်။ ပြည်နယ်စီမံအုပ်ချုပ်ရေး ကောင်စီက နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၏ မှာကြားချက်များကို ထပ်ဆင့်ရှင်းလင်းရာ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကာလတွင် မပြီးပြတ်သေးသည့် လုပ်ငန်းများ ဆောင်ရွက်နေရကြောင်း၊ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ၏ မှာကြားချက်ဖြစ်သည့် လျှပ်စစ်၊ လမ်းပန်းဆက်သွယ်ရေး၊ လူ့စွမ်းအားဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ အဓိကထား ဆောင်ရွက်ရန်နှင့် အဓိကကျသည့် စိုက်ပျိုးရေးနှင့် မွေးမြူရေးသည် မဖြစ်မနေ ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ တိုင်းပြည်ကို အရေးပေါ်ကာလတွင် လုပ်ငန်းများ မြန်မြန်ဆောင်ရွက်ရန် လိုကြောင်း၊ အဓိက စိုက်ပျိုးရေးနှင့် မွေးမြူရေး သင်တန်းကျောင်းဖွင့်ရန် လိုအပ်ကြောင်း၊ ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းများလည်း မကြာမီ ဆောင်ရွက်မည်ဖြစ်ကြောင်းနှင့် တိုင်းရင်းသား ဒေသများကို စိတ်ဝင်စားကြောင်း၊ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၏ မှာကြားချက်အရ ကျေးလက်နှင့် မြို့ပြကွာဟမှု အတတ်နိုင်ဆုံး နည်းရန်နှင့် လျှပ်စစ်ကဏ္ဍကို ဦးစားပေး ဆောင်ရွက်နေကြောင်း၊ အချို့ရွာများလည်း မြို့နှင့်မခြား လျှပ်စစ်မီးများ ရရှိနေပြီဖြစ်ကြောင်း၊ ကျေးလက်က ဆင်းရဲပြီး မြို့ပြက ချမ်းသာနေလျှင် ကွာဟမှုမရှိအောင် ပေါင်းစပ်ပေးရမည်ဖြစ်ကြောင်း၊ ရှမ်းပြည်နယ် အရှေ့ပိုင်း ဖွံ့ဖြိုးတိုးတက်ရန် လိုအပ်ချက်များကို အမြန်ဆုံးတင်ပြပေးရန်နှင့် မိမိတို့အနေဖြင့် အစည်းအဝေးပြုလုပ်၍ အမြန်ဆုံး ဆောင်ရွက်ပေးကြောင်း၊ ရှမ်းပြည်နယ် အရှေ့ပိုင်းရှိ တိုင်းရင်းသား ကဏ္ဍများသည်လည်း ဖွံ့ဖြိုးတိုးတက်ရန်နှင့် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၏ မှာကြားချက်များကို ထပ်ဆင့်ရှင်းလင်းရသည့်အတွက် ကျေးဇူးတင်ရှိကြောင်း ပြောကြားသည်။

**မောင်မောင်သန်း (တောင်ကြီး)**

# ဧရာဝတီတိုင်းဒေသကြီး အေးချမ်းသာယာငွေစုငွေချေးသမဝါယမအသင်း စုဆောင်းငွေအပေါ် အတိုးနှင့် အသင်းသားထောက်ပံ့ငွေများ ပေးအပ်

**နေပြည်တော် ဧပြီ ၂၆**

ဧရာဝတီတိုင်းဒေသကြီး အေးချမ်းသာယာ ငွေစုငွေချေး သမဝါယမအသင်းအား တိုင်းဒေသကြီး သမဝါယမ ဦးစီးဌာန ဝန်ထမ်းများဖြင့် ဖွဲ့စည်းထားရှိပြီး အသင်း၏ အစုအပေါ်အမြတ်ငွေ၊ အသင်းသားထောက်ပံ့ငွေ၊ စုဆောင်းငွေအပေါ် အတိုးများကို ဧပြီလဒုတိယပတ်က တိုင်းဒေသကြီး သမဝါယမ ဦးစီးဌာနရုံး၌ အသင်းသား အမှုဆောင်အဖွဲ့မှ အသင်းသားများထံသို့ ပေးအပ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ကျောက်ဖြူမြို့၌ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌဖလား မြို့နယ်ပေါင်းစုံ ဘောလုံးပြိုင်ပွဲကျင်းပ

**ကျောက်ဖြူ ဧပြီ ၂၆**

ကျောက်ဖြူမြို့တွင် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌဖလား အသက် ၂၁ နှစ်အောက် မြို့နယ်ပေါင်းစုံ အမျိုးသား ဘောလုံးပြိုင်ပွဲကို ယမန်နေ့က ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ လမ်းညွှန်ချက်များနှင့်အညီ မြို့မအားကစား ဘောလုံးကွင်း၌ ကျင်းပသည်။

ထိုသို့ ကျင်းပရာတွင် ကျောက်ဖြူခရိုင်အတွင်းရှိ မြို့နယ်များဖြစ်သော ကျောက်ဖြူမြို့နယ်၊ မာန်အောင်မြို့နယ်၊ အမ်းမြို့နယ်နှင့် ရမ်းဗြဲမြို့နယ်စသည့် လေးမြို့နယ်မှ ဘောလုံးအသင်း လေးသင်းတို့ ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်ပြီး ပထမပွဲစဉ်အဖြစ် နံနက် ၈ နာရီတွင် ကျောက်ဖြူမြို့နယ် ဘောလုံးအသင်းနှင့် ရမ်းဗြဲမြို့နယ် ဘောလုံးအသင်း၊ ဒုတိယပွဲစဉ်အဖြစ် ညနေ ၄ နာရီတွင် မာန်



အောင်မြို့နယ် ဘောလုံးအသင်းနှင့် အမ်းမြို့နယ် ဘောလုံးအသင်းတို့ ယှဉ်ပြိုင်ကစားကြသည်။ ဗိုလ်လုပွဲနှင့် ဆုပေးပွဲကို ဧပြီ ၂၉ ရက်တွင် ကျင်းပမည်ဖြစ်ကြောင်း ခရိုင်အားကစားနှင့် ကာယပညာ ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးမြင့်သိန်းက ပြောသည်။

ယင်းနေ့က ကျင်းပသည့် အဖွင့်ပွဲစဉ်တွင် ကျောက်ဖြူမြို့နယ် ဘောလုံးအသင်းနှင့် ရမ်းဗြဲမြို့နယ် ဘောလုံးအသင်းတို့ အကြိတ်အနယ် ယှဉ်ပြိုင်ကစားကြရာ ကျောက်ဖြူမြို့နယ်အသင်းက ရမ်းဗြဲမြို့နယ်အသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိကြောင်း သိရသည်။ **တင်ထွန်းဦး၊ ဖြိုးဝေလင်း (ပြန်/ဆက်)**

## အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများအား ပြန်လည်ဖိတ်ခေါ်

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**သတင်းထုတ်ပြန်ချက်**

**အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများအား ပြန်လည်ဖိတ်ခေါ်ခြင်း**

၁။ တပ်မတော်က နိုင်ငံတော်တာဝန်ကို ထိန်းသိမ်းရယူခဲ့ရသည့် ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့ နောက်ပိုင်းမှစ၍ NLD ပါတီဝင်များ၊ ၎င်းပါတီကို ထောက်ခံသူ အစွန်းရောက်များ၊ CRPH အမည်ခံမတရားအသင်း၊ CDM လှုံ့ဆော်မှုနှင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို မလိုလားသည့် ပြည်တွင်း၊ ပြည်ပမှ လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများ၏ သွေးထိုးလှုံ့ဆော်မှု၊ ခြောက်လှန့်မှုတို့ကြောင့် အချို့သော ကျောင်းသား၊ ကျောင်းသူ လူငယ်လူရွယ်များ၊ နိုင်ငံ့ဝန်ထမ်းများနှင့် မိမိတို့နိုင်ငံသားများသည် EAO များ တည်ရှိရာနေရာများနှင့် ပြည်ပနိုင်ငံများသို့ စိုးရိမ်စိတ်များဖြင့် တိမ်းရှောင်နေကြောင်း သိရှိရပါသည်။

၂။ ၎င်းတို့အနေဖြင့် CRPH မတရားအသင်းနှင့် ၎င်းအသင်းနှင့်ဆက်စပ်နေသည့် ပုဂ္ဂိုလ်အချို့၏ ထုတ်ပြန်ခဲ့သည့် အာဏာရှင်ဆန်သည့် ထုတ်ပြန်ချက်၊ ပြောကြားချက်တို့အပေါ်တွင်လည်း ထပ်မံစိုးရိမ်လျက်ရှိပြီး ရောက်ရှိရာနေရာများ၌လည်း လုံခြုံရေးအာမခံချက်မရှိမှု၊ လူမှုစီးပွားဘဝ အဆင်မပြေခက်ခဲမှုတို့နှင့် ရင်ဆိုင်နေရသဖြင့် မိမိတို့နေရပ်ဒေသအသီးသီးသို့ ပြန်လာလိုသည့်ဆန္ဒများ ဖြစ်ပေါ်နေသည်ကို သတင်းရရှိပါသည်။

၃။ မိမိနေရပ်ဒေသအသီးသီးမှ စွန့်ခွာတိမ်းရှောင်နေရသူများသည်လည်း မိမိတို့နိုင်ငံသားများသာဖြစ်သဖြင့် ၎င်းတို့အနေဖြင့် တိမ်းရှောင်ရောက်ရှိနေရာများမှ မြန်မာနိုင်ငံရှိ ၎င်းတို့ဒေသအသီးသီးသို့ ပြန်လည်ဝင်ရောက်ရေး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက စီမံဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၄။ သို့ဖြစ်ပါ၍ နေရပ်ဒေသအသီးသီးသို့ တိမ်းရှောင်နေရသူများအနေဖြင့် အကြောင်းအရာတစ်မျိုးမျိုးဖြင့် ပြစ်မှုကျူးလွန်ထားသူများမှအပ မိမိတို့၏ ကိုယ်ပိုင်စိတ်ဆန္ဒအရ မြန်မာနိုင်ငံရှိ မိမိတို့၏ နေရပ်များသို့ ပြန်လည်ဝင်ရောက်လိုပါက ဥပဒေအရ အရေးယူမှုမရှိဘဲ ပြန်လည်ဝင်ရောက်နိုင်ရေး နီးစပ်ရာ ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်၊ ခရိုင် စီမံအုပ်ချုပ်ရေးကောင်စီများနှင့် ပြည်ပရောက်နိုင်ငံသားများ အနေဖြင့် သက်ဆိုင်ရာ သံရုံး၊ စစ်သံရုံး၊ ကောင်စစ်ဝန်ရုံးများသို့ ဆက်သွယ်ဆောင်ရွက်နိုင်ပါရန် သတင်းထုတ်ပြန်အပ်ပါသည်။

သတင်းထုတ်ပြန်ရေးအဖွဲ့
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

# မကွေးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ မင်းဘူးမြို့နယ်နှင့် ငဖဲမြို့နယ်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

**မကွေး မေ ၂၆**

မကွေးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ ဦးတင့်လွင်သည် စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်များနှင့်အတူ မေ ၂၃ ရက်က မင်းဘူးခရိုင် မင်းဘူး (စကု) မြို့နယ်အိုးပြင်မဲကျေးရွာတွင် ကျေးလက်လမ်းဦးစီးဌာနမှ တာဝန်ယူတည်ဆောက်မည့် မန်းချောင်းတံတားတည်ဆောက်ရေးလုပ်ငန်းခွင်သို့ ရောက်ရှိပြီး လုပ်ငန်းဆောင်ရွက်မှုများကို ကြည့်ရှုစစ်ဆေးသည်။

**ရွှေသမင်များ ထိန်းသိမ်း**

ဆက်လက်၍ မင်းဘူး(စကု)မြို့နယ် ရွှေစက်တော်ဘေးမဲ့တောအတွင်း ရွှေသမင်များ သောက်သုံးနိုင်ရန် ရေကန်အတွင်း ရေပြတ်လပ်မှု မရှိစေရေးအတွက် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ယူဆောင်ရွက်ခဲ့သည့် ဆိုလာသုံးစက်ရေတွင်းတူးဖော်ပြီးစီးမှု၊ ရေထွက်ရှိမှုနှင့် ဆိုလာတပ်ဆင်ဆောင်ရွက်ထားရှိမှုများကို ကြည့်ရှုစစ်ဆေးပြီး ကြယ်လိပ်များ၊ ရွှေသမင်များ မွေးမြူထိန်းသိမ်းထားရှိမှုများနှင့် ပတ်သက်၍ လိုအပ်သည်များ မှာကြားဆောင်ရွက်သည်။

ထို့နောက် တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနှင့်အဖွဲ့သည် မန်းရွှေစက်တော်သို့ ဆက်လက်ထွက်ခွာပြီး မန်းရွှေစက်တော်ဘုရားတွင် ဆောင်ရွက်လျက်ရှိသည့် ကိုးခန်းကြီးဘုရားအဝင်တံတားတည်ဆောက်မှု၊ မြေထိန်းနံရံတည်ဆောက်မှု၊ စောင်းတန်းလှေကားများ ပြန်လည်ပြုပြင်နေမှုနှင့် ဓာတ်လှေကားတည်ဆောက်ရန် စီစဉ်ဆောင်ရွက်ထားရှိမှုများကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်း တင်ပြကြသည်။ တင်ပြဆောင်ရွက်မှုများအပေါ် လိုအပ်သည်များ မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးကာ အထက်စက်တော်ရာ စေတီတော်မြတ်အား ရွှေသင်္ကန်းဆက်ကပ်လှူဒါန်းသည်။



**ရေရရှိရေးဆောင်ရွက်ရန်**

ယင်းနောက် မင်းဘူးခရိုင် ငဖဲမြို့နယ်သို့ ဆက်လက်ထွက်ခွာပြီး ငဖဲမြို့အနီး နွေစပါးနှင့် နွေနှမ်း စိုက်ပျိုးမှုအခြေအနေများကို ကြည့်ရှုပြီး တောင်သူများက ရေရရှိရေး ဆောင်ရွက်ပေးရန် တင်ပြမှုအပေါ် ဆိုလာသုံးစက်ရေတွင်း တူးဖော်ပေးနိုင်ရေး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။ ဆက်လက်၍ ငဖဲမြို့ ကုန်းမြင့် ရတနာတိုက်ကျောင်း ဆရာတော်အား ဝင်ရောက်ဖူးတွေ့ပြီး လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ဆက်လက်ပြီး ငဖဲမြို့နယ် မန်းချောင်းရေလှောင်တမံသို့ ရောက်ရှိကာ မန်းချောင်းအတွင်း ရေဝင်ရောက်မှုအခြေအနေ၊ **(အပေါ်ပုံ)** စိုက်ပျိုးရေပေးဝေမှု၊ ရေပိုလွှဲနှင့် မြောင်းများ ပြုပြင်ဆောင်ရွက်ထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။ မန်းချောင်းရေလှောင်တမံ ရှင်းလင်းဆောင်တွင် ဆည်မြောင်းဦးစီးဌာနမှ တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြသည်။

**ကျေပွန်စွာ ထမ်းဆောင်**

ယင်းနောက် ငဖဲမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ မြို့နယ် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် တွေ့ဆုံပွဲကျင်းပရာ တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် မူဝါဒများချမှတ်၍ ဆောင်ရွက်နေမှုများကို အသေးစိတ်ရှင်းလင်းပြောကြားပြီး ဌာနဆိုင်ရာ တာဝန်ရှိသူများအနေဖြင့် မိမိတို့ဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် တာဝန်ကျရာ အခန်းကဏ္ဍများအလိုက် နိုင်ငံ့ဝန်ထမ်းကောင်းပီသစွာဖြင့် လုပ်ငန်းတာဝန်များကို ကျေပွန်စွာ ထမ်းဆောင်သွားကြရန်နှင့် နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နည်းဥပဒေများနှင့်အညီ နေထိုင်ကြရန် မှာကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီးစီမံအုပ်ချုပ်ရေး အဖွဲ့ဝင်(၁) ဗိုလ်မှူးကြီးမင်းဦး၊ အဖွဲ့ဝင်(၄) ဦးစိုးပိုင်မြင့်နှင့် အဖွဲ့ဝင်(၅)ရဲမှူးကြီး လှိုင်တင့်တို့က ရပ်/ကျေးအုပ်ချုပ်ရေးကိစ္စရပ်များ၊ နယ်မြေလုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးဆိုင်ရာ ကိစ္စရပ်များနှင့် လူမှုစီးပွားဘဝ ဖွံ့ဖြိုးရေးဆိုင်ရာများနှင့် ပတ်သက်၍ ဆွေးနွေးပြောကြားပြီး ငဖဲမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးအောင်သိန်းလှိုင်က မြို့နယ် အုပ်ချုပ်ရေး၊ စီးပွားရေး၊ လူမှုရေးနှင့် ဒေသဆိုင်ရာ အချက်အလက်များကို ပါဝါပွိုင့်ဖြင့် ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက ရှင်းလင်းတင်ပြမှုများအပေါ် လိုအပ်သည်များ ဖြည့်စွက် မှာကြားကြောင်း သိရသည်။

ခရိုင် (ပြန်/ဆက်)

## သံတွဲမြို့နယ်၌ မြစိမ်းရောင်အတိုးရငွေဖြင့် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်

**သံတွဲ မေ ၂၆**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန သံတွဲမြို့နယ် ကျေးလက်ဦးစီးဌာနမှ မြို့နယ်အတွင်း မြစိမ်းရောင် စီမံကိန်း ကျေးရွာအတိုးရငွေဖြင့် ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

အဆိုပါလုပ်ငန်းများကို မြစိမ်းရောင်စီမံကိန်းကျေးရွာများအနက် စီမံကိန်းအတိုးရငွေ၏ ၅၀ ရာခိုင်နှုန်းဖြင့် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ငမန်းခဲကျေးရွာတွင် ကျေးရွာတွင်းလမ်း မြေဖို့ခြင်း၊ ချောင်းသဲကျောက်ခင်းခြင်း၊ ရေနုတ်မြောင်းတူးဖော်ခြင်း၊ ရေနုတ်ပိုက်တည်ဆောက်ခြင်းလုပ်ငန်းကို မြစိမ်းရောင်အတိုးရငွေကျပ်သိန်း ၈၀၊ ပြည်သူထည့်ဝင်ငွေ ကျပ် ၂၂ သိန်းဖြင့် ဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် လယ်တီကျေးရွာတွင် ကျေးရွာတွင်း လမ်းချောင်းသဲကျောက်ခင်းခြင်း လုပ်ငန်းကို မြစိမ်းရောင်အတိုးရငွေကျပ်သိန်း ၇၀၊ ပြည်သူထည့်ဝင်ငွေကျပ် ၁၀ သိန်းဖြင့် ဆောင်ရွက်လျက်ရှိပြီး မြဲပြင်ကျေးရွာတွင် ကျေးရွာတွင်းလမ်း မီးလင်းရေး ဆောင်ရွက်ခြင်းလုပ်ငန်းကို စီမံကိန်းအတိုးရငွေကျပ်သိန်း ၃၀၊ ပြည်သူထည့်ဝင်ငွေကျပ် ငါးသိန်းဖြင့် လုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

တင်ထွန်း
(ပြန်/ဆက်)



**ရခိုင်ပြည်နယ် မြောက်ဦးမြို့နယ်၌ မီးဘေးသင့်ပြည်သူများ လာရောက်ခိုလှုံ နေထိုင်လျက်ရှိသည့် တိမ်ညို (ရွာသစ်)ကျေးရွာတွင် သောက်သုံးရေများ အခက်အခဲကြုံတွေ့နေရသဖြင့် မေ ၂၄ ရက်က မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ရှိသူများက အဆိုပါကျေးရွာသို့ သွားရောက်၍ သောက်သုံးရေများကို လှူဒါန်းပေးစဉ်။**

(မြောက်ဦးမြို့နယ်တွင် သောက်သုံးရေအခက်အခဲဖြစ်နေသည့် ကျေးရွာများရှိပါကလည်း မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဖုန်း-၀၉၄၄၄၄၄၁၂၁၁ သို့ ဆက်သွယ်၍ အကူအညီ တောင်းခံနိုင်ကြောင်း သိရသည်။)

တင်ဖွေး (ပြန်/ဆက်)

# မကြာမီလာမည် . . . မျှော်

မိုးဦးဝေ

ရှေးယခင် မြန်မာရုပ်ရှင် ခေတ်ကောင်းတုန်းက ရုပ်ရှင်ရုံတွေ၊ မြို့လယ် လမ်းဆုံလမ်းခွ ထင်သာမြင်သာရှိတဲ့ နေရာတွေ၊ အရပ်တကာကို ကြော်ငြာဆိုင်းဘုတ်ထောင်ပြီး လှည့်လည်ကြတဲ့ယာဉ်တွေနဲ့ ရုံတင်ပြသမယ့် ရုပ်ရှင်ဇာတ်ကားသစ်တွေ ကြော်ငြာကြတာကို သိမီလိုက်သူတွေ သိကြမှာဖြစ်ပါတယ်။ အပြင်ဘက်မှာ ပြမယ့်ရုပ်ရှင်ကို ကြော်ငြာသလို ရုပ်ရှင်ရုံကြီးတွေမှာလည်း ရုပ်ရှင်ဇာတ်ကားကြီးမပြမီ မကြာမီ ပြသတော့မယ့် ရုပ်ရှင်ဇာတ်ကားသစ်တွေရဲ့ ဇာတ်လမ်းအပိုင်းအစလေးတွေကို ပြလေ့ရှိပါတယ်။ ကောင်းခန်းလေးတွေကိုပြပြီးတဲ့အခါမှာ "မကြာမီလာမည် . . .မျှော်" ဆိုတဲ့ စာတန်းထိုးပြီး ပရိသတ်ကို ဆွဲဆောင်ကြော်ငြာကြပါတယ်။

## ပေါ်မလာဇာတ်ကား

ပရိသတ်တွေကို အမြည်းကျွေးထားတဲ့ "မကြာမီလာမည် . . . မျှော်" ဆိုတဲ့ ဇာတ်ကားတွေ အများစုဟာ ရက်သတ္တပတ်များ မကြာမီအတွင်း ရုပ်ရှင်ရုံကြီးရဲ့ ပိတ်ကားပေါ်ကို ရောက်လာကြပါတယ်။ ဒါပေမယ့် တစ်ခါတစ်ရံ ဇာတ်ကားတစ်ကားတလေဟာ မျှော်သာမျှော် "ပေါ်မလာဇာတ်ကား" ဖြစ်သွားတတ်တာလည်း ရှိခဲ့ဖူးပါတယ်။ ဥပမာအားဖြင့် ပြီးခဲ့တဲ့ကာလများအတွင်းက မြန်မာပြည်မှာ ရိုက်ကူးခဲ့တဲ့ "ဗိုလ်ချုပ်အောင်ဆန်းရုပ်ရှင်" ဇာတ်ကားကြီးဟာ နှစ်အချိန်ကြာစွာ၊ ငွေကြေးသန်းပေါင်းများစွာ အကုန်အကျခံ ရိုက်ကူးခဲ့သော်လည်း မကြာမီ လာမည် . . . မျှော် ဆိုတဲ့ ကြော်ငြာအနည်းငယ်သာ ကြည့်လိုက်ရပြီး ပေါ်မလာဇာတ်ကားဖြစ်ခဲ့ပါတယ်။

**မျက်မှောက်ကာလ ဒီမိုကရေစီ ရေချိန်တက်နေတဲ့အခါမှာ CRPH ရုပ်ရှင်ထုတ်လုပ်ရေးကုမ္ပဏီက ဒီမိုကရေစီရုပ်ရှင်ဇာတ်ကားအမျိုးမျိုးကို ပရိသတ်အကြိုက် ဖန်တီးလျက်ရှိပါတယ်။ ဒီရုပ်ရှင်ကုမ္ပဏီက ဇာတ်လမ်းဇာတ်ကွက် နမူနာပင်မပြပေးဘဲ ပရိသတ်အကြိုက် ဇာတ်လမ်းတွေကို လေထဲမှာဖန်တီးလို့ "မကြာမီလာမည် . . . မျှော်" ဆိုပြီး ခဏခဏ ကြော်ငြာပေးနေတာ တွေ့ရပါတယ်။ ပရိသတ်ဆန္ဒနဲ့ တစ်ထပ်တည်းကျမယ့် ဇာတ်လမ်းဇာတ်ကွက်တွေကို ဖန်တီးပြီး ကြော်ငြာပေးမယ့်လည်း နောက်ဆုံးမှာ "ပေါ်မလာဇာတ်ကား"သာ ဖြစ်သွားတာကို တွေ့ရပါတယ်။ ပရိသတ်တွေဟာ ကြည့်လိုတဲ့ဆန္ဒ ပြင်းပြလွန်းတာကြောင့် မရေရာ မသေချာမှန်းသိလျက်နဲ့ လာနိုးလာနိုး မျှော်ကိုးပြီး 'မြန်မြန်ပြပါတော့'ဟုသာ မျှော်လင့်နေရပါတော့တယ်။**

## ရပေါက်ရလမ်းရှာ

CRPH ရုပ်ရှင်ကုမ္ပဏီက ကြော်ငြာခဲ့တဲ့ ဇာတ်ကားအမျိုးမျိုးအနက် ပြီးခဲ့တဲ့ မတ်လ နောက်ဆုံးအပတ်က ကြော်ငြာခဲ့တဲ့ဇာတ်ကားသစ်ဟာ ပရိသတ်တွေ အထူးစိတ်ဝင်စားနေတဲ့ "နွေဦးတော်လှန်ရေး" ဇာတ်ကားကြီး ဖြစ်ပါတယ်။ ဒီဇာတ်ကားအတွက် အစောပိုင်းကတည်းက ဇာတ်လမ်းဇာတ်ကွက် အမျိုးမျိုးဖန်တီးထားတဲ့အတွက် နွေဦးတော်လှန်ရေး ဇာတ်ကားလို့ဆိုလိုက်တာနဲ့ ပရိသတ်ရဲ့စိတ်ဝင်စားမှုဟာ ချက်ချင်းမြင့်တက်လာခဲ့ပါတယ်။ ဒီဇာတ်ကားကို တစ်ပတ်အတွင်း မကြာမီလာမည် ကြော်ငြာလိုက်ရုံနဲ့ အမေရိကန်ဒေါ်လာ ၁၀ သန်းနီးပါး ရတယ်လို့ ကြော်ငြာလိုက်တာဟာ ဟောလိဝုဒ်က ကမ္ဘာကျော် ရုပ်ရှင်တွေရိုက်ကူးကြတဲ့ ရုပ်ရှင်ကုမ္ပဏီတွေတောင် ထိုင်ငိုရမယ့်အပေါက် ဖြစ်ခဲ့ရပါတယ်။

အမှန်တကယ်တော့ CRPH အနေနဲ့ မပြသေးတဲ့ဇာတ်ကားအတွက် ကြိုတင်လက်မှတ်ရောင်းထားလေဟန် အလံရှူးလုပ်ထားခြင်းသာဖြစ်ပါတယ်။ CRPH ဟာ ကုမ္ပဏီ စထောင်ကတည်းက တော်လှန်ရေးဇာတ်ကားတွေ ရိုက်ဖို့အတွက် အမေရိကန်(NED) ကုမ္ပဏီကြီးဆီက ထောက်ပံ့ကြေးတောင်းခဲ့ပေမယ့် ထင်သလိုဖြစ်မလာတော့ မတ်လ အစောပိုင်းကတည်းက "ပရိသတ်အကြိုက် ဇာတ်ကားကြီးလာတော့မယ်၊ ကြိုတင် လက်မှတ်တွေ ဝယ်ထားမှ စိတ်ချရမယ်" လို့ လေသံပစ်ပြီး ရပေါက်ရလမ်းရှာခဲ့တာ ဖြစ်ပါတယ်။

## ဒေါ်လာငွေတွေ မဆုံးစေဖို့

ဒီအကြောင်းအရာတွေဟာ CRPH ရဲ့ "မျောက်ပြဆန်တောင်း" အလှူငွေ ရှာပုံရှာနည်းကို ထင်သာမြင်သာဖြစ်အောင်လို့ ရုပ်ရှင်ကြော်ငြာ ကြော်ငြာပုံနည်းနဲ့ ဥပမာပေး တင်ပြရခြင်းဖြစ်ပါတယ်။ ဒီလိုတင်ပြလိုက်ရတဲ့အတွက် မြန်မာပရိသတ်တွေကို မထီလေးစား ပြုလုပ်ရာရောက်ပါက အနူးအညွတ် မေတ္တာရပ်ခံ တောင်းပန်အပ်ပါတယ်။ အမှန်တကယ်တော့ ဒီဇာတ်ကားဟာ ပေါ်မလာဇာတ်ကားသာ ဖြစ်ပါတယ်။ ပရိသတ်တွေ ကြိုတင်ဝယ်ယူထားတဲ့ ငွေဒေါ်လာအသပြာငွေတွေ မဆုံးရှုံးစေဖို့ အမုန်းခံ တင်ပြရခြင်း ဖြစ်ပါတယ်။

**တကယ်တမ်းမှာ "မကြာမီလာမည် . . . မျှော်" ဆိုတဲ့ နွေဦးတော်လှန်ရေးရုပ်ရှင်ဇာတ်ကားဟာ ထောက်ပံ့ကြေးလည်းမရ၊ ဇာတ်ကွက်လည်း မဖော်နိုင်တဲ့အပြင် ဇာတ်လမ်း အစတောင် ရိုက်နိုင်ခဲ့တာ မဟုတ်ပါဘူး။ ဒါ့ကြောင့် အခုတစ်ခါ တစ်မျိုးတစ်ဖုံ ကြော်ငြာရပြန်ပါတယ်။ ဇာတ်လမ်းဖန်တီးသူ မင်းကိုနိုင် အပြောကတော့ ရှင်းလှပါတယ်။ "မိုးပေါ်ကရေက သူရွာချင်ရင် ရွာမယ်၊ မရွာသေးရင်လည်း စောင့်ရမယ်။ ထိုင်ပြီးစောင့်နေလို့တော့ မရပေ။ သေချာတဲ့ မြေအောက်ရေကို ကိုယ်တိုင်တူးပြီး ရှာရပေမည်"လို့ လုပ်ပြန်ပါတယ်။ တစ်ခုမရတော့ တစ်ခု ရွှေဥဒေါင်းတော်ဆင်ကာ ဇာတ်လမ်းဆက်လက်ရိုက်ကူးရေး အကြံထုတ်ကြပြန်ပါတယ်။**

## ရပ်ကွက်ထဲက အလှူခံလို

ရွှေဥဒေါင်းတော်ဟာ မြန်မာနိုင်ငံသားတွေကို တစ်ဦးလျှင် တစ်လ နှစ်ဒေါ်လာစီ ကြိုတင်လက်မှတ်ဝယ်ယူရေးဖြစ်ပါတယ်။ မြန်မာပြည်က ပြည်သူ၊ ပြည်သားတွေကို မြှောက်ပင့်ပေးပြီး ပြည်သူတွေက ကိုယ့်ထမင်းကိုယ်စား၊ ကိုယ့်စရိတ်ကိုယ်ခံ၊ ကိုယ့်ဆန္ဒနဲ့ကိုယ် ကိုယ်တိုင်အနစ်နာခံ စွန့်စား လှုပ်ရှားနေကြတာကို အသုံးချပြီး အချောင်ရပေါက်ရှာ အသုံးချခဲ့တာဖြစ်ပါတယ်။ သူတို့အလှူခံကြတာဟာ ကျွန်တော်တို့ ရပ်ကွက်ထဲမှာ အဆင့်မြင့်မြင့် အလှူခံကြသလို စေတနာရှိရင် နှစ်ဒေါ်လာမက ဒေါ်လာတစ်ရာဖြစ်စေ၊ စေတနာရှိရင် စေတနာရှိသလောက် လှူနိုင်ပါတယ်လို့ တစ်ပြားသားမှမလျှော့ဘဲ အလှူခံကြပါတယ်။

မင်းကိုနိုင် ဇာတ်ညွှန်းရေးသားပြီး CRPH က ရိုက်ကူးမယ့်ဇာတ်ကားတွေဟာ တကယ်တမ်းကြည့်ရမယ့် ဇာတ်ကားတွေတော့ မဟုတ်ပါဘူး။ လေထဲမှာ တိုက်ဆောက်တဲ့ဇာတ်ကားတွေ၊ စိတ်ကူးယဉ်သမ္မတ၊ အစိုးရ ဇာတ်လမ်းတွေ၊ သကြိန်အမြောက်ဖောက်တဲ့ ဇာတ်လမ်းတွေသာဖြစ်ပါတယ်။ အလံရှူးတွေနဲ့ပေါင်းပြီး နောက်ဆုံးမှာ ဆေးရောင်းကာ ပရိသတ်ကို လှည့်စားသွားတဲ့ မျက်လှည့်ပွဲနဲ့ တူပါတယ်။ CRPH ရဲ့ ရန်ပုံငွေရှာကြော်ငြာပုံက–

"မြန်မာ့မြေပေါ်မှ လက်နက်အားကိုး အနိုင်ကျင့်တဲ့ စစ်အာဏာရှင်စနစ် အမြစ်ဖြုတ်ဖယ်ရှားပြီး တိုင်းရင်းသားသွေးချင်းတို့ရဲ့ ပန်းတိုင်ဖြစ်တဲ့ ဖက်ဒရယ်ပြည်ထောင်စုကို တက်လှမ်းနိုင်မယ့် အခွင့်အခါကောင်း၌ မိမိတတ်နိုင်တဲ့အင်အားနဲ့ ဆက်လက်၍ တက်ညီလက်ညီ ရုန်းကန်တိုက်ပွဲဝင်ကြရန် တိုက်တွန်းနှိုးဆော်လိုက်ရပါတယ်" ဆိုပြီး အစချီထားပါတယ်။

## ထည့်ဝင်လှူဒါန်းနိုင်

ထိုကဲ့သို့ ရုန်းကန်တိုက်ပွဲဝင်ရာတွင် CRPH အနေနဲ့လည်း ပြည်သူနဲ့တစ်သားတည်းရှိပြီး ပြည်သူရဲ့ဆန္ဒတွေ၊ အကောင်အထည်ဖော်တဲ့ လုပ်ငန်းတွေ လုပ်ဆောင်ရန် အလှူငွေများ လိုအပ်လျက်ရှိပါတယ်။ ဒါ့ကြောင့် CDM လုပ်ဆောင်နေတဲ့ ဝန်ထမ်းတွေကို ကူညီနိုင်ရေးအပါအဝင် CRPH လုပ်ငန်းစဉ်တွေအားလုံး အဆင်ပြေချောမွေ့စွာ လည်ပတ်နိုင်ပြီး နိုင်ငံရေးရည်မှန်းချက် (၄)ရပ်ကို ဖြစ်နိုင်ခြေရှိသော နည်းလမ်းပေါင်းစုံဖြင့် ထိရောက်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် အလှူငွေများကို ပြည်သူ့ဂုဏ်ရည်အသင်းမှ တစ်ဆင့် ဤအလှူခံစာမျက်နှာတွင် ထည့်ဝင်လှူဒါန်းနိုင်ပါတယ်လို့ ဆိုပါတယ်။

မြန်မာနိုင်ငံနဲ့ ပြည်သူတွေအားလုံးရဲ့ အနာဂတ် ရာစုနှစ်ပေါင်းများစွာကို ပြောင်းလဲသွားစေမယ့် ဤအလှူတွင် မိတ်ဆွေများအားလုံးက တစ်တပ်တစ်အား ပါဝင်ကူညီနိုင်ကြပါရန် နှိုးဆော်လိုက်ရပါတယ်ဟု မတ်လလယ်ခန့်က ကြော်ငြာခဲ့ပါတယ်။ နောက်အပတ် မတ်လကုန်အထိ အမေရိကန်ဒေါ်လာ ၁၀ သန်းရပြီဟု အလံရှူးလုပ်ကာ ကြော်ငြာခဲ့ပါတယ်။ အလှူငွေဒေါ်လာတွေ ရတာတော့အမှန်ပါပဲ။ စာရင်းမရှိ၊ အင်းမရှိ၊ ဘာလုပ်လို့ ဘာလုပ်မှန်းမသိတဲ့ မြန်မာနိုင်ငံသားတွေလှူတဲ့ ဒေါ်လာငွေတွေကို ဘာဆက်လုပ်ကြသလဲဆိုတာ သူတို့တွေသာ အသိဆုံးဖြစ်ပါတယ်။ Soros တို့လို၊ NED တို့လို အနောက်အုပ်စုအစိုးရလက်ဝေခံတွေဆီက အလှူငွေတွေ ရ/မရ လည်း မြန်မာနိုင်ငံက ပြည်သူတွေ မသိကြပါဘူး။

## မျက်လှည့်ပြငွေရှာနည်း

ယခင်က မြန်မာပြည်က ပြည်ပြေးတွေဟာ ပြည်ပက အထောက်အပံ့ကောင်းတွေ ရဖို့အတွက် မျောက်ပြ ဆန်တောင်းကြတယ်လို့ ကြားဖူးပါတယ်။ ပြည်ပက အထက်ပါ ဆရာကြီးတွေထံကလည်း အလှူငွေတွေရခဲ့ကြပါတယ်။ အလှူငွေတွေရသော်လည်း နှစ်ပေါင်း ၂၀ ကျော်၊ ၃၀ နီးပါး ကြာတဲ့တိုင်အောင် "အာဏာရှင်ဇာတ်သိမ်း" ဇာတ်ကားကို အစအနလေးတောင် မရိုက်နိုင်ခဲ့ပါဘူး။ ရှေ့က ဆရာတွေက ယုံကြည်အောင် လုပ်မပြနိုင်တော့ နောက်ဆရာတွေလည်း အလှူငွေတွေ လွယ်လွယ်ကူကူ မရနိုင်တော့ပါဘူး။

*စာမျက်နှာ ၂၃ သို့*

**မင်းကိုနိုင် ဇာတ်ညွှန်းရေးသားပြီး CRPH က ရိုက်ကူးမယ့်ဇာတ်ကားတွေဟာ တကယ်တမ်းကြည့်ရမယ့် ဇာတ်ကားတွေတော့ မဟုတ်ပါဘူး။ လေထဲမှာ တိုက်ဆောက်တဲ့ဇာတ်ကားတွေ၊ စိတ်ကူးယဉ်သမ္မတ၊ အစိုးရဇာတ်လမ်းတွေ၊ သကြိန်အမြောက်ဖောက်တဲ့ ဇာတ်လမ်းတွေသာဖြစ်ပါတယ်။ အလံရှူးတွေနဲ့ပေါင်းပြီး နောက်ဆုံးမှာ ဆေးရောင်းကာ ပရိသတ်ကိုလှည့်စားသွားတဲ့ မျက်လှည့်ပွဲနဲ့တူပါတယ်**

# ပဲခူးတိုင်းဒေသကြီး ကိုဗစ်- ၁၉ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီလုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**ပဲခူး မေ ၂၄**

ပဲခူးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးမျိုးဆွေဝင်း ဦးဆောင်၍ တိုင်းဒေသကြီး ကိုဗစ်- ၁၉ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ယနေ့နံနက်ပိုင်းက တိုင်းဒေသကြီးစီမံအုပ်ချုပ်ရေး ကောင်စီရုံးတော်ဝင်ဟံသာ အစည်းအဝေးခန်းမ၌ ကျင်းပသည်။



တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက အိမ်နီးချင်းနိုင်ငံများတွင် ကိုဗစ်-၁၉ ရောဂါပိုးသစ်များ တွေ့ရှိနေရကြောင်းကို သိရှိနေရပြီဖြစ်၍ လုံးဝပေါ့ဆ၍မရဘဲ မိမိတို့တိုင်းဒေသကြီးအတွင်းမှာလည်း ကိုဗစ် -၁၉ စစ်ဆေးနိုင်ရေးအတွက် ကြိုတင်ပြင်ဆင်စရာရှိသည်များကို စီစဉ်ဆောင်ရွက်ထားရန် လိုအပ်ကြောင်း၊ ယခင် အသွားအလာကန့်သတ်စောင့်ကြည့်ရေးနေရာအဖြစ် အသုံးပြုခဲ့သော အခြေခံပညာကျောင်းများ၊ တက္ကသိုလ်၊ ကောလိပ်နှင့် သင်တန်းကျောင်းများအစား အသွားအလာကန့်သတ်စောင့်ကြည့်ရေးနေရာအဖြစ် အသုံးပြုနိုင်မည့် နေရာသစ်များ ထပ်မံရှာဖွေထားရန် လိုအပ်ကြောင်း၊ ကိုဗစ်- ၁၉ ပထမအကျော့ကို ထိရောက်စွာ ထိန်းချုပ်နိုင်သော်လည်း ကိုဗစ်- ၁၉ ဒုတိယအကျော့သည် ပြည်တွင်း ကူးစက်မှုနှုန်း အလွန်မြင့်မားခြင်းနှင့် သတင်းအချက်အလက် အားနည်းချက်များကြောင့် ထိန်းချုပ်ရန်ခက်ခဲပြီး ထိခိုက်ဆုံးရှုံးမှုများ များပြားခဲ့ရသည်ကို သင်ခန်းစာယူ၍ ကိုဗစ်- ၁၉ တတိယအကျော့ ဖြစ်ပွားလာပါက အချိန်မီ ထိန်းချုပ်နိုင်ရေးနှင့် အရေးပေါ်တုံ့ပြန်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို စီမံချက်ရေးဆွဲတင်ပြပေးရန် ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးပြည်သူ့ကျန်းမာရေးဦးစီးဌာန ဦးစီးမှူး ဒေါက်တာသီဟက တိုင်းဒေသကြီးအတွင်း မြို့နယ်အလိုက် ကိုဗစ်-၁၉ ရောဂါဖြစ်ပွားခဲ့မှု၊ စစ်ဆေးခဲ့မှု၊ ကျန်းမာရေးစောင့်ရှောက်မှု ပေးခဲ့နိုင်ခြင်း အခြေအနေများနှင့် ကြိုတင်ကာကွယ်ရေး လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြရာ တက်ရောက်လာသည့် တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များက အကြံပြုဆွေးနွေးကြပြီး တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးမျိုးဆွေဝင်းက ကိုဗစ်-၁၉ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေး လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ လိုအပ်သည်များ ဖြည့်စွက်မှာကြားကြောင်း သိရသည်။

**တင်စိုး(ပဲခူး)**

# မြန်မာ့ငရုတ်သီးဈေးကွက် ရေရှည်ခိုင်မာမှုရှိစေရန် ငရုတ်(အစို/အခြောက်)ဆိုင်ရာကုန်ချောများထုတ်လုပ်နိုင်ရန် ကြိုးပမ်းသင့်

**ရန်ကုန် မေ ၂၄**

မြန်မာ့ငရုတ်သီးဈေးကွက် ရေရှည်တည်ငြိမ်မှုရှိပြီး တိကျခိုင်မာသည့် အာမခံချက်များရရှိစေရန်၊ ပြည်တွင်းရှိ ငရုတ်စိုက်ပျိုးသူများ၊ ငရုတ်သီးတင်ပို့ရောင်းချသူများ၊ ငရုတ်ဈေးကွက်ဖော်ဆောင်သူများအနေဖြင့် ငရုတ်သီးနှင့် ဆက်စပ်သော ကုန်ချောပစ္စည်းများ၊ ငရုတ်(အစို/အခြောက်)ဆိုင်ရာ စားသောက်ကုန်များကို ဖန်တီးထုတ်လုပ် လာနိုင်ရန် ကြိုးပမ်းဆောင်ရွက်သင့်ကြောင်း သိရသည်။

"အခုအချိန်ထိတော့ တရုတ်ကလည်း ဝယ်ပါတယ်။ သို့သော် အခုက ထိုင်းရော၊ တရုတ်ကိုပါ တိုက်ရိုက်တင်ပို့မနေတော့ဘဲ ပြည်တွင်းက ကုန်သည်တွေကတစ်ဆင့် ပြန်ကောက်ယူနေတယ်။ ဈေးကတော့ ကျတာပေါ့။ နောင်တစ်ချိန်မှာ ငရုတ်သီးတွေကို ရောင်းချရာမှာ နယ်စပ်တစ်ခုကိုပဲ အားကိုးလို့မရတော့ဘူး။ နယ်စပ်တွေကိုသွားတဲ့ လမ်းပန်းဆက်သွယ်ရေးတွေ ခက်ခဲသွားရင် ဘယ်လိုဖြစ်မလဲဆိုတဲ့ အချက်ကိုပါ ထည့်တွက်ဖို့ လိုအပ်လာပါပြီ။ ဒီတော့ ငရုတ်သီးကနေ ကုန်ချောပစ္စည်းအမျိုးမျိုး ထုတ်လုပ်နိုင်တဲ့နည်းလမ်းတွေကိုလည်း ထည့်သွင်းစဉ်းစားဖို့ လိုအပ်လာပါတယ်" ဟု မြန်မာ့ငရုတ်သီးဈေးကွက်နှင့် နည်းပညာဖွံ့ဖြိုးတိုးတက်ရေးအသင်း၏ဥက္ကဋ္ဌ ဒေါ်ဥမ္မာကျော်က ပြောသည်။

၂၀၂၁ ခုနှစ် ဧပြီလ လတ်တလောအခြေအနေတွင် ငရုတ်သီးတင်ပို့ရောင်းချမှု ဈေးကွက်အတွင်း နယ်စပ်လမ်းကြောင်းများ သွားလာရေးခက်ခဲနေသည့်အတွက် တင်ပို့ရောင်းချမှု နှောင့်နှေးခြင်း၊ ဈေးနှုန်းကျဆင်းခြင်းများ ဆက်တိုက်ဖြစ်ပေါ်နေသည်။

"ငရုတ်သီးဈေးတွေ ကမောက်ကမဖြစ်ကုန်တယ်။ အမှည့်အစို တစ်ပိဿာကို ငွေကျပ် ၁၀၀၀ လောက်နဲ့ အခြောက်လှန်းသမားတွေကို ရောင်းတဲ့သူက ရောင်းနေကြတယ်။ မနှစ်က ကိုဗစ်ကာလအတွင်း ဈေးအနည်းအကျဉ်းရခဲ့ကြပေမယ့် ဒီနှစ်ကလည်း ဘာမှန်းမသိရပါဘူး။ ထိုင်းထွက်ပေါက်ကနေ ထွက်လို့ရပေမယ့်လည်း ထိုင်းမှာ ငရုတ်ဈေးတွေ တအားကျနေတယ်။ မကျတဲ့အချိန်ကျတော့လည်း ငွေလွှဲတဲ့ကိစ္စမှာ အခက်အခဲအနည်းနဲ့အများရှိတယ်။ နောက်တစ်ခုက ရောင်းမယ့်ငရုတ်ကို ခေတ်ပုံပြခိုင်းရင်လည်း အဆင်မပြေပြန်ဘူး။ တရုတ်ဘက်ကို အရဲစွန့်ပြီးသွားတဲ့ကားတချို့ ပြန်လှည့်လာရတယ်။ ဘာမှမထူးဘူး။ အားလုံးဒုက္ခရောက်နေကြတယ်"ဟု ၎င်းက ဆက်လက်ပြောသည်။

လက်ရှိတွင် ရောဝတီတိုင်းဒေသကြီးမှ ငရုတ်သီးအခြောက် တစ်ပိဿာလျှင် အထိုင်ဈေး ငွေကျပ် ၂၇၀၀ မှ ငွေကျပ် ၂၉၀၀ အတွင်း ဈေးနှုန်းများဖြင့် ရောင်းဝယ်နေကြပြီး ငရုတ်သီးအမှည့်အစိုများကိုမူ ဝယ်လက်မရှိသလောက် နည်းပါးနေကြောင်း သိရသည်။

**နန်းထက်ထက်ချစ်**

## မောင်တောမြို့နယ်၌ စိမ်းလန်းစိုပြည်ရေး ပျိုးပင်ပေါင်း ၄၀၀၀၀ စိုက်ပျိုးထားရှိ

**မောင်တော မေ ၂၄**

မောင်တောမြို့နယ်တွင် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန သစ်တောဦးစီးဌာနအနေဖြင့် ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်အတွက် ပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးစီမံကိန်းကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ အဆိုပါ စီမံကိန်းအကောင်အထည်ဖော်နိုင်ရေးအတွက် မြို့နယ်အတွင်းရှိ ငါးမိုင် ပျိုးဥယျာဉ်တွင် သစ်ပင်များ စိုက်ပျိုးထားရှိသည်။

မိုးရာသီကာလတွင် စိုက်ပျိုးနိုင်ရန်အတွက် ကျွန်းပင် ၇၀၀၀၊ ပျဉ်းကတိုးပင် ၇၀၀၀၊ မန်ကျည်းရှားပင် ၁၃၀၀၀၊ ကဖွီးပင် ၃၀၀၀၊ ရေတမာပင် ၃၀၀၀၊ မဟော်ဂနီပင် ၃၀၀၀၊ သမဲကြီးပင် ၂၀၀၀၊ ကန့်ပလာ ၂၀၀၀ စသည့် သစ်မျိုးပေါင်း ရှစ်မျိုး စုစုပေါင်း ပျိုးပင် ၄၀၀၀၀ စိုက်ပျိုးထားရှိကြောင်း ငါးမိုင် ပျိုးဥယျာဉ် တာဝန်ခံ တောအုပ် ဇော်မင်းထွန်းထံမှ သိရသည်။

**ခရိုင်(ပြန်/ဆက်)**

*စာမျက်နှာ ၂၂ မှ*

ဒါကြောင့် အခုခေတ်သစ် မြန်မာပြည်ပြေးတွေရဲ့ ငွေရှာပုံဟာ မျောက်ပြဆန်တောင်း မဟုတ်တော့ဘဲ ပရိသတ်ကို မျက်လှည့်ပြပြီး ငွေရှာတဲ့ လှည့်စားနည်းကို သုံးရတာပဲဖြစ်ပါတယ်။

မြန်မာပြည်က ပြည်သူထဲက ပြည်သူတစ်ယောက်အနေနဲ့ မိမိတို့ပြည်သူတွေအပေါ် လွန်စွာစာနာမိပါတယ်။ ဝါဒမှိုင်းတိုက်ခံရတာ၊ လှည့်စားခံရတာ၊ စိတ်ခံစားချက် ပြင်းထန်လွန်းတာတွေကြောင့် မဟုတ်မှန်းသိပါလျက်နဲ့ အဟုတ်ထင်ပြီး ဇွတ်တိုးနေကြရတာ ဖြစ်ပါတယ်။ "မကြာမီ လာတော့မှာပါ၊ လာနေပါပြီ၊ ဖြစ်လာတော့မှာပါ၊ လာပါပြီ၊ လာပါပြီ"စတဲ့ မရေရာတာတွေကို ဆန္ဒဇောနဲ့ ဇွတ်နစ်နေတာကိုတွေ့ရတော့ အလွန်ပဲ စိတ်မကောင်းဖြစ်မိပါတယ်။ ဥပဒေအပြင်ထွက်ပြီး ဘဝတွေကိုရင်းနေကြတာဟာ ပိုးဖလံတွေ မီးကို တိုးနေကြသလိုပါပဲ။ ပြည်ပက အထောက်အပံ့တွေ၊ ပြည်ပက ကိုယ့်တိုင်းပြည်ကို ဖျက်ဆီးပေးမယ့်သူတွေကို ကယ်တင်ရှင်မှတ်ပြီး လက်ယပ်ခေါ်နေတဲ့ မင်းကိုနိုင်လို နိုင်ငံရေးအစွန်းရောက် တွေနဲ့ အမျိုးသားသစ္စာဖောက် CRPH တို့ရဲ့ လက်ချက်တွေကြောင့် ပြည်သူတွေဟာ အမှားသံသရာမှာ နစ်သထက်နစ်ခဲ့ရပါပြီ။

### နောက်တစ်ခါလာပြန်ပြီ

မြန်မာနိုင်ငံသားတွေဆီက အလှူငွေတွေရပြီးတဲ့နောက် ပေါ်မလာဇာတ်ကားကြောင့် ပရိသတ်တွေ စိတ်မပျက်ဖို့အတွက် နောက်ဇာတ်လမ်းတစ်ခုကို ဖန်တီးဖို့ကြံရပြန်ပါတယ်။ ဒီတစ်ခါဇာတ်လမ်းက အဝေးရောက် တကယ့်ရုပ်ရှင်ဇာတ်လမ်းပါပဲ။ ဒီတစ်ခါ ရုပ်ရှင်ဇာတ်လမ်းက ခက်ခက်ခဲခဲကြီးတော့မဟုတ်ပါဘူး။ CRPH ကို NUG အစိုးရဆိုပြီး ဇာတ်လမ်းဖွဲ့ပြလိုက်တာပဲဖြစ်ပါတယ်။ မတ်လက ကြော်ငြာခဲ့တဲ့ ဇာတ်ကားတွေ တစ်ကားမှမပြနိုင်တော့ ဧပြီလ ၁၆ ရက်နေ့မှာ NUG ဇာတ်ကားလာပြီလို့ ကြော်ငြာလိုက်တာပဲဖြစ်ပါတယ်။ တကယ်တော့ NUG ရုပ်ရှင်ဇာတ်လမ်းလို့သာဆိုတယ် ဘာမှလည်း မည်မည်ရရ သရုပ်ဆောင်ကွက်တွေမရှိပါဘူး။ မြန်မာပရိသတ်တွေအတွက် ဘာမှမကြည့်ရတာနဲ့စာရင် နောက်တစ်ခါလာပြန်တဲ့ဇာတ်ကားကြောင့် ကျေနပ်ကြမှာတော့ သေချာပါတယ်။ ဇာတ်လမ်းတွေကို တစ်မျိုးပြီးတစ်မျိုး မရိုးနိုင်အောင် ဖန်တီးနိုင်မှသာ ပရိသတ်တွေ စိတ်မပျက်မှာ၊ အရှိန်မကျမှာ မဟုတ်ပါလော။

သင်္ကြန်ပြီးတဲ့အခါမှာတော့ CRPH ကုမ္ပဏီက အကြံတစ်မျိုးထုတ်ရပြန်ပါတယ်။ ဧပြီလ ၂၄ ရက်နေ့မှာ ကျင်းပပြုလုပ်မယ့် အာဆီယံထိပ်သီးအစည်းအဝေးကို အကြောင်းပြုပြီးတော့ "ပွဲသိမ်းလက်သီး" ဇာတ်ကားလာပြီလို့ ပရိသတ်တွေကို သတင်းလွှင့်လိုက်ပြန်ပါတယ်။ ကလေးကလား မဖြစ်နိုင်တဲ့ ဇာတ်လမ်းကို ကြော်ငြာလာပြန်တော့ ပရိသတ်တွေအနေနဲ့ ရုံတင်မယ့် ဧပြီလ ၂၄ ရက်နေ့ကို စောင့်ကြည့်ခဲ့ကြရပါတယ်။ ဒီတစ်ခါလည်း ပေါ်မလာဇာတ်ကားပါပဲ။ ပရိသတ်တွေလည်း စိတ်ပျက်ပြီးတော့ လကုန်ရင်၊ လဆန်းရင် "ပွဲသိမ်း တိုက်ပွဲ" ဇာတ်ကားကို CRPH မပါဘဲ ကိုယ့်ဘာသာကို ရိုက်တော့မယ်လို့ ဆိုနေကြပြန်ပါတယ်။

### စဉ်းစားချင့်ချိန်နိုင်ရန်

တကယ်တော့ NLD နဲ့ NLD အပေါင်းပါ၊ NLD နောက်လိုက်နဲ့ NLD ကို အသုံးချသူတွေက ၎င်းတို့ရဲ့ မမှန်မကန်လုပ်ရပ်တွေကို ဖုံးကွယ်ပြီး တပ်မတော်ပျက်သုဉ်းရေးကို တစိုက်မတ်မတ် ဖန်တီးနေတဲ့ ဇာတ်လမ်းတွေသာ ဖြစ်ပါတယ်။ ဥပဒေကိုဖောက်ဖျက်ပြီး NLD အာဏာခိုင်မြဲရေးနည်းလမ်းရလျှင် ရ၊ မရလျှင် တပ်မတော်နဲ့ ပြည်သူကို ရန်တိုက်ပေးပြီးအလုံးစုံပျက်သုဉ်းရေးဇာတ်လမ်းတွေ ဖန်တီးနေတာသာဖြစ်ပါတယ်။ ထိပ်တိုက်တွေ့ရေး ရေချိန်မကျစေဖို့ မဖြစ်နိုင်တဲ့ ဇာတ်လမ်းတွေကို "မကြာမီလာမည် . . . မျှော်" ကြော်ငြာတွေ မကြာခဏ ထုတ်လွှင့်နေတာကို ပြည်သူတွေအနေနဲ့ စဉ်းစားချင့်ချိန်နိုင်ဖို့ဖြစ်ပါတယ်။ ။



# မိုင်းယောင်းမြို့နယ် ဗောဓိရွှေညောင်ပင်၌ ကုသိုလ်ပြုသူများဖြင့်စည်ကား

**မိုင်းယောင်း ဧပြီ ၂၆**

ရှမ်းပြည်နယ်အရှေ့ပိုင်း မိုင်းယောင်းမြို့နယ် ဝမ်ကြူးကျေးရွာနှင့် ဝမ်မိုင် ကျေးရွာအကြားရှိ ရှေးဟောင်း သမိုင်းဝင် ဗောဓိရွှေညောင်ပင်၌ တန်ခူးလပြည့်နေ့(ယနေ့)တွင် ဘုရားဖူးသူများ၊ တရားဘာဝနာအားထုတ်သူများ၊ ကုသိုလ်ပြုသူများဖြင့် စည်ကားလျက်ရှိသည်။

တန်ခူးလပြည့်နေ့တွင် ဒေသခံတိုင်းရင်းသားပြည်သူများသည် မိမိတို့၏ ဓလေ့ရိုးရာနှင့် အညီ ဗောဓိရွှေညောင်ပင်ကို ပူဇော်လှူဒါန်းခြင်းနှင့်အတူ သဲပုံစေတီ ပြုလုပ်လှူဒါန်းခြင်း၊ ညောင်ကိုင်းထောက်လှူဒါန်းခြင်း၊ ဆရာတော် သံဃာတော်များထံမှ ပရိတ်ကြိုးနှင့် ပရိတ်ရေဖျန်းမှုခံယူခြင်း၊ တရားနာယူခြင်းများကို ပြုလုပ်ပူဇော်ကြသည်။

**ပိုမိုစည်ကား**

ထို့ပြင် ဗုဒ္ဓမြတ်စွာဘုရားရှင်၏ ရွှေဆံတော်ရှစ်ပင် ကိန်းဝပ်စံပယ်တော်မူသည့် ရှေးဟောင်းသမိုင်းဝင် ခတ်လုံစွမ်ယောင်းစေတီတော်၊ ဈာန်ရကိုရင်ကြီး တောရကျောင်း၊ ထပ်ပူခမ်းတို့၌ ရပ်နီးရပ်ဝေးမှ တိုင်းရင်းသားပြည်သူများ၊ ရုံးဝန်ထမ်းများ၊ တရားဘာဝနာအားထုတ်သူများ၊ ကုသိုလ်ပြုသူများဖြင့် ယခင်နှစ်များထက် ပိုမိုစည်ကားလျက်ရှိကြောင်း သိရသည်။

**စိုင်းအောင်ဇော်လင်း**

## ဂန့်ဂေါခရိုင်၌ ကိုဗစ် - ၁၉ ကာကွယ်ဆေး ဒုတိယအကြိမ် ထိုးနှံပေး

**ဂန့်ဂေါ ဧပြီ ၂၆**

ဂန့်ဂေါမြို့နယ်တွင် ကိုဗစ်- ၁၉ ကာကွယ်ဆေးများကို ဧပြီ ၂၄ ရက်မှစတင်ကာ ဂန့်ဂေါမြို့ ပြည်သူ့ဆေးရုံ၌လည်းကောင်း၊ ဂန့်ဂေါမြို့ မြို့ခင်းသာပရိယတ္တိစာသင်တိုက်၌ ရဟန်းတော်များ၊ သီလရှင်များအားလည်းကောင်း ထိုးနှံပေးလျက်ရှိရာ ၁၃၄၁ ဦးအား ထိုးနှံပေးပြီးဖြစ်ကြောင်း ကိုဗစ်- ၁၉ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေး မြို့နယ်အဆင့်ကော်မတီမှ သိရသည်။ ထို့အတူ ဂန့်ဂေါခရိုင်အတွင်းရှိ ထီးလင်းမြို့နယ်တွင် ၁၆၃၀ နှင့် ဆောမြို့နယ်တွင် ၆၈၅ ဦးတို့အား ထိုးနှံပေးပြီးဖြစ်ကြောင်း သိရသည်။

၁၄၄

## သန်လျင်မြို့နယ်၌ ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ဆေး ဒုတိယအကြိမ် ထိုးနှံပေး

**ရန်ကုန် ဧပြီ ၂၆**

ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့ အထွေထွေရောဂါကုဆေးရုံကြီးတွင် ဒုတိယအကြိမ် ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးခြင်းကို ဧပြီ ၂၆ ရက်က အဆိုပါ အထွေထွေရောဂါကု ဆေးရုံကြီး အစည်းအဝေးခန်းမ၌ ဆက်လက်ထိုးနှံပေးလျက်ရှိသည်။

ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ဆေး ဒုတိယအကြိမ် ထိုးနှံပေးရာသို့ ရန်ကုန်တောင်ပိုင်းခရိုင် (သန်လျင်) အထွေထွေရောဂါကုဆေးရုံ ဆေးရုံအုပ်ကြီး ဒေါက်တာ ချိုချိုလွင်နှင့် တာဝန်ရှိသူများက ကိုဗစ်- ၁၉ ရောဂါကာကွယ်ဆေး လာရောက်ထိုးနှံကြသူများ အဆင်ပြေချောမွေ့စေရန်အတွက် ကျန်းမာရေးဝန်ထမ်းများ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ လူမှုအဖွဲ့များက ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

သန်လျင်မြို့နယ်တွင် ကိုဗစ်- ၁၉ ရောဂါကာကွယ်ဆေး ပထမအကြိမ်အဖြစ် အသက်အရွယ်ကြီးသူများ၊ အသက် ၅၀ နှင့်အထက်ပြည်သူများအား ထိုးနှံပေးခဲ့ပြီး ယခု ဒုတိယအကြိမ် ကာကွယ်ဆေးထိုးနှံပေးခြင်းကို ဧပြီ ၂၁ ရက်မှစတင်ကာ ၂၉ ရက်အထိ ထိုးနှံပေးမည်ဖြစ်ကြောင်း သန်လျင်မြို့နယ်အထွေထွေရောဂါကုဆေးရုံကြီး တာဝန်ရှိသူထံမှ သိရသည်။

**သက်ခိုင်(သန်လျင်)**

# ကိုရိုနာဗိုင်းရပ်စ်ရောဂါ (COVID-19) တတိယလှိုင်းအဖြစ် ကူးစက်ပြန့်ပွားမှုမရှိစေရေး အသိပေး / သတိပေးနှိုးဆော်ချက်

(၂၀.၄.၂၀၂၁)ရက်နေ့၊ နံနက်ပိုင်းအထိ ကမ္ဘာ့တစ်ဝန်းလုံးတွင် ကိုရိုနာဗိုင်းရပ်စ်(COVID–19) ကပ်ရောဂါဖြစ်ပွားသူဦးရေ (၁၄၂) သန်းကျော်၊ ရောဂါကြောင့်သေဆုံးသူဦးရေ (၃)သန်းကျော်ရှိနေပြီဖြစ်ပြီး ရောဂါသည် အရှိန်အဟုန်ဖြင့် ဆက်လက်ကူးစက်ပြန့်ပွားလျက်ရှိနေပါသည်။

ထိုသို့ကူးစက်ပြန့်ပွားရခြင်းအကြောင်းများအနက်–

- ကိုရိုနာဗိုင်းရပ်စ်ရောဂါပိုး၏ မျိုးရိုးဗီဇများ ပြောင်းလဲလာခြင်း၊
- အကြောင်းအမျိုးမျိုးကြောင့် လူစုလူဝေးများဖြစ်ပေါ်ခြင်း၊
- ရောဂါဖြစ်ပွားမှု ကျဆင်းလျက်ရှိသည့်နိုင်ငံများတွင် ဖြေလျှော့မှုများ ဆောင်ရွက်ပေးလာခြင်း၊
- လူအများစုမှ ရောဂါကာကွယ်ရေးနည်းလမ်းများကို လိုက်နာမှုအားနည်းလာခြင်း၊
- ကာကွယ်ဆေးထိုးနှံပြီးသူများမှလည်း ရောဂါကာကွယ်ရေးနည်းလမ်းများကို ဆက်လက်လိုက်နာဆောင်ရွက်မှု အားနည်းခြင်းစသည်တို့...ကြောင့်ဖြစ်သည်ကို တွေ့ရှိရပါသည်။

(၂၀.၄.၂၀၂၁) ရက်နေ့၊ နံနက်ပိုင်းအထိ သိရှိရသော ကိန်းဂဏန်းများအရ အိမ်နီးချင်းနိုင်ငံ ဖြစ်သည့် အိန္ဒိယနိုင်ငံတွင် ကိုဗစ်–၁၉ ရောဂါဖြစ်ပွားသူဦးရေ (၁၅) သန်းကျော်၊ ရောဂါကြောင့် သေဆုံးသူဦးရေ တစ်သိန်းရှစ်သောင်းကျော်ရှိနေပြီဖြစ်ပြီး ကမ္ဘာတွင်ဖြစ်ပွားမှု ဒုတိယအများဆုံးဖြစ်နေပါသည်။ ရောဂါဖြစ်ပွားမှု တတိယလှိုင်းကိုလည်းခံစားရလျက်ရှိပြီး (၁၈.၄.၂၀၂၁)တစ်နေ့တာအတွင်းတွင် ဖြစ်ပွားသူစုစုပေါင်း (၂၇၅,၃၀၆)ဦးအထိ စံချိန်တင် ကူးစက်ဖြစ်ပွားလျက်ရှိသည်ကို တွေ့ရပါသည်။ ထိုသို့ ကူးစက်မှုများအတွင်းတွင် ကိုရိုနာဗိုင်းရပ်စ်၏ မျိုးရိုးဗီဇပြောင်းလဲမှုများအနေဖြင့် ကူးစက်မှုနှုန်း (၇၀%)အထိ ပိုမိုမြန်ဆန်နိုင်သည့် UK Variant (B.1.1.7)နှင့် ကူးစက်မှုနှုန်းမြန်၍ အချို့ကာကွယ်ဆေးများ၏ထိရောက်မှုကို လျော့ကျစေနိုင်ဖွယ်ရှိသည့် South Africa Variant (B.1.351) တို့ကိုလည်း လေ့လာတွေ့ရှိရကြောင်း သိရှိရပါသည်။ အလားတူ ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် ကိုဗစ်–၁၉ ရောဂါဖြစ်ပွားသူဦးရေ (၇)သိန်းကျော်၊ ရောဂါကြောင့် သေဆုံးသူဦးရေတစ်သောင်းကျော်ရှိနေပြီဖြစ်ပါသည်။ ယခုအခါ ရောဂါ ဖြစ်ပွားမှု တတိယလှိုင်းကို ခံစားရလျက်ရှိပြီး (၇.၄.၂၀၂၁) တစ်နေ့တာအတွင်းတွင် ဖြစ်ပွားသူ(၇,၆၂၆)ဦးအထိ ကူးစက်မှုများ ပြန်လည်မြင့်တက်လျက်ရှိသည်ကို တွေ့ရပါသည်။ ထိုင်းနိုင်ငံတွင် ကိုရိုနာဗိုင်းရပ်စ်ရောဂါ (COVID–19)ရောဂါဖြစ်ပွားသူဦးရေ (၄) သောင်းကျော်၊ ရောဂါကြောင့် သေဆုံးသူဦးရေ တစ်ရာကျော်ရှိနေပြီဖြစ်ပါသည်။ (၂၀၂၁) ခုနှစ်၊ ဧပြီလဆန်းမှစတင်၍ ရောဂါကူးစက်မှု တတိယလှိုင်းအဖြစ် ကူးစက်ဖြစ်ပွားသူဦးရေ သိသာစွာမြင့်တက်လာခဲ့ပြီး (၁၈.၄.၂၀၂၁)နေ့တွင် တစ်နေ့တာအတွင်း ကူးစက်သူဦးရေ (၁၇၆၇)ဦး ရှိခဲ့ကာ နေ့စဉ်ကူးစက်မှုဦးရေ တစ်ထောင်ကျော် ဆက်လက်ဖြစ်ပွားလျက်ရှိပါသည်။

အထက်ဖော်ပြပါ အိမ်နီးချင်းနိုင်ငံများတွင် လက်ရှိဖြစ်ပွားကူးစက်နေသော ကိုဗစ်–၁၉ ရောဂါ တတိယလှိုင်းနှင့် မျိုးရိုးဗီဇပြောင်းလဲနေသော ကိုဗစ်–၁၉ ရောဂါပိုးများ မိမိတို့နိုင်ငံအတွင်းသို့ ဝင်ရောက်၍ ကူးစက်ပြန့်ပွားခြင်းမရှိစေရန် မိမိတို့ပြည်သူအားလုံးမှ ကျန်းမာရေး အသိ၊ ကျန်းမာရေး သတိဖြင့် အောက်ဖော်ပြပါ ရိုးရှင်းလွယ်ကူ၍ အခြေခံကျသည့် ကိုဗစ်–၁၉ ရောဂါကာကွယ်ရေးနည်းလမ်းများကို **“ကိုရိုနာဗိုင်းရပ်စ်ရောဂါ မိမိကစ၍ ကာကွယ်ပါ”** ဟူသည့် ဆောင်ပုဒ်အတိုင်း အားလုံးကိုယ်စီ မဖြစ်မနေ လိုက်နာဆောင်ရွက်ကြပါရန် အသိပေး/သတိပေး နှိုးဆော်ပန်ကြားအပ်ပါသည်။

(၁) အိမ်အပြင်ထွက်လျှင် ပါးစပ်နှင့်နှာခေါင်းစည်း(mask)ကို စနစ်တကျတပ်ဆင်ထားပါ။ လူအများနှင့် ထိတွေ့ဆက်ဆံရပါက မျက်နှာအကာ (Face Shield) ကို တွဲဖက်တပ်ဆင်ပါ။

(၂) တစ်ဦးနှင့်တစ်ဦး တတ်နိုင်သမျှ ခပ်ခွာခွာ နေထိုင်လုပ်ကိုင်ပါ။

(၃) လက်ကို စက္ကန့် (၂၀) ကြာ မကြာခဏ စနစ်တကျ ဆေးကြောပါ။

(၄) အလုံပိတ်အခန်းများ၊ အဲယားကွန်းအခန်းများ၊ လေဝင်လေထွက်မကောင်းသော အခန်းများသို့ သွားရောက်ခြင်းမှ အတတ်နိုင်ဆုံးရှောင်ကြဉ်ပါ။

(၅) အိမ်ပြင်သို့ ထွက်လေ့ရှိသူများအနေဖြင့် အိမ်ရှိ အသက်(၆၀)နှစ်အထက် အသက်အရွယ်ကြီးရင့်သူ၊ ဆီးချို/သွေးတိုး/နှလုံး စသည့်... နာတာရှည်ရောဂါအခံရှိသူများနှင့် အနီးကပ်နေထိုင်ခြင်း၊ အတူစားသောက်ခြင်းတို့မှ ရှောင်ကြဉ်ပါ။

(၆) အသွားအလာတားမြစ်ပိတ်ပင်၍ သီးသန့်ခွဲခြားနေထိုင်စေခြင်း (Quarantine) လုပ်ငန်းစဉ်များတွင် အပြည့်အဝပူးပေါင်းပါဝင်ပါ။

(၇) ပါးစပ်နှင့် နှာခေါင်းစည်း(Mask)မတပ်ဆင်ထားသော ဈေးရောင်းသူများထံမှ ဈေးမဝယ်ပါနှင့်။

(၈) တစ်ဦးနှင့်တစ်ဦး အချင်းချင်း အသိပေး၊ သတိပေးပါ။

(၉) ကာကွယ်ဆေးထိုးနှံပြီးသော်လည်း ကာကွယ်ရေးနည်းလမ်းများကို ဆက်လက်လိုက်နာပါ။

(၁၀) ကိုယ်ပူခြင်း၊ ချောင်းဆိုးခြင်း၊ အသက်ရှူကျပ်ခြင်း၊ အားအင်ကုန်ခန်းခြင်း၊ ရုတ်တရက် အနံ့အရသာပျောက်ဆုံးခြင်း လက္ခဏာများပေါ်ပေါက်ပါက နီးစပ်ရာကျန်းမာရေးဌာနသို့ ချက်ချင်းဆက်သွယ်၍ စောစီးစွာ ကုသမှုခံယူပါ။

**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**

# မြို့နယ်အချို့၌ ဆူပူအကြမ်းဖက်မှုလုပ်ရပ်များတွင် အသုံးပြုမည့် လက်နက်၊ ပစ္စည်း၊ ကိရိယာများအား လက်ဝယ်ထားရှိသူများနှင့်အတူ ဆက်လက်ဖော်ထုတ်ဖမ်းဆီး

**နေပြည်တော် ဧပြီ ၂၆**

လုံခြုံရေးတပ်ဖွဲ့ဝင်များသည် ဆူပူအကြမ်းဖက်မှုလုပ်ရပ်များတွင် အသုံးပြုမည့် လက်နက်၊ ပစ္စည်း၊ ကိရိယာများအားပြုလုပ်သူ၊ လက်ဝယ်ထားရှိသူများအား ဆက်လက် ဖော်ထုတ်ဖမ်းဆီးလျက်ရှိပါသည်။

**ဖောက်ခွဲရေး သင်တန်းပို့ချ**

ထိုသို့ဆောင်ရွက်လျက်ရှိရာ ဧပြီ ၂၅ ရက် နံနက် ၈ နာရီခွဲတွင် ပန်းတောင်းမြို့နယ် သံလယ်ကြီးကျေးရွာနေ အောင်မျိုးခိုင် (ခ) ဇီးဇီး (ဘ) ဦးသိန်းမြင့်အား ဆူပူအကြမ်းဖက်ဆန္ဒပြရာတွင် အသုံးပြုသည့် ပစ္စည်းများနှင့်လည်းကောင်း၊ နံနက် ၁၀ နာရီခန့်တွင် မြောက်ဥက္ကလာပမြို့နယ် (ဈ) ရပ်ကွက် စက္ကဝတ် (၂) လမ်းရှိ အမှတ် (၁၄) အခြေခံပညာမူလတန်းကျောင်းဝင်း၌ ဆူပူအကြမ်းဖက်ရာတွင်အသုံးပြုသည့် ပစ္စည်းများအားလည်းကောင်း၊ နံနက် ၁၀ နာရီခန့်တွင် ဗဟန်းမြို့နယ် ဆရာစံလမ်းနှင့် ဦးချစ်မောင်လမ်းထောင့်ရှိ မြေကွက်လပ်၌ ဆူပူအကြမ်းဖက်မှုလုပ်ရပ်များတွင် အသုံးပြုသည့် ပစ္စည်းများအားလည်းကောင်း၊ မွန်းလွဲ ၁ နာရီ ၁၀ မိနစ်ခန့်တွင် မြောက်ဥက္ကလာပမြို့နယ် (ဃ) ရပ်ကွက် ဝေပုလ္လလမ်းရှိ ဝိဇယဓမ္မာရုံဝင်း အနောက်ဘက် အမှိုက်ကျင်းအတွင်းမှ မီးစာတပ်ဆင်ထားသော မီးပုလင်း ရှစ်လုံး၊ ဓာတ်ဆီပုလင်း ၅၂ လုံးနှင့် ကော်ပုံး နှစ်ပုံးတို့အား လည်းကောင်း၊ မွန်းလွဲ ၁ နာရီခွဲတွင် (ဋ) ရပ်ကွက် ဥဋ္ဌာနာ(၇) လမ်းရှိ အမှတ် (၁၈) အခြေခံပညာမူလတန်းကျောင်းဝင်း အနောက်ဘက် အမှိုက်ပုံအနီးမှ ဆူပူအကြမ်းဖက်ရာတွင်အသုံးပြုသည့် ပစ္စည်းများအားလည်းကောင်း၊ မွန်းလွဲ ၁ နာရီ ၄၅ မိနစ်ခန့်တွင် ပုသိမ်မြို့ အမှတ် (၈) ရပ်ကွက်ရှိ လာတည်သစ်စက်၌ ထက်အောင် (ဘ) ဦးသန်းစိုး၊ ပြည့်ဖြိုးကျော် (ဘ) ဦးကျော်ဝင်းထွန်းနှင့် လင်းလင်းအောင် (ခ) မြကြီး (ဘ) ဦးစံသိန်းတို့အား ဆူပူအကြမ်းဖက်ရာတွင် အသုံးပြုသည့် ပစ္စည်းများနှင့် လည်းကောင်း၊ မွန်းလွဲ ၁ နာရီခန့်တွင် မရမ်းကုန်းမြို့နယ် အမှတ် (၆) ရပ်ကွက်ရှိ "ပေါက်စေတီ" ဘုန်းကြီးကျောင်းဝင်းအတွင်း ဖောက်ခွဲရေး သင်တန်းပို့ချနေကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့က ဝင်ရောက်ရှာဖွေခဲ့ရာ အဆိုပါကျောင်းဝင်းအတွင်းရှိ ဉူးစန္ဒိမာ (ခ) စိုးဝင်း (ဘ) ဦးမြင့်သန်းနှင့် ဉူးပညာဝရ (ခ) မြင့်ကို (ဘ) ဦးလရောင်တို့ ကြီးကြပ်အုပ်ချုပ်သည့် ဓမ္မဝိဟာရ စာသင်ဆောင် (၃) ဒုတိယထပ် ဘုရားကျောင်းဆောင်ဘေးဗီရိုအတွင်းမှ လက်ပစ်ဗုံး နှစ်လုံး၊ လက်လုပ်ဗုံး တစ်လုံး၊ ကားချိန်ကိုက်မိုင်းလေးခု၊ ယမ်းမှုန့် ၁ ဒသမ ၅ ကီလို၊ ဖြောက်အိုး ၂၆ ခု၊ အမိုနီယမ်နိုက်ထရိတ် ၁၅ ပေါင်၊ ပုလဲအဖြူ ပေါင် ၂၀၊ ယမ်း ငါးထုပ်၊ ကန့်အဝါ သုံးထုပ်၊ ဝိုင်ယာကြိုး တစ်ခွေ၊ ဒီတိုနေတာ ၂၉ ခု၊ သင်တန်းအချိန်ဇယား တစ်ခု၊ ဖောက်ခွဲရေးစနစ်ပုံ နှစ်ခုနှင့် အခြားဆက်စပ်ပစ္စည်းများအားလည်းကောင်း။



တရားခံ ထွန်းမင်းလွင်၊ အောင်မျိုးခိုင် (ခ) ဇီးဇီး။

မွန်းလွဲ ၂ နာရီခန့်တွင် ပန်းတောင်းမြို့နယ် သံလယ်ကြီးကျေးရွာ၌ ထွန်းမင်းလွင် (ဘ) ဦးအောင်ထွန်းစိန် အား လက်လုပ်သေနတ် လေးလက်နှင့် ဆက်စပ် ပစ္စည်းများအား လည်းကောင်း၊ ညနေ ၃ နာရီခွဲခန့်တွင် နောင်ချိုမြို့ တောင်ရပ်ကွက်ဈေးအနီးရှိ ဖုန်းအရောင်းဆိုင်အတွင်းမှ ဇော်မင်းကျော် (ဘ) ဦးရွှေကိုနှင့် ထွန်းမင်းဦး (ခ) ဖိုးလပြည့် (ဘ) ဦးစိုင်းသန်းမောင်တို့ နှစ်ဦးကို ဆူပူအကြမ်းဖက်ရာတွင် အသုံးပြုသည့်ပစ္စည်းများနှင့် လည်းကောင်း၊ ညနေ ၆ နာရီခွဲခန့်တွင် ဟိုပုံးမြို့နယ် အောင်ပွဲကျေးရွာအနီး၌ ကျော်ဇော (ဘ) ဦးဆာ အား WY စာတန်းပါ ပန်းရောင် စိတ်ကြွရူးသွပ်ဆေးပြား ၂၅ ပြားနှင့်အတူ ဖမ်းဆီးရမိခဲ့ပြီး စစ်ဆေးမေးမြန်းချက်အရ ည ၈ နာရီ မိနစ် ၄၀ ခန့်တွင် အောင်ပွဲကျေးရွာရှိ မောင်ဖွေ (ဘ) ဦးစင်မောင်၏ နေအိမ်အား လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးရာ WY စာတန်းပါ ပန်းရောင်စိတ်ကြွရူးသွပ်ဆေးပြား ၁၃၀၊ လက်လုပ်သေနတ် လေးလက်၊ ဆက်စပ်ပစ္စည်းများနှင့် လည်းကောင်း၊ ည ၉ နာရီ မိနစ် ၅၀ ခန့်တွင် ဟိုပုံးမြို့ တောင်ရပ်ကွက်ရှိ နေအိမ်၌ နေအောင် (ဘ) ဦးတန့်နှင့် ထွန်းရီ (ဘ) ဦးသိန်းအောင်တို့ နှစ်ဦးအား WY စာတန်းပါ ပန်းရောင်စိတ်ကြွရူးသွပ်ဆေးပြား သုံးပြား၊ ဘိန်းစိမ်း ၀ ဒသမ ၀၁၆၃ ကီလိုဂရမ်၊ လက်လုပ်သေနတ် တစ်လက်၊ ဆက်စပ်ပစ္စည်းများနှင့် လည်းကောင်း၊ ည ၁၁ နာရီခန့်တွင် မော်လမြိုင်မြို့ ဈေးကြိုရပ်ကွက် ဥယျာဉ်လမ်းရှိ နေအိမ်၌ အိမ်ငှားနေထိုင်သည့် မမေမြတ်စုလှိုင် (ဘ) ဦးမောင်မောင်ညွန့်အား လက်လုပ်မိုင်း နှစ်လုံး၊ ဆူပူအကြမ်းဖက်ရာတွင် အသုံးပြုသည့်ပစ္စည်းများနှင့်လည်းကောင်း တွေ့ရှိဖမ်းဆီးရမိခဲ့သည်။

အလားတူ ယနေ့နံနက် ၈ နာရီခန့်တွင် တမူးမြို့ မြို့မ (၅) ရပ်ကွက်ရှိ နေအိမ်အတွင်းမှ ဇော်လင်းထွန်း (ဘ) ဦးညွန့်ဝင်းအား လမ်းလျှောက်စကားပြောစက် သုံးလုံး၊ ဆူပူအကြမ်းဖက်ရာတွင် အသုံးပြုသည့် ပစ္စည်းများနှင့်လည်းကောင်း၊ နံနက် ၉ နာရီခန့်တွင် မော်လမြိုင်မြို့ မော်လမြိုင်တက္ကသိုလ်အနီးရှိ ချုံပုတ်အတွင်းမှ ဆူပူအကြမ်းဖက်ရာတွင် အသုံးပြုသည့် ပစ္စည်းများအား လည်းကောင်း၊ မွန်းလွဲ ၁၂ နာရီ မိနစ် ၅၀ ခန့်တွင် တောင်ကြီးမြို့ မင်္ဂလာဦးရပ်ကွက်ရှိ နေအိမ်၌ ကြံဝင်းမိုလ် (ခ) ကိုကြံ (ဘ) ဦးအောင်ဘအား လက်လုပ်ဗုံး ၃၄ လုံး၊ အသံဗုံး အလုံး ၉၀၊ ခဲများ၊ ဂျင်ကလိများနှင့် ဆူပူအကြမ်းဖက်ရာတွင် အသုံးပြုသည့် ပစ္စည်းများနှင့် လည်းကောင်း တွေ့ရှိဖမ်းဆီးရမိခဲ့သည်။

အထက်ပါ ဖြစ်စဉ်များမှ ဆူပူအကြမ်းဖက်ရာတွင် အသုံးပြုမည့်လက်နက်၊ ပစ္စည်း၊ ကိရိယာများအား လက်ဝယ်ထားရှိသူများနှင့် သိုဝှက်သိမ်းဆည်းထားရှိသူများအား ဥပဒေနှင့်အညီ အရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ်ရှိ ဘုရားသုံးဆူစေတီ ဘုန်းတော်ကြီးကျောင်းအား ဆူပူအကြမ်းဖက်သူလူအုပ်စုက ဝင်ရောက်ဖျက်ဆီး၍ အဆောက်အအုံပစ္စည်းများနှင့် မော်တော်ယာဉ် တစ်စီး ပျက်စီး

**နေပြည်တော် ဧပြီ ၂၆**

၂၀၂၁ ခုနှစ် ဧပြီ ၂၆ ရက်တွင် မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ်ရှိ ဘုရားသုံးဆူစေတီ ဘုန်းကြီးကျောင်းအား ဆူပူအကြမ်းဖက်သူလူအုပ်စုက ဝင်ရောက်ဖျက်ဆီးခဲ့သည့်အတွက် ကျောင်းတိုက်အဆောက်အအုံပစ္စည်းများနှင့် မော်တော်ယာဉ်တစ်စီး ပျက်စီးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဧပြီ ၂၆ ရက် နံနက် ၇ နာရီတွင် အမရပူရမြို့နယ် ကနောင်ကျေးရွာရှိ ဘုရားသုံးဆူစေတီဘုန်းကြီးကျောင်းသို့ ကနောင်ကျေးရွာနေ မြင့်ဆွေ ဦးဆောင်သော ဆူပူအကြမ်းဖက်သူ လူအုပ်စုအင်အား ၂၀ ခန့်က ဝင်ရောက်ဖျက်ဆီးနေကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့က သွားရောက်စစ်ဆေးခဲ့ရာ ကျောင်းဝင်းအတွင်း ဆူပူအကြမ်းဖက်သူများအား မတွေ့ရှိရဘဲ ကျောင်းထိုင်ဆရာတော်ဖြစ်သူ ဉူးဂေါတိက၊ သက်တော် ၅၂ နှစ်၊ ဝါတော် (၃၂) ဝါမှာလည်း တိမ်းရှောင်နေရကြောင်း သိရှိရသည်။

ဆူပူအကြမ်းဖက်သူ လူအုပ်စု၏ ဖျက်ဆီးမှုကြောင့် ဘုန်းတော်ကြီးကျောင်း ဝင်ပေါက်ရှိ အလျား ၁၂ ပေ၊ အနံ ၁၂ ပေခန့်ရှိ သစ်သားတံခါးမကြီး တစ်ချပ်၊ ကျောင်းထိုင်ဆရာတော် သီတင်းသုံးသည့် ကျောင်းဆောင်ရှိ တံခါး တစ်ချပ်၊ ပြတင်းတံခါးမှန် လေးချပ်၊ သိမ်နှစ်ထပ် ကျောင်းဆောင်ရှိ သစ်သားပြတင်းတံခါး ခြောက်ချပ်နှင့် ကျောင်းဆောင်အမိုးတို့ ပိန်ချိုင့်ကျိုးပဲ့ ကွဲအက်ပျက်စီးကာ ဘုန်းတော်ကြီးကျောင်းပိုင် MDY RLG-2123 Odyssey ယာဉ်တစ်စီးမှာ မှန်များကွဲအက်ကာ ပိန်ချိုင့်ပျက်စီးနေသည်ကို တွေ့ရှိခဲ့ရသဖြင့် ဖြစ်စဉ်အား စုံစမ်းရာ ဧပြီ ၂၅ ရက်က ဆရာတော် ဉူးဂေါတိကမှ ၎င်းကျောင်းတိုက် အဝင်လမ်းအား လမ်းခင်းလိုသဖြင့် ကနောင်ကျေးရွာအတွင်း ကျေးရွာလူထု လမ်းပန်းဆက်သွယ်မှုအဆင်ပြေစေရေး လမ်းခင်းနေသော လုံခြုံရေးတပ်ဖွဲ့ဝင်များအား အကူအညီတောင်းခံခဲ့သည့်ကိစ္စအပေါ် မကျေနပ်၍ ယခုကဲ့သို့ ဘုန်းတော်ကြီးကျောင်းအား လာရောက်ဖျက်ဆီးခဲ့သဖြင့် ကျောင်းထိုင်ဆရာတော်မှာ တိမ်းရှောင်နေခဲ့ရခြင်း ဖြစ်ကြောင်း သိရှိရသည်။

ဖြစ်စဉ်နှင့် ပတ်သက်၍ ဘုန်းတော်ကြီးကျောင်းအတွင်းရှိ အဆောက်အအုံများ၊ မော်တော်ယာဉ်အား ဖျက်ဆီးခဲ့သည့် အကြမ်းဖက်သူများအား ဖမ်းဆီးရမိနိုင်ရေး စုံစမ်းလျက်ရှိကြောင်းနှင့် ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူဆောင်ရွက်သွားမည် ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့၌ အဖျက်အမှောင့် လုပ်ရပ်များတွင် အသုံးပြုရန်အတွက် လက်လုပ်မိုင်းပြုလုပ်စဉ် ပေါက်ကွဲမှုဖြစ်ပွား၍ အမျိုးသားတစ်ဦးသေဆုံး

**နေပြည်တော် ဧပြီ ၂၆**

၂၀၂၁ ခုနှစ် ဧပြီ ၂၅ ရက်တွင် တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့၌ အဖျက်အမှောင့် လုပ်ရပ်များတွင် အသုံးပြုရန်အတွက် လက်လုပ်မိုင်းပြုလုပ်စဉ် ပေါက်ကွဲမှုဖြစ်ပွား၍ အမျိုးသားတစ်ဦး သေဆုံးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဧပြီ ၂၅ ရက် ညနေ ၃ နာရီခွဲခန့်တွင် ထားဝယ်မြို့ ရေဝိုင်းကျေးရွာ၌ ပေါက်ကွဲမှုဖြစ်ပွားကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့က သွားရောက်စစ်ဆေးခဲ့ရာ အဆိုပါကျေးရွာနေ ကျော်မြင့်စိုး (၃၆) နှစ် (ဘ) ဦးဖေမြင့်သည် နေအိမ်အတွင်း၌ အကြမ်းဖက်မှုလုပ်ရပ်များတွင် အသုံးပြုရန်အတွက် လက်လုပ်မိုင်းပြုလုပ်နေစဉ် ပေါက်ကွဲမှုဖြစ်ပွားခဲ့၍ ၎င်း၌ ဝဲနံကြား ဖောက်ဝင် ဒဏ်ရာ၊ ယာတံတောင်၊ လက်ကောက်ဝတ်၊ လက်ဖျံတို့တွင် ပေါက်ပြဲဒဏ်ရာများဖြင့် သေဆုံးနေသည်ကို တွေ့ရှိရပြီး ၎င်း၏ အနီးတွင် တစ်မတ်လုံး သုံးပေအရှည်ခန့်ရှိ သံပိုက် နှစ်ချောင်း၊ ယမ်းထောင်းရာတွင် အသုံးပြုသည့် အရှည် သုံးပေခွဲခန့်ရှိ သံချောင်း တစ်ချောင်း၊ လက်ပတ် နာရီကြိုးပြတ် တစ်လုံး၊ တူ တစ်ချောင်း၊ နှစ်လက်မခွဲခန့် အုတ်ရိုက်သံ သုံးချောင်း၊ သွပ်နန်းကြိုး အပိုင်းအစ ခြောက်ချောင်း၊ သွေးများဖြင့် ရောနှောနေသည့် ယမ်းမှုန့်များအား စစ်ဆေးတွေ့ရှိခဲ့သည်။

အဆိုပါသေဆုံးမှုနှင့်ပတ်သက်၍ ရဲလုပ်ငန်းများနှင့်အညီ သေမှုသေခင်းရေးဖွင့်ကာ ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

**အနာဂတ်ကမ္ဘာသာယာဖို့ အိုဇုန်းလွှာကို ကာကွယ်စို့**

# ပေါင်မြို့နယ် မုတ္တမမြို့ ကျွဲခြံကျေးရွာ မုတ္တမတောင်တန်းပေါ်ရှိ သမိုင်းဝင် မမကြီး စေတီတော်မြတ်ကြီး ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့် ရွှေထီးတော်တင်လှူ ပူဇော်ပွဲပြုလုပ်

နေပြည်တော် မေ ၂၆

မွန်ပြည်နယ် ပေါင်မြို့နယ် မုတ္တမမြို့ ကျွဲခြံကျေးရွာ မုတ္တမတောင်တန်းပေါ်၌ တည်ထားကိုးကွယ်လျက်ရှိသော သမိုင်းဝင်မမကြီးစေတီတော်မြတ်ကြီး ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့် ရွှေထီးတော်တင်လှူပူဇော်ပွဲကို ယနေ့နံနက်ပိုင်းတွင် အဆိုပါစေတီတော်မြတ်ကြီး၌ ပြုလုပ်ရာ ပေါင်မြို့နယ်သံဃနာယကဥက္ကဋ္ဌဆရာတော် ဘဒ္ဒန္တပညာသာမိ အမှူးပြုသော သံဃာတော်များနှင့် သာသနာ့နွယ်ဝင် သီလရှင်များ ကြွရောက်တော်မူကြပြီး အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကိုကိုမောင်နှင့် အဖွဲ့ဝင်များ၊ ဒေသခံပြည်သူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက ပေါင်မြို့နယ်သံဃနာယကဥက္ကဋ္ဌ ဆရာတော်ထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး သံဃာတော်များက မေတ္တာသုတ်ပရိတ်တရားတော်များ ရွတ်ပွားချီးမြှင့်တော်မူကြသည်။

ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက သမိုင်းဝင်မမကြီးစေတီတော်မြတ်ကြီးတွင် တင်လှူပူဇော်မည့် ရွှေထီးတော်၊ ငှက်မြတ်နားတော်၊ စိန်ဖူးတော်နှင့် လှူဖွယ်ပစ္စည်းများကို သံဃာတော်များထံသို့ ဆက်ကပ်လှူဒါန်းကြပြီး ပေါင်မြို့နယ် သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော်ဘဒ္ဒန္တပညာသာမိထံမှ အနုမောဒနာတရားနာယူကာ ရေစက်သွန်းချ အမျှပေးဝေကြသည်။

ဆက်လက်၍ သံဃာတော်အရှင်သူမြတ်များနှင့် တက်ရောက်လာကြသူများက ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့် ရွှေထီးတော်ဘုံအဆင့်ဆင့်တို့ကို ပင့်ဆောင်၍ စေတီတော်မြတ်ကြီးအား လက်ယာရစ်သုံးကြိမ် လှည့်လည်ပူဇော်ကြပြီး မင်္ဂလာရထားပျံဖြင့် စေတီတော်အထွတ်သို့ တင်လှူပူဇော်ပြီး အမွှေးနံ့သာရည်များ ပက်ဖျန်းကာ ဇယန္တောဗောဓိယာမူလေအစချီ အောင်ဂါထာတော်များကို ရွတ်ဖတ်ပူဇော်ခဲ့ကြကြောင်း သတင်းရရှိသည်။



သတင်းစဉ်

## တိုင်းဒေသကြီးနှင့်ပြည်နယ်များရှိ ဒေသခံပြည်သူ လူနာများ တပ်မတော်ဆေးရုံများ၌ ဆက်လက်လက်ခံကုသ

နေပြည်တော် မေ ၂၆

တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ တိုင်းရင်းသားပြည်သူများအတွက် တပ်မတော်ဆေးရုံများနှင့် ယာယီကုသရေးဆေးရုံများတွင် ကျန်းမာရေးစောင့်ရှောက်မှုများကို ဆောင်ရွက်ပေးလျက်ရှိရာ ဖေဖော်ဝါရီ ၅ ရက်မှ ယနေ့အထိ ပြင်ပလူနာ ၁၆၄၁၃၀၊ အတွင်းလူနာ ၄၄၄၈ ဦးကို ကုသပေးနိုင်ခဲ့ပြီး ၎င်းလူနာများအနက် အကြီးစားခွဲစိတ်ကုသရန် လိုအပ်သူ ၇၆၈၆ ဦး၊ အသေးစားခွဲစိတ်ကုသရန် လိုအပ်သူ ၃၉၂၃ ဦး၊ စုစုပေါင်း ၁၁၆၀၉ ဦးတို့ကို ခွဲစိတ်ကုသပေးနိုင်ခဲ့သည့်အပြင် စိုးရိမ်ဖွယ်ရာရှိသည့် လူနာများကိုလည်း ပါရဂူများ၊ ဆေးမှူးများဖြင့် အထူးကြပ်မတ်ကုသပေးလျက်ရှိသည်။ ၎င်းအပြင် ကလေးမီးဖွားလူနာ ၃၉၉၄ ဦးကို ခွဲစိတ်မွေးဖွားပေးနိုင်ခဲ့ကာ ၆၂၀၄ ဦးကို သာမန်မွေးဖွားပေးနိုင်ခဲ့ခြင်းကြောင့် ယနေ့အထိ ကလေးငယ် ၁၀၁၉၈ ဦးကို အောင်မြင်စွာ မွေးဖွားပေးနိုင်ခဲ့သည်။



တပ်မတော်အနေဖြင့် ပြည်သူလူထု၏ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများအား ထိရောက်စွာ ဆောင်ရွက်နိုင်ရန်အတွက် ပါရဂူများ၊ ဆေးမှူးများ၊ သူနာပြုများဖြင့် ကျန်းမာရေးစစ်ဆေးပေးခြင်း၊ ခွဲစိတ်ရန်လိုအပ်သည့် လူနာများကို ခွဲစိတ်ပေးခြင်း၊ ဆေးရုံတက်ရောက်ကုသရန် လိုအပ်သော လူနာများကို ဆေးရုံတင်ကာ ကျန်းမာရေး စောင့်ရှောက်ပေးခြင်းများ ဆောင်ရွက်ပေးသည့်အပြင် ဆေးရုံတက်လူနာများနှင့် လူနာစောင့်များ နေထိုင်စားသောက်ရေး အဆင်ပြေစေရန်အတွက်ကိုပါ စီမံဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။

သတင်းစဉ်

## ရွှေတိဂုံစေတီတော်မြတ်ကြီးအပါအဝင် ပြည်နယ်နှင့် တိုင်းဒေသကြီး အသီးသီးရှိ ဘုရား၊ စေတီပုထိုးများ၊ အခြားဘာသာရေးကျောင်းများ၌ အများပြည်သူများ စိတ်အေးချမ်းသာစွာ လာရောက်ဝတ်ပြုကြည်ညိုလျက်ရှိ

နေပြည်တော် မေ ၂၆

ကိုဗစ်-၁၉ ကူးစက်ပြန့်ပွားမှု ထိန်းချုပ်ရေးကာလများအတွင်း ဗုဒ္ဓဘာသာဘုရားစေတီများအပါအဝင် အခြားဘာသာများအလိုက် ဘာသာရေးကျောင်းများကို ခေတ္တပိတ်ထားခဲ့ရပြီး ဖေဖော်ဝါရီ ၈ ရက်မှ စတင်၍ ပြန်လည်ဖူးမြော်ခွင့်၊ ဝတ်ပြုခွင့်များကို ကိုဗစ်-၁၉ စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ ပြန်လည်ဖွင့်လှစ်ခွင့်ပြုခဲ့ပြီး ဖြစ်ပါသည်။ ထိုကဲ့သို့ ပြန်လည်ဖွင့်လှစ်ပေးခဲ့သဖြင့် ယနေ့တွင်လည်း ဗုဒ္ဓဘာသာဘုရား၊ စေတီ၊ ကျောင်းကန်များတွင် ဘုရားဖူးလာ သံဃာတော်များ၊ သာသနာ့နွယ်ဝင်သီလရှင်များနှင့် မိဘပြည်သူများက စည်ကားသိုက်မြိုက်စွာ ကုသိုလ်ယူ ဖူးမြော်ကြည်ညိုလျက်ရှိကြသည်။

အလားတူ ဟိန္ဒူ၊ ခရစ်ယာန်နှင့် အစ္စလာမ်ဘာသာဝင်များ၏ ဘာသာအလိုက် ဘာသာရေးကျောင်းများ၊ ဝတ်ပြုကျောင်းများတွင်လည်း သက်ဆိုင်ရာဘာသာဝင်များက လာရောက်၍ စိတ်အေးချမ်းသာစွာ ဝတ်ပြုဆုတောင်းမှုများ ဆောင်ရွက်လျက်ရှိကြသည်။

ထို့ပြင် နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့ကြီးများအပါအဝင် အခြားမြို့ကြီးများတွင် အများပြည်သူများ အပန်းဖြေနိုင်စေရန်အတွက် ပန်းခြံများ၊ ကစားကွင်းများကို ပုံမှန်အတိုင်း ပြန်လည်ဖွင့်လှစ်ပေးလျက်ရှိသည့်အပြင် ဈေးများ၌ ဈေးရောင်း၊ ဈေးဝယ် များဖြင့် စည်ကားလျက်ရှိပြီး ဘဏ်များ၊ ဆေးရုံများ၊ လေကြောင်းခရီးစဉ်များ၊ မီးရထား ခရီးစဉ်များ၊ ရေကြောင်းခရီးစဉ်များ၊ မော်တော်ယာဉ်လိုင်းများကို တည်ငြိမ်အေးချမ်းစွာဖြင့် ပုံမှန်အတိုင်း ဖွင့်လှစ်ပြေးဆွဲလျက်ရှိကြောင်း သတင်းရရှိသည်။

သတင်းစဉ်

## မြန်မာ့ပင်လယ်ပြင် အခြေအနေ

နေပြည်တော် မေ ၂၆

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေးပေမှ ခုနစ်ပေခန့်ရှိနိုင်သည်။

မိုး/ဇလ

## လှိုင်သာယာမြို့နယ်၊ ရွှေပြည်သာမြို့နယ်နှင့် ချမ်းမြသာစည်မြို့နယ်များအတွင်းရှိ ကျေးရွာ／ရပ်ကွက်အချို့တို့မှ ဒေသခံပြည်သူများကို ဆန်၊ ဆီ၊ ပဲများ ထောက်ပံ့ပေးအပ်

နေပြည်တော် မေ ၂၆

ကိုဗစ်-၁၉ ရောဂါ ကာကွယ် ထိန်းချုပ်ကုသရေးလုပ်ငန်းများ ဆောင်ရွက်နေ့စဉ်ကာလအတွင်း သွားလာမှုကန့်သတ်ချက်များကြောင့် ဒေသခံပြည်သူများ စားရေးအဆင်ပြေစေရန်အတွက် နယ်မြေခံတပ်မတော်သားများက ဆန်၊ ဆီနှင့် စားသောက်ဖွယ်ရာများကို အိမ်အရောက် လိုက်လံပေးဝေလှူဒါန်းလျက်ရှိသည်။

ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာအရှေ့ပိုင်းမြို့နယ်အတွင်းရှိ စက်မှုဇုန်(၁/၂)၊ အမှတ်(၄)ရပ်ကွက်၊ အမှတ်(၁၀)ရပ်ကွက်၊ အမှတ်(၁၁)ရပ်ကွက်၊ အမှတ်(၁)ရပ်ကွက်တို့နှင့် ရွှေပြည်သာမြို့နယ်အတွင်းရှိ အမှတ်(၅) ရပ်ကွက်တို့ရှိ အိမ်ထောင်စု စုစုပေါင်း ၁၀၆၀၀ တို့အတွက် ဆန်၊ ဆီ၊ ပဲများကို ရန်ကုန်တိုင်းစစ်ဌာနချုပ်၊ တပ်နယ်အသီးသီးမှ နယ်မြေခံတပ်မတော်သားများက ပြည်သူများ၏ လက်ဝယ်အရောက် သွားရောက်ထောက်ပံ့ပေးအပ်ခဲ့ကြသည်။

အလားတူ မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ် အောင်သာယာရပ်ကွက် အကွက်အမှတ်(၈၈-၃၅/၃၆/၃၇/ ၃၈)ရှိ အိမ်ထောင်စု စုစုပေါင်း ၅၀၀ စုတို့အတွက် ဆန်နှင့်စားသောက်ဖွယ်ရာများကိုအလယ်ပိုင်းတိုင်းစစ်ဌာနချုပ်ရှိ နယ်မြေခံတပ်မတော်သားများက ပြည်သူများ၏ လက်ဝယ်အရောက် သွားရောက်ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်



# ဆူပူအကြမ်းဖက်သူလူစု အုပ်စုများအနေဖြင့် အကြမ်းဖက်ဖျက်ဆီးမှုလုပ်ရပ်များကို လုပ်ဆောင်ခဲ့

နေပြည်တော် မေ ၂၆

**ဆူပူအကြမ်းဖက်သူလူစု အုပ်စုများအနေဖြင့် နိုင်ငံတော်ပိုင်အဆောက်အအုံများ၊ အေးချမ်းစွာ နေထိုင်လိုသော ပြည်သူလူထုအချို့၏ နေအိမ်များကို မီးပုလင်း၊ လက်လုပ်ဗုံး၊ မီးတုတ်များ ဖြင့်ပစ်ပေါက်ခြင်း၊ အများပြည်သူ သွားလာလှုပ်ရှားနေသော လမ်းမကြီးများပေါ်တွင် လက်လုပ်ဗုံးများ ပစ်ဖောက်ခြင်း၊ ထောင်ထားခြင်းများကို ဆောင်ရွက်လျက်ရှိသည်။**

ထိုသို့ လုပ်ဆောင်ရာတွင် ၂၀၂၂ ခုနှစ် ဧပြီလ ၂၅ ရက်နေ့ နံနက် ၅ နာရီ ၁၅ မိနစ်တွင် တနင်္သာရီတိုင်းဒေသကြီး ရေးမြို့နယ် ရန်မျိုးအောင်ရပ်ကွက်ရှိ မြို့နယ်ပညာရေးမှူး ရုံးရှေ့သို့ ဆူပူအကြမ်းဖက်သူက အသံဗုံးဖြင့် ပစ်ပေါက်ခဲ့ရာ ပညာရေးမှူးရုံး မျက်နှာစာရှိ လေကာမှန် ၆ ချပ် ကွဲအက်ပျက်စီးနေသည်ကို တွေ့ရှိရပြီး ပေါက်ကွဲမှုကြောင့် လူထိခိုက်ဒဏ်ရာရမှု မရှိကြောင်း သိရသည်။



လှိုင်မြို့နယ်ရှိ ရထားသံလမ်းကြား၌ လက်လုပ်မိုင်းတစ်လုံး ပေါက်ကွဲမှုဖြစ်ပွားခဲ့သည်ကို တွေ့ရစဉ်။

## လက်လုပ်ဗုံး ၇ လုံး တွေ့ရှိ

အလားတူ နံနက် ၁၁ နာရီ ၁၅ မိနစ်တွင် ကချင်ပြည်နယ် မံစီမြို့နယ် ကုန်းတိန်ကျေးရွာနှင့် မန်ဝိန်းလေးကျေးရွာကြား ဗန်းမော်-မန္တလေး ကားလမ်းဘေး မိုင်တိုင်အမှတ် (၂/၂၈၅) ရှိ ကုန်းတိန် ရွှေညောင်ပင်ဘုန်းကြီးကျောင်းအနီး လက်လုပ်ဗုံး ၇ လုံး တွေ့ရှိခဲ့ရာ အဆိုပါ လက်လုပ်ဗုံးများအနက် ၁ လုံးမှာ ပေါက်ကွဲသွားပြီး ပေါက်ကွဲမှုကြောင့် လူထိခိုက်ဒဏ်ရာရရှိမှု မရှိကြောင်းနှင့် မပေါက်ကွဲသေးသည့် လက်လုပ်ဗုံး ၆ လုံးကို ဖျက်ဆီးဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရှိရသည်။

အလားတူ နံနက် ၁၁ နာရီခွဲတွင် မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ် ရွှေဘိုစုရပ်ကွက် ခါတ်တော်ချိုင့်သွားလမ်းရှိ ခါတ်တိုင်အောက်၌ မသင်္ကာဖွယ် ကျောပိုးအိတ် ၁ လုံး အတွင်းမှ ကော်ပိုက်ဖြင့် ပြုလုပ်ထားသော လက်လုပ်ဗုံး ၁ လုံးကို တွေ့ရှိရသဖြင့် သက်မဲ့ပြုလုပ်၍ သိမ်းဆည်းခဲ့သည်။

အလားတူ မွန်းလွဲ ၁၂ နာရီ ၁၅ မိနစ်တွင် ရေးမြို့နယ် အဘော်ကျေးရွာနေ ကိုသန်းထိုက် (၄၄နှစ်) (ဘ)ဦးအောင်စိန် နေအိမ်ခြံဝင်းအတွင်းသို့ အကြမ်းဖက်သူ အမျိုးသား ၁ ဦးက လက်ပစ်ဗုံးများဖြင့် လာရောက်ပစ်ခတ်သွားကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးရာ ၎င်း၏ နေအိမ်ခြံဝင်းအတွင်းမှ လက်ပစ်ဗုံး ၁ လုံးနှင့် လက်လုပ်ဗုံး ၂ လုံးတို့ကို တွေ့ရှိရသဖြင့် သက်မဲ့ပြုလုပ်ကာ ဖယ်ရှားရှင်းလင်းခဲ့သည်။

အလားတူ မွန်းလွဲ ၁၂ နာရီ ၄၅ မိနစ်က မွန်ပြည်နယ် မော်လမြိုင်မြို့ မြိုင်သာယာရပ်ကွက် ဗိုလ်ချုပ်လမ်းနှင့် ၂၉ လမ်းထောင့်ရှိ ရေဘားအဖွင့်အပိတ် ခလုတ်ရှိသည့် ချိုင့်အတွင်း၌ လက်ပစ်ဗုံး ၁ လုံး တွေ့ရှိကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်၍ အဆိုပါ လက်ပစ်ဗုံးကို သက်မဲ့ပြုလုပ်ကာ သိမ်းဆည်းခဲ့သည်။

## လူထိခိုက်ဒဏ်ရာရရှိမှု မရှိ

အလားတူ မွန်းလွဲ ၂ နာရီ ၁၅ မိနစ်တွင် ပဲခူးတိုင်းဒေသကြီး ပြည်မြို့ နဝင်းရပ်ကွက်ရှိ ပြည်တက္ကသိုလ်၌ လုံခြုံရေး ဆောင်ရွက်နေသည့် လုံခြုံရေး တပ်ဖွဲ့ဝင်များအား အကြမ်းဖက်သူ အမျိုးသား ၅ ဦးက ဆိုင်ကယ် ၃ စီးဖြင့် ရောက်ရှိလာပြီး တက္ကသိုလ် ပင်မဂိတ်အနီးသို့ လက်လုပ်ဗုံး ၂ လုံးဖြင့် ပစ်ပေါက်ထွက်ပြေးသွားခဲ့ရာ အဆိုပါလက်လုပ်ဗုံးများမှာ ပင်မဂိတ်အနီးရှိ လုံခြုံရေးတပ်ဖွဲ့ဝင်များ နားနေဆောင်အမိုးပေါ်သို့ ကျရောက်ပေါက်ကွဲခဲ့ပြီး ပေါက်ကွဲမှုကြောင့် အဆိုပါအဆောင် အမိုး အနည်းငယ်ပျက်စီးခဲ့ပြီး လူထိခိုက်ဒဏ်ရာရရှိမှု မရှိကြောင်း သိရသည်။

အလားတူ ညနေ ၃ နာရီ ၄၅ မိနစ်တွင် လှိုင်သာယာ အနောက်ပိုင်းမြို့နယ် (၁၉) ရပ်ကွက် ဦးဘဝင်းလမ်းဘေးရှိ ရေမြောင်းအဖုံးပေါ်၌ အရှည် ၄ လက်မခန့်ရှိ PVC ကော်ပိုက်ဖြင့် ပြုလုပ်ထားသော လက်လုပ်ဗုံး ၂ လုံးကို တွေ့ရှိသဖြင့် လုံခြုံရေး တပ်ဖွဲ့ဝင်များက သက်မဲ့ပြုလုပ်ခဲ့သည်။

အလားတူ ညနေ ၅ နာရီတွင် မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ် စိန်ပန်းရပ်ကွက် ၄၁ လမ်းနှင့် ၈၁ လမ်းထောင့်ရှိ အမှတ်(၂၄) အခြေခံပညာအထက်တန်းကျောင်းကို ၄၁ လမ်းအတိုင်း အရှေ့မှအနောက်သို့ အကြမ်းဖက်သူ အမျိုးသား ၁ ဦး မောင်းနှင်လာသည့်ဆိုင်ကယ် ၁ စီးမှ လက်လုပ်ဗုံး ၁ လုံးဖြင့် ပစ်ပေါက် ထွက်ပြေးသွားခဲ့ရာ အဆိုပါလက်လုပ်ဗုံးမှာ ကျောင်းခြံစည်းရိုးအပြင်ဘက် အုတ်နံရံကို ထိမှန်ပေါက်ကွဲခဲ့ပြီး ပေါက်ကွဲမှုကြောင့် ထိခိုက်ပျက်စီးမှု မရှိကြောင်း သိရသည်။ အလားတူ မွန်းလွဲ ၁ နာရီ ၅၅ မိနစ်တွင် ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ် ပေါက်တောဝရပ်ကွက်၊ ရပ်ကွက်စီမံအုပ်ချုပ်မှုအဖွဲ့ရုံးရှေ့ ဘုရင့်နောင် လမ်းမကြီးပေါ်၌ ပေါက်ကွဲမှုဖြစ်ပွားကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးရာ အဆိုပါ ပေါက်ကွဲသည့်နေရာ၌ အလျား ၃ လက်မခန့်ရှိ PVC ပိုက်အပိုင်းအစ ၁ ခု၊ အုတ်ရိုက်သံ အချောင်း ၂၀ ခန့်၊ သံဘောစေ့ ၂၅ လုံးခန့်အား တွေ့ရှိ သိမ်းဆည်းခဲ့ပြီး လူနှင့်အဆောက်အအုံ ထိခိုက်ပျက်စီးမှုမရှိကြောင်း သိရသည်။

အလားတူ ညနေ ၅ နာရီခွဲတွင် အောင်မြေသာစံ မြို့နယ် ဥပုသ်တော်ရပ်ကွက် ၇၃ လမ်းနှင့် ၉ လမ်းထောင့်ရှိ မန္တလေးတိုင်းဒေသကြီး လွှတ်တော်ရုံးကို ၇၃ လမ်းဘက်မှ ၇၂ လမ်းဘက်သို့ အကြမ်းဖက်သူ အမျိုးသား ၂ ဦး မောင်းနှင်လာသည့် ဆိုင်ကယ် ၁ စီးမှ လက်လုပ်ဗုံး ၁ လုံးဖြင့် ပစ်ပေါက်ထွက်ပြေးခဲ့ရာ အဆိုပါ လက်လုပ်ဗုံးမှာ လွှတ်တော်ရုံး ခြံစည်းရိုးအုတ်နံရံ အပြင်ဘက် ထိမှန်ပေါက်ကွဲခဲ့ပြီး ပေါက်ကွဲမှုကြောင့် လူနှင့် ပစ္စည်းထိခိုက်မှု မရှိကြောင်း သိရသည်။

အလားတူ ညနေ ၅ နာရီခွဲ အချိန်ခန့်တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များက သင်္ဃန်းကျွန်းမြို့နယ် အတွင်း လှည့်ကင်းဆောင်ရွက်စဉ် ကျိုက္ကဆံနောက်ရပ်ကွက် သုမင်္ဂလာလမ်းပေါ်ရှိ မြန်မာ့စီးပွားရေးဘဏ် ရှေ့ဝန်းကျင်သို့ ရောက်ရှိစဉ် ဘဏ်၏ယာဘက်ရှိ ညောင်ပင်အောက်၌ CMP တံဆိပ်ပါ ၁ ဂါလန်ဆံ့ အိမ်သုတ်ဆေးပုံးအတွင်းမှ ကီးပတ်ဖုန်းနှင့် ဝိုင်ယာကြိုးများ ချိတ်ဆက်ထားသည့် လက်လုပ်ဗုံး ၁ လုံး ပေါက်ကွဲမှု ဖြစ်ပွားခဲ့ပြီး အဆိုပါပေါက်ကွဲမှုကြောင့် လူထိခိုက်ဒဏ်ရာရရှိမှု မရှိကြောင်း သိရသည်။

## ဖယ်ရှားရှင်းလင်း

အလားတူ ညနေ ၅ နာရီ ၅၀ မိနစ်တွင် အဆိုပါဘဏ်နှင့် ကိုက် ၅၀ ခန့်အကွာရှိ ဇာလီပရိယတ္တိ စာသင်တိုက်ဝင်ပေါက်အနီး၌ ခေါက်ဆွဲခြောက် စက္ကူဘူးခွံအတွင်းထည့်ထားသော အလျား ၁ ပေ၊ အနံ ၈ လက်မ၊ အမြင့် ၄ လက်မခန့်ရှိ လေးထောင့် အဖြူရောင်ကော်ပုံး ၁ ခုအတွင်း၌ ပုလဲခါတ်မြေဩဇာ၊ ဒီဇယ်၊ ကီးပတ်ဖုန်း ၁ လုံး၊ ခါတ်ခဲ ၂ လုံး၊ မီးသီး ၁ လုံး၊ ပလပ်ခုံ ၁ ခုတို့ဖြင့် ချိတ်ဆက်ပြုလုပ်ထားသော လက်လုပ်ဗုံး ၁ လုံးကို စစ်ဆေးတွေ့ရှိသဖြင့် သက်မဲ့ပြုလုပ် ဖယ်ရှားရှင်းလင်းခဲ့ကြောင်း သိရှိရသည်။

အလားတူ ည ၆ နာရီ ၄၅ မိနစ်တွင် လုံခြုံရေး တပ်ဖွဲ့ဝင်များ အခြေပြုလျက်ရှိသည့် ကြည့်မြင်တိုင်မြို့နယ် ဘောဂရပ်ကွက် ဗားကရာလမ်းရှိ အမှတ်(၁)အခြေခံပညာအထက်တန်း ကျောင်းဝင်းအတွင်းသို့ ဗားကရာလမ်းအတိုင်း အရှေ့ဘက်မှ ကမ်းနားလမ်းဘက်သို့ မောင်းနှင်လာသည့် Toyota Wish အဖြူရောင်ယာဉ်(စိစစ်ဆဲ)သည် ဗားကရာလမ်းနှင့် ဗိုလ်သူရလမ်းထောင့်ရှိ AGD ဘဏ် ATM စက်အကျော်၌ ရပ်တန့်ကာ အကြမ်းဖက်သူအမျိုးသား ၂ ဦးမှ အဆိုပါယာဉ်ပေါ်မှဆင်းလာပြီး အမျိုးသား ၁ ဦးက ညောင်ပင်ကို အကာအကွယ်ပြု၍ လက်လုပ်ဗုံး ၃ လုံးဖြင့် ပစ်ပေါက်ထွက်ပြေးသွားသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ခြောက်လှန့်ပစ်ခတ်ခဲ့ရာ ကမ်းနားလမ်းဘက်သို့ မောင်းနှင်ထွက်ပြေးသွားခဲ့ကြောင်းနှင့် လက်လုပ်ဗုံးဖြင့် ပစ်ပေါက်မှုကြောင့် ကျောင်းဝင်းအုတ်နံရံနှင့် မြဝတ်မှုံ နှစ်ထပ်စာသင်ဆောင်ကြား၌ လက်လုပ်ဗုံး ၃ လုံး ကျရောက်ပေါက်ကွဲခဲ့ပြီး လူနှင့် အဆောက်အဦ ထိခိုက်ပျက်စီးမှုမရှိကြောင်း သိရှိရသည်။

## သိမ်းဆည်း

အလားတူ ည ၇ နာရီ ၁၀ မိနစ်တွင် အမရပူရမြို့နယ် မြို့ပြင်ကြီးကျေးရွာနေ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီဝင် ဒေါ်သိမ့်သိမ့်စိုး (၅၁နှစ်) (ဘ) ဦးဝင်းမောင်၏ နေအိမ်အား အကြမ်းဖက်သူ အမျိုးသား ၆ ဦးက ဆိုင်ကယ် ၄ စီးဖြင့် ရောက်ရှိလာပြီး လက်လုပ်ဗုံး ၁ လုံးဖြင့် ပစ်ပေါက်ထွက်ပြေးခဲ့ရာ အဆိုပါ လက်လုပ်ဗုံးမှာ နေအိမ်ရှေ့သို့ ကျရောက်ခဲ့ပြီး ပေါက်ကွဲမှု မရှိကြောင်းနှင့် အဆိုပါလက်ပစ်ဗုံးကို လုံခြုံရေးတပ်ဖွဲ့ဝင်များက သက်မဲ့ပြုလုပ်၍ သိမ်းဆည်းခဲ့ကြောင်း သိရသည်။

အလားတူ ည ၇ နာရီ မိနစ် ၂၀ တွင် သထုံမြို့ သိမ်ကုန်းရပ်ကွက် ရွှေစာရံဘုရားရင်ပြင် သာသနာ့ဗိမာန်ရှေ့သို့ မင်းလမ်းအတိုင်း တောင်ဘက်မှ ရွှေစာရံဘုရားရင်ပြင်ဘက်သို့ ဆိုင်ကယ် ၁ စီး စီးနင်းလာသည့် အကြမ်းဖက်သူအမျိုးသား ၂ ဦးက လက်လုပ်ဗုံးဖြင့် ပစ်ပေါက်၍ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းဘက်သို့ မောင်းနှင်ထွက်ပြေးသွားခဲ့ပြီး အဆိုပါ ပေါက်ကွဲမှုကြောင့် လူ/အဆောက်အအုံ ထိခိုက်မှု မရှိကြောင်း သိရသည်။

အလားတူ ည ၇ နာရီခွဲတွင် တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ ရေပုန်းရပ်ကွက် ကန်ဖျားလမ်းမကြီးဘေးရှိ ခရိုင်စိုက်ပျိုးရေး အိမ်ရာ ဆိုင်းဘုတ်အနီးတွင် လည်းကောင်း၊ ည ၈ နာရီတွင် ထားဝယ်မြို့ ဗျောတော ရပ်ကွက် သစ်တောရုံးလမ်းရှိ မြန်မာနိုင်ငံကူးလက်မှတ် ထုတ်ပေးရေးရုံးဆိုင်းဘုတ်ရှေ့ လမ်းပေါ်တွင်လည်းကောင်း၊ ည ၈ နာရီ ၁၅ မိနစ်တွင် အာဇာနည်လမ်းနှင့် သစ်တောရုံးလမ်းထောင့်ရှိ ဝန်ထမ်းအိမ်ရာ အနီးတို့တွင် လည်းကောင်း ပေါက်ကွဲမှုများ ဖြစ်ပွားခဲ့ကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ အဆိုပါနေရာများ၌ ပေါက်ကွဲထားသည့် လက်လုပ်ဗုံး အပိုင်းအစများတွေ့ရှိရပြီး ပေါက်ကွဲမှုကြောင့် လူနှင့် အဆောက်အအုံထိခိုက်ဒဏ်ရာရရှိမှုနှင့် ပျက်စီးမှုမရှိကြောင်း သိရသည်။

## လက်လုပ်ဗုံးဖြင့် လာရောက်ပစ်ခတ်

အလားတူ ည ၇ နာရီ ၅၈ မိနစ်ခန့်တွင် သထုံမြို့ သိမ်ကုန်းရပ်ကွက် ရပ်ကွက်စီမံအုပ်ချုပ်မှု အဖွဲ့ရုံးအနီး၌ လည်းကောင်း၊ ည ၈ နာရီတွင် နေပြည်တော် ပြည်ထောင်စုနယ်မြေ ပုဗ္ဗသီရိမြို့နယ် ကျည်တောင်ကန် (၁) ရပ်ကွက်ရှိ ရပ်ကွက်စီမံအုပ်ချုပ်ရေးအဖွဲ့ရုံး၌ လည်းကောင်း၊ ည ၈ နာရီ ၅ မိနစ်တွင် စစ်ကိုင်းတိုင်းဒေသကြီး ဟုမ္မလင်းမြို့နယ် နောင်ပကျစ်ရပ်ကွက် "ပြည်သူ့ဆေးရုံကြီး" အနောက်ဘက်လမ်းပေါ်၌ လည်းကောင်း၊ ည ၈ နာရီခွဲတွင် မန္တလေးတိုင်းဒေသကြီး သပိတ်ကျင်းမြို့နယ် ဆင်မွေးကျေးရွာရှိ ဦးသန်းထွန်းနိုင် (စိစစ်ဆဲ) ပိုင် ဖွင့်လှစ်ထားခြင်းမရှိသည့် "ဟေဝန်နန်း" ဆိုင်၌ လည်းကောင်း၊ ည ၈ နာရီ ၄၅ မိနစ်တွင် စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့ အမှတ် (၁၀)ရပ်ကွက် သရက်ခြံရပ်ရှိ ခရိုင်ပညာရေးမှူးရုံးကို လည်းကောင်း ဆူပူအကြမ်းဖက်သူများက လက်လုပ်ဗုံးများဖြင့် လာရောက်ပစ်ခတ်ခဲ့ရာ ပေါက်ကွဲမှုများ ဖြစ်ပွားခဲ့ကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ အဆိုပါနေရာများအနီး၌ ပေါက်ကွဲထားသည့် လက်လုပ်ဗုံးအပိုင်းအစများနှင့် မပေါက်ကွဲသေးသည့် လက်လုပ်ဗုံးများအား တွေ့ရှိခဲ့သဖြင့် သက်မဲ့ပြုလုပ်သိမ်းဆည်းကြောင်းနှင့် အဆိုပါ ပေါက်ကွဲမှုများကြောင့် လူနှင့် အဆောက်အဦ ထိခိုက်ဒဏ်ရာရရှိမှုနှင့် ပျက်စီးမှု မရှိကြောင်း သိရသည်။

အလားတူ ယနေ့နံနက် ၅ နာရီ ၃၅ မိနစ်တွင် ကရင်ပြည်နယ် မြဝတီမြို့ အမှတ်(၄) ရပ်ကွက်

***စာမျက်နှာ ၂၈ သို့***

# ရန်ကုန် – မန္တလေး ရထားလမ်းပိုင်းရှိ ကျည်တောင်ကန်ဘူတာနှင့် ဖြူတ်ခွဲဘူတာကြား တံတားအမှတ် (၄၂၀) ၏ ကွန်ကရစ်တံတားအောက်တွင် လက်လုပ်မိုင်းတစ်လုံး စစ်ဆေးတွေ့ရှိ



**နေပြည်တော် မေ ၂၆**

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ မြန်မာ့မီးရထား ပုဗ္ဗသီရိမြို့နယ် ရန်ကုန်– မန္တလေးလမ်းပိုင်း ကျည်တောင်ကန်ဘူတာနှင့် ဖြူတ်ခွဲဘူတာအကြား မိုင်တိုင်အမှတ် ၂၃၇/၀–၁ အကြားရှိ တံတားအမှတ် (၄၂၀) အစုန်လမ်း ပေ ၂၀ ကွန်ကရစ်တံတားအောက် မန္တလေးဘက်ခြမ်း တံတားနံရံ ရေထွက်ပေါက်၌ အလျား ၁၅ လက်မ၊ အချင်း ၅ လက်မခန့်ရှိ မီးသတ်ဆေးဘူးဖြင့် ပြုလုပ်ထားသော လက်လုပ်မိုင်းကို မေ ၂၅ ရက် နံနက် ၆ နာရီ ၅ မိနစ်တွင် နယ်မြေလုံခြုံရေးအဖွဲ့မှ စစ်ဆေးတွေ့ရှိခဲ့ကြောင်း သိရှိရ၍ ဖြစ်ပွားရာနေရာသို့ မြန်မာ့မီးရထားမှ တိုင်းတာဝန်ခံနှင့်တာဝန်ရှိသူများက သွားရောက်ကြည့်ရှုသည်။

အခင်းဖြစ်ပွားရာနေရာသို့ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး သန်းဇော်ထူး၊ တပ်နယ်မှူး ဒုတိယဗိုလ်မှူးကြီး ကျော်ကျော်ဝေ၊ မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်ရဲတပ်ဖွဲ့မှူးနှင့် အမှတ် (၈၂၀) စစ်မြေပြင်အင်ဂျင်နီယာတပ်ရင်းမှ ဗိုလ်ကြီး ဇင်မောင်မောင်တို့အဖွဲ့မှ သွားရောက်၍ အဆိုပါလက်လုပ်မိုင်းကိုစစ်ဆေးရာ မီးသတ်ဆေးဘူးအတွင်း ယမ်းမှုန့် ၄ လက်မ၊ သံချောင်း ၃၅ ချောင်း၊ စက်ဘီးဘောစေ့ ၃၀၀ ခန့် တွေ့ရှိရပြီး နံနက် ၇ နာရီ မိနစ် ၂၀ တွင် ရှင်းလင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# မိန်းကလေးများကို တရုတ်နိုင်ငံသို့ ပို့ဆောင်ရောင်းစားရန် စီစဉ်ခဲ့သူများ လူကုန်ကူးမှုဖြင့် ထောင်ဒဏ်ချမှတ်

**နေပြည်တော် မေ ၂၆**

မိန်းကလေးများကို တရုတ်နိုင်ငံသို့ ပို့ဆောင်ရောင်းစားရန် စီစဉ်ခဲ့သူများအား လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေအရ အလုပ်နှင့် ထောင်ဒဏ် ၁၀ နှစ်စီ ချမှတ်ခဲ့ကြောင်း မြန်မာနိုင်ငံ ရဲတပ်ဖွဲ့မှ သိရသည်။

ဖြစ်စဉ်မှာ ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့ မြို့ဟောင်းအလယ်ရပ်ကွက်နေ ဒေါ်ထွေးမြင့်ခိုင် (ခ)မခိုင်၊ ကချင်ပြည်နယ် လွယ်ဂျယ်မြို့ အောင်ချမ်းသာရပ်ကွက်နေ ကိုအောင်မင်းသန့် (ခ)အောင်ကြီးနှင့် မဟန်နီမေ (ခ) ဘုတ်ဆုံမတို့က သန်လျင်မြို့ ကန်သာယာရပ်ကွက်နေ မXXX၊ ၂၀နှစ် ၊ မXXX၊ ၂၅ နှစ်နှင့် မXXX ၊ ၁၈ နှစ် တရုတ်နိုင်ငံသို့ ပို့ဆောင်၍ တရုတ်ဇနီးအဖြစ် ရောင်းစားရန် စီစဉ်ခဲ့မှုကို လွယ်ဂျယ်နယ်မြေ ရဲစခန်းမှ (ပ) ၂၀/ ၂၀၂၀၊ လူကုန်ကူးမှု တားဆီးကာကွယ်ရေး ဥပဒေပုဒ်မ ၂၄/၃၂ ဖြင့် အမှုရေးဖွင့်ခဲ့ပြီး ဗန်းမော်ခရိုင် တရားရုံးသို့ တရားစွဲတင်ပို့ခဲ့ရာ မေ ၉ ရက်တွင် ယင်း တရားခံတို့အား လူကုန်ကူးမှုတားဆီးကာကွယ်ရေး ဥပဒေပုဒ်မ ၂၄ အရ အလုပ်နှင့် ထောင်ဒဏ် ၁၀ နှစ်စီ ချမှတ်ခဲ့ကြောင်း သိရသည်။

အလားတူ ရှမ်းပြည်နယ် ကျိုင်းတုံမြို့နယ် ဝင်းဘိုရွာနေ ကိုကျနူး (မိ)၊ မနာရှီးဘို (မိ)၊ မနာလောဘို (တိမ်းရှောင်)နှင့် မအက်စတာ (တိမ်းရှောင်)တို့က တစ်ရွာတည်းနေ မXXX၊ ၂၈ နှစ်ကို တရုတ်နိုင်ငံသို့ ပို့ဆောင်၍ တရုတ်ဇနီးအဖြစ် ရောင်းစားရန် စီစဉ်ခဲ့မှုကို ကျိုင်းတုံမြို့မရဲစခန်းမှ (ပ) ၃၂၇/ ၂၀၂၀၊ လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေပုဒ်မ ၂၈(က)/၃၂ ဖြင့် အမှုရေးဖွင့်ခဲ့ပြီး ကျိုင်းတုံခရိုင် တရားရုံးသို့ တရားစွဲတင်ပို့ခဲ့ရာ မေ ၂၂ ရက်တွင် တရားခံ ကိုကျနူးနှင့် မနာရှီးဘိုတို့အား လူကုန်ကူးမှုတားဆီးကာကွယ်ရေး ဥပဒေပုဒ်မ ၂၄/၃၂ အရ အလုပ်နှင့်ထောင်ဒဏ် ၁၀ နှစ်စီ ချမှတ်ခဲ့ပြီး တိမ်းရှောင်တရားခံများအား တရားခံပြေး ကြေညာခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ချင်းပြည်နယ် မင်းတပ်မြို့နယ်၌ လုံခြုံရေးယာဉ်တန်းကို ဆူပူအကြမ်းဖက်သူများက တူမီးသေနတ်၊ မောင်းပြန်သေနတ်များဖြင့် အကြမ်းဖက်ပစ်ခတ်တိုက်ခိုက်

**နေပြည်တော် မေ ၂၆**

ချင်းပြည်နယ် မင်းတပ်မြို့နယ်၌ လုံခြုံရေးယာဉ်တန်းကို ယနေ့တွင် ဆူပူအကြမ်းဖက်သူများက တူမီးသေနတ်၊ မောင်းပြန်သေနတ်များဖြင့် အကြမ်းဖက်ပစ်ခတ်တိုက်ခိုက်ခဲ့၍ လုံခြုံရေးတပ်ဖွဲ့ဝင် တစ်ဦးကျဆုံးကာ သုံးဦးဒဏ်ရာရရှိခဲ့ပြီး လုံခြုံရေးတပ်ဖွဲ့သုံးမော်တော်ယာဉ် တစ်စီး ပျက်စီးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ယနေ့မွန်းလွဲ ၂ နာရီ မိနစ် ၅၀ တွင် မင်းတပ်ခရိုင် ရဲတပ်ဖွဲ့မှူး ဦးစီး၍လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မင်းတပ်မြို့နှင့် ပခုက္ကူမြို့အကြား လမ်းကြောင်းလုံခြုံရေးဆောင်ရွက်နိုင်ရန်အတွက် ယာဉ်တန်းဖြင့် ထွက်ခွာခဲ့ရာ မွန်းလွဲ ၃ နာရီခွဲတွင် မင်းတပ်မြို့ အရှေ့ပြင်ရပ်ကွက် ဂေါက်ကွင်းအနီးအရောက်တွင် ဆူပူအကြမ်းဖက်သူများက တူမီးသေနတ်၊ မောင်းပြန်သေနတ်တို့ဖြင့် လမ်းဘေးဝဲ၊ ယာမှ အကြမ်းဖက်ရန်ပြုပစ်ခတ်တိုက်ခိုက်ခဲ့ရာ လုံခြုံရေးတပ်ဖွဲ့ဝင်များက ခုခံပစ်ခတ်၍ မင်းတပ်မြို့သို့ ပြန်လည်ထွက်ခွာလာစဉ် အရှေ့ပြင်ရပ်ကွက် ရပ်ကွက်စီမံအုပ်ချုပ်ရေးအဖွဲ့ရုံးရှေ့တွင် အကြမ်းဖက်သူများက ထပ်မံပိတ်ဆို့ရန်ပြုပစ်ခတ်တိုက်ခိုက်ခဲ့၍ လုံခြုံရေးတပ်ဖွဲ့ဝင်များက ခုခံပစ်ခတ်ပြီး ထွက်ခွာခဲ့ရာ ညနေ ၄ နာရီ မိနစ် ၄၀ တွင် မင်းတပ်မြို့သို့ ပြန်လည်ရောက်ရှိခဲ့သည်။

ဆူပူအကြမ်းဖက်သူများ၏ အကြမ်းဖက်တိုက်ခိုက်မှုဖြစ်စဉ်အတွင်း လုံခြုံရေးတပ်ဖွဲ့ဝင် တစ်ဦး ကျဆုံးကာ သုံးဦး ထိမှန်ဒဏ်ရာရရှိခဲ့ပြီး လုံခြုံရေးတပ်ဖွဲ့သုံးမော်တော်ယာဉ် တစ်စီးပျက်စီးဆုံးရှုံးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

**နေပြည်တော် မေ ၂၆** – နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ထူးခြားသည့် နေ့အပူချိန်များမှာ ချောက်မြို့တွင် ၄၆ ဒီဂရီစင်တီဂရိတ်၊ မုံရွာမြို့၊ မြင်းခြံမြို့၊ ညောင်ဦးမြို့နှင့် ဂန့်ဂေါမြို့တို့တွင် ၄၄ ဒီဂရီစင်တီဂရိတ်စီ၊ ဗားရဲ၊ မင်းကင်းမြို့၊ မြင်းမူမြို့၊ မင်းဘူးမြို့၊ မကွေးမြို့နှင့် ပေါက်မြို့တို့တွင် ၄၃ ဒီဂရီစင်တီဂရိတ်စီတို့ဖြစ်ကြသည်။ မှတ်သားသားဖွယ်ရာမိုးရေချိန်များမှာ ချောင်းဆုံမြို့ တွင် ၁ ဒသမ ၅၇ လက်မ၊ ကော့သောင်းမြို့တွင် ၁ ဒသမ ၀၈ လက်မ၊ နမ့်စန်မြို့တွင် ၀ ဒသမ ၉၅ လက်မနှင့် မြစ်ငယ်မြို့တွင် ၀ ဒသမ ၃၉ လက်မတို့ ဖြစ်ကြသည်။

**မိုး/ဇလ**

*စာမျက်နှာ ၂၇ မှ*

ရပ်ကွက်စီမံအုပ်ချုပ်ရေးအဖွဲ့မှူး ဦးစည်လှိုင် (ခ) စိန်ထွန်း၏ နေအိမ်သို့ အကြမ်းဖက်သူက လက်ပစ်ဗုံးဖြင့် ပစ်ပေါက်ခဲ့ရာ အဆိုပါ လက်ပစ်ဗုံးမှာ နေအိမ်ခြံဝင်းအတွင်းရှိ ကားများရပ်တန့်ထားသောနေရာဘေးသို့ ကျရောက်ပေါက်ကွဲခဲ့ရာ ပေါက်ကွဲမှုကြောင့် ရပ်တန့်ထားသော Voxy ယာဉ် ၏ ဝဲဘက်ရှေ့ဘီးပေါက်ကာ ယာဉ်၏ ဝဲဘက်ခြမ်းတွင် အပေါက် ၉ ပေါက် ထိမှန်ပျက်စီးခဲ့ကြောင်းနှင့် လူထိခိုက်ဒဏ်ရာရရှိမှု မရှိကြောင်း သတင်းရရှိသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ ပေါက်ကွဲမှုဖြစ်ပွားသည့်နေရာမှ လက်ပစ်ဗုံး လီဘာတံ ၁ ခု၊ မောင်းတုံးအပိုင်းအစနှင့် ပေါက်ကွဲထားသည့် လက်ပစ်ဗုံးကိုယ်ထည် သတ္တုအပိုင်းအစ ၄ ခုတို့အား တွေ့ရှိသိမ်းဆည်းရမိခဲ့သည်။

အလားတူ နံနက် ၆ နာရီ ၅၅ မိနစ်တွင် ရန်ကုန်တိုင်းဒေသကြီး လှိုင်မြို့နယ် အမှတ်(၅) ရပ်ကွက် ဗဟိုလမ်းရှိ မဟာဝံသ ဓမ္မရက္ခိတ ပရိယတ္တိစာသင်တိုက်ရှေ့ ရထားသံလမ်းကြား၌ ပေါက်ကွဲမှုဖြစ်ပွားကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက် စစ်ဆေးခဲ့ရာ ပေါက်ကွဲမှု ဖြစ်ပွားသည့်နေရာ၌ ပေါက်ကွဲထားပြီးဖြစ်သော လက်လုပ်မိုင်း ၁ လုံး၏ အပိုင်းအစများ တွေ့ရှိခဲ့ရပြီး ပေါက်ကွဲမှုကြောင့် လူနှင့် အဆောက်အအုံ ထိခိုက်ပျက်စီးမှုမရှိကြောင်း သိရသည်။

### လက်ပစ်ဗုံးများ တွေ့ရှိ

အလားတူ နံနက် ၇ နာရီ မိနစ် ၂၀ တွင် တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ ကန်ဖျားရပ်ကွက် ကန်ဖျားလမ်းရှိ ခရိုင်ပို့ဆောင်ရေးစီမံကိန်းဦးစီးဌာနရုံး အရှေ့ဆင်ဝင်အောက်၌ လည်းကောင်း၊ နံနက် ၇ နာရီ ၃၅ မိနစ်တွင် နေပြည်တော်ပြည်ထောင်စုနယ်မြေ တပ်ကုန်းမြို့ ဆရာစံတိုးချဲ့ရပ်ကွက်ရှိ ဆည်မြောင်းနှင့် အရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနရုံး ရေစက်ခန်းအတွင်း၌ လည်းကောင်း၊ နံနက် ၁၀နာရီ မိနစ် ၂၀ တွင် မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့ အမှတ်(၆)ရပ်ကွက် မြိုင်လမ်းရှိ “ကျားမြင့်” ကားပစ္စည်းဆိုင်ရှေ့ လမ်းလယ်ကျွန်းပေါ်၌ လည်းကောင်း လက်လုပ်ဗုံး / လက်ပစ်ဗုံးများကို တွေ့ရှိခဲ့သဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်၍ သက်မဲ့ပြုလုပ် သိမ်းဆည်းခဲ့သည်။

### ကျရောက်ပေါက်ကွဲ

အလားတူ မွန်းလွဲ ၁၂ နာရီ မိနစ် ၄၀ တွင် မန္တလေးတိုင်း ဒေသကြီး မဟာအောင်မြေမြို့နယ် မဟာနွယ်စင်ရပ်ကွက် ၇၁ လမ်း နှင့် ၃၅ လမ်း ထောင့်ရှိ ရတနာပုံဘဏ်ရှေ့သို့ အကြမ်းဖက်သူ အမျိုးသား ၂ ဦးက ဆိုင်ကယ် ၁ စီးဖြင့် မောင်းနှင်ရောက်ရှိလာကာ လက်လုပ်ဗုံး ၁ လုံးဖြင့် ပစ်ပေါက်မောင်းနှင် ထွက်ပြေးသွားခဲ့ရာ အဆိုပါ လက်လုပ်ဗုံးမှာ ဘဏ်ခြံ စည်းရိုးရှေ့ရှိ ရေမြောင်းဘေးသို့ ကျရောက်ပေါက်ကွဲခဲ့ပြီး ပေါက်ကွဲမှုကြောင့် လူနှင့် အဆောက်အအုံ ထိခိုက်မှုမရှိကြောင်း သိရသည်။

အထက်ပါဖြစ်စဉ်များမှ အကြမ်းဖက်မှုလုပ်ရပ်များကို ကျူးလွန်သူများအား ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက စုံစမ်းဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

**ရဲပြန်ကြား**


**ဦးပြည့်ဖြိုးအောင်(ဘ)ဦးထွန်းမောင်**

**၈/ မလန(နိုင်)၀၆၀၈၁၁နှင့်အများသိစေရန် ကြေညာခြင်း**

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၊ ရွှေကြာပင်ရပ်ကွက်၊ မြစ်ငယ်(၄)လမ်း၊ အမှတ် ၁၉၈၂ နေ ဒေါ်ချမ်းမြန္မေး(ဘ) ဦးဌေးလှိုင် (ခ) ဦးထွေးလှိုင် ၁၂/ သလန(နိုင်)၀၉၇၀၃၅ ၏ တရားဝင်လွှဲအပ်ချက်နှင့်အညီ အောက်ပါအတိုင်း အများသိစေရန် ကြေညာလိုက်သည်။

ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ချမ်းမြန္မေးနှင့် ဦးပြည့်ဖြိုးအောင်တို့သည် လွန်ခဲ့သော ၂၀–၁၁–၂၀၁၁ ရက်မှ စ၍ အကြင် လင် မယားအဖြစ်ပေါင်းသင်းခဲ့ပြီး မောင်မင်းဈာန် အမည်ရှိ သားတစ်ဦး ထွန်းကားခဲ့ပါသည်။ ဦးပြည့်ဖြိုးအောင်သည်ကျွန်ုပ်၏မိတ်ဆွေ ဖြစ်သူ ဒေါ်ချမ်းမြန္မေး နှင့်ပေါင်းသင်းစဉ် အချိန်၌လည်း ခင်ပွန်း ဝတ္တရား တာဝန်များနှင့် အညီ လောက်ငစွာ ရှာဖွေကျွေးမွေး ပြုစုစောင့်ရှောက်ခြင်းမရှိကြောင်း၊ စကားများရန်ဖြစ်ရာတွင်လည်းအမြဲတစေ ကိုယ်ထိလက်ရောက်ပြင်းထန် ဒဏ်ရာရ နာကျင်စေသည့် ကျူးလွန်ပြုလုပ်မှုများရှိခဲ့ကြောင်း ပြောပြသိရသည်။ ထို့နောက် ၁၈–၃–၂၀၂၂ ရက်၌ ဦးပြည့်ဖြိုးအောင်သည် YGN/ 6D 8612 model 2006 Swift မော်တော်ကားအား ယူဆောင်သွားကာ ဒေါ်ချမ်းမြန္မေးနှင့် ဦးပြည့်ဖြိုးအောင်တို့ ပေါင်းသင်းစဉ်နေထိုင်သည့် ဒေါ်ချမ်းမြန္မေး၏ မိဘများနေအိမ်မှ ၎င်း၏ သဘောဆန္ဒဖြင့် ဆင်းသွားခဲ့ကြောင်း ပြောပြသိရှိရသည်။ ထိုနေ့မှစ၍ ယနေ့အချိန်အထိ ဦးပြည့်ဖြိုးအောင်ဘက်မှ ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ ဒေါ်ချမ်းမြန္မေးထံ မည်သို့မည်ပုံ ဖြစ်၍ ထွက်သွားကြောင်း အကြောင်း တစ်စုံတစ်ရာ ဆက်သွယ်ပြောဆိုခဲ့ခြင်းမျိုး မရှိကြောင်း ပြောပြသိရှိရသည်။

သို့ဖြစ်ပါ၍ ကျွန်ုပ်၏မိတ်ဆွေနှင့် သားအပေါ် ဦးပြည့်ဖြိုးအောင်သည့် လင့်ဝတ္တရား တာဝန်နှင့် ဖခင်တစ်ယောက်၏ ဝတ္တရား တာဝန်များ ပျက်ကွက်ခြင်း၊ ဒေါ်ချမ်းမြန္မေးနှင့် ပေါင်းသင်းစဉ်၌လည်း ကိုယ်ထိလက်ရောက် ညှဉ်းပန်းနှိပ်စက်ခြင်းများ ပြုလုပ်သည့် အပြင် မိသားစုကိုရှာဖွေကျွေးမွေး ပြုစုစောင့်ရှောက်ခြင်းများ မရှိသဖြင့် ဦးပြည့်ဖြိုးအောင်အား ခင်ပွန်းအဖြစ်မှ စွန့်လွှတ်ကြောင်းနှင့် ထို့ပြင် ဦးပြည့်ဖြိုးအောင် ပတ်သက်၍ ငွေကြေးကိစ္စရပ်များ၊ လူမှုရေး ကိစ္စအဝဝတို့သည် ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ချမ်းမြန္မေး နှင့် လုံးဝ ပတ်သက် သက်ဆိုင်မှုမရှိပါကြောင်း၊ တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ကြောင်း ကျွန်ုပ်၏ မိတ်ဆွေ လွှဲအပ် ညွှန်ကြားချက်နှင့်အညီ ဦးပြည့်ဖြိုးအောင်နှင့် အများသိစေရန် ကြေညာလိုက်ပါသည်။

**ဒေါ်ချမ်းမြန္မေး ၁၂/သလန(နိုင်) ၀၉၇၀၃၅ ၏ တရားဝင် လွှဲအပ်ညွှန်ကြားချက်အရ**

**ဒေါ်အိမွန်ခန့် (LL.B, DBL, WIPO)** — **တရားလွှတ်တော်ရှေ့နေ(စဉ်–၁၄၃၄၁)**

**ဒေါ်ဖူးငုံဦး (LL.B)** — **အထက်တန်းရှေ့နေ(စဉ်– ၅၀၉၇၁)**


**ဒေါ်ဝတီတင့်နိုင်(LL.B)**

**အထက်တန်းရှေ့နေ(စဉ်– ၅၂၁၄၀)**

အမှတ် (၃/၁၇)၊ အနော်ရထာလမ်း၊ တပ်ပိုးရပ်ကွက်၊ ပျဉ်းမနားမြို့၊ ဖုန်း– ၀၉– ၄၂၀၇၄၁၉၉၂

# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း







မော်ကွန်းတိုက်(၇၂×၃၀)ပေ ၁ လုံး-၈၈၄ သိန်း



ဂေါပကရုံး (၄၈×၂၄)ပေ ၁ လုံး-၄၂၃ သိန်း



ပုတ်တလုတ်ကန်(၁၉၆×၁၁၆)ပေ ၁ ကန်-၈၂၄၀ သိန်း



ဓမ္မာရုံ(၂၁၃×၉၀)ပေ ၁ လုံး-၈၇၃၀ သိန်း



သုဓမ္မာဇရပ်(၅၄×၃၀)ပေ ၆ လုံး ၁ လုံးလျှင်-၅၅၇ သိန်း

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး ၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မြန်မာနိုင်ငံတွင် ထေရဝါဒ ဗုဒ္ဓသာသနာတော်ထွန်းလင်းတောက်ပလျက်ရှိသည်ကို ကမ္ဘာကိုပြသရန်၊ တိုင်းပြည်အေးချမ်းသာယာမှုရှိစေရန်၊ ရုပ်ပွားတော်မြတ်ကြီးအား ပြည်တွင်း၊ ပြည်ပဘုရားဖူးများလာရောက်ခြင်းဖြင့် ဒေသတိုးတက်စည်ကားမှုကို အထောက်အကူဖြစ်စေရန်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှု အထောက်အကူဖြစ်စေရန်ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်လျက်ရှိပါသည်။

၂။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ရေးလုပ်ငန်းများအား တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများ၊ စေတနာရှင်များ၊ တိုင်းရင်းသားပြည်သူတို့၏ စုပေါင်းလှူဒါန်းမှုဖြင့် အောက်ပါအတိုင်းတည်ဆောက်ပူဇော်သွားမည် ဖြစ်ပါသည်-

(၁) အဝင်မုခ်ဦး(၁၀၀×၄၀)ပေ ၁ ခု - ၈၂၀ သိန်း
(၂) အဝင်မုခ်ဦးငယ်(၇၅×၄၀)ပေ ၃ ခု၊ ၁ ခုလျှင် - ၆၇၆ သိန်း
(၃) ရေပန်းအကြီး(အချင်း ၇၅ ပေ၊ အမြင့် ၁၅ ပေ) ၁ ခု - ၄၃၂၁ သိန်း
(၄) ရေပန်းအသေး(အချင်း ၃၀ ပေ၊ အမြင့် ၉ ပေ) ၁၈ ခု၊ ၁ ခုလျှင် - ၈၀၅ သိန်း
(၅) မဟာရံတံတိုင်း၏မြေထိန်းနံရံ(၁၀ ပေခန်း) ၂၀၀ ခန်း ၁ ခုလျှင် - ၇၂ သိန်း
(၆) မဟာရံတံတိုင်းစိန်တောင်စကျင်ကနုတ်ပန်း(မြန်မာမှုပါ) ၆၅၂ ခု၊ ၁ ခုလျှင် - ၇ သိန်း
(၇) မဟာရံတံတိုင်းရှိ စကျင်ထောင့်တိုင်(မြန်မာမှုပါ) ၅၀ ခု ၁ ခုလျှင် - ၁၅ သိန်း
(၈) မဟာရံတံတိုင်း၏အင်္ဂတေမြန်မာမှု ၂၁၈ ကျင်း၊ ၁ ကျင်းလျှင် - ၄.၁ သိန်း
(၉) မြန်မာမှု တစ်ဖက်လှခြံစည်းရိုး(၂၇ ပေခန်း) ၄၅၅ ခန်း ၁ ခန်းလျှင် - ၃၁ သိန်း
(၁၀) စကျင်ကျောက်ပြား ၂၁၂၀ ကျင်း၊ ၁ ကျင်းလျှင် - ၄.၇ သိန်း
(၁၁) ကြွေပြား ၁၇၃၆ ကျင်း၊ ၁ ကျင်းလျှင် - ၂ သိန်း
(၁၂) ကွန်ကရစ် ၈ လက်မထုခင်းခြင်း၊ ၅၉၁၀ ကျင်း ၁ ကျင်းလျှင် - ၃.၆ သိန်း
(၁၃) မြောက်ဘက်မုခ်ပင်မလှေကား(မြန်မာမှုပါ) ၁ စင်း - ၁၉၁၄ သိန်း
(၁၄) အရှေ့၊ အနောက်နှင့် တောင်ဘက်မုခ်လှေကား (မြန်မာမှုပါ) ၃ စင်း၊ ၁ စင်းလျှင် - ၄၉၀ သိန်း
(၁၅) ချောင်းဖြောင့်မြေထိန်းနံရံ(၁၂ × ၁၇၆)ပေ၊ ၈၂ ခန်း ၁ ခန်းလျှင် - ၁၉၃ သိန်း
(၁၆) ရင်ပြင်တော် ပင်မတံတား(၁၀ ပေခန်း) ၉ ခန်း ၁ ခန်းလျှင် - ၁၃၂၂ သိန်း
(၁၇) လမ်းမီးတိုင် (၉ မီတာ) ၁ တိုင်လျှင် - ၁၀ သိန်း
(၁၈) High Mast မီးတိုင်(၂၀ မီတာ) ၁ တိုင်လျှင် - ၄၉၄ သိန်း
(၁၉) Garden Light(၁ မီတာ) ၁ တိုင်လျှင် - ၁.၂ သိန်း
(၂၀) ဆလိုက်မီး(၁၀ မီတာ) ၁ တိုင်လျှင် - ၁၈၅ သိန်း
(၂၁) ဓမ္မာရုံ(မီး/ရေ) ၁ လုံး - ၁၉၅ သိန်း
(၂၂) သုဓမ္မာဇရပ်(မီး) ၆ လုံး၊ ၁ လုံးလျှင် - ၄၁ သိန်း
(၂၃) မော်ကွန်းတိုက်(မီး) ၁ လုံး - ၄၁ သိန်း
(၂၄) ဇာတ်ရုံ(မီး/ရေ) ၁ လုံး - ၉၉ သိန်း
(၂၅) ဂေါပကရုံး(မီး/ရေ) ၁ လုံး - ၁၁၀ သိန်း

၃။ သို့ဖြစ်ပါ၍ စေတနာရှင်ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့် အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများကိုထည့်ဝင်လိုပါက **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၃၃၅၆၁၇၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၇၆၂၆၆၆** နှင့် **ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်၊ ၀၃၄၃၀၂၀၁၇၀၀၂၈၇၀၀၁** သို့ အလှူငွေများအား ငွေသားဖြင့်လည်းကောင်း၊ Account Transfer ဖြင့်လည်းကောင်း ထည့်ဝင်လှူဒါန်းနိုင်ပါရန်နှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ နှိုးဆော်အပ်ပါသည်-

**(က) ဒုတိယဗိုလ်မှူးကြီးအောင်ကျော်ဇော** ၀၉-၆၅၀၁၉၉၉၉၆၊ ၀၃၆-၃၁၀၀၅
**(ခ) ဒေါ်အေးအေးကြည်** ၀၉-၄၂၉၇၂၂၅၄၈၊ ၀၉-၂၅၅၈၂၅၂၀၆

## လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန
## လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့်ကွပ်ကဲရေးဦးစီးဌာန
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာန၊ ဓာတ်အားစနစ်ဌာနရှိ ဓာတ်အားလိုင်း ထိန်းသိမ်းပြုပြင်ရေးအတွက် ဓာတ်အားလိုင်းပစ္စည်းများအား ပစ္စည်းစီမံရေးဌာနခွဲ(ရန်ကုန်)မှ မဟာဓာတ်အားလိုင်းမှူးရုံးများသို့ သယ်ယူပို့ဆောင်ရန် မြန်မာကျပ်ငွေဖြင့် တင်ဒါခေါ်ယူလိုပါသည်။

၂။ အိတ်ဖွင့်တင်ဒါအား လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာန၊ ပစ္စည်းစီမံရေးဌာန၊ ရုံးအမှတ်(၂၇)သို့ တင်ဒါပိတ်ရက် ၁၀-၅-၂၀၂၂ရက် မွန်းလွဲ ၂နာရီ နောက်ဆုံးထား၍ (လူကိုယ်တိုင်) လာရောက်တင်သွင်းရမည်။

၃။ သတင်းစာတွင် ကြော်ငြာပါသည့်ရက်မှစ၍ တင်ဒါပုံစံအား ရုံးချိန်အတွင်း လာရောက်စုံစမ်းဝယ်ယူနိုင်ပြီး လာရောက်ဝယ်ယူရာတွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ Covid-19ရောဂါဆိုင်ရာ ညွှန်ကြားချက်အတိုင်း လိုက်နာဆောင်ရွက်၍ ကုမ္ပဏီတစ်ခုလျှင် ကိုယ်စားလှယ်တစ်ဦးသာ လာရောက်ဝယ်ယူပါရန် မေတ္တာရပ်ခံအပ်ပါသည်။ တင်ဒါကြော်ငြာအား ဝန်ကြီးဌာန၏ Web Portal (www. moee.gov.mm)တွင်လည်း ကြော်ငြာမည်ဖြစ်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**ဖုန်း-၀၆၇-၃၄၁၀၂၀၉၊ ၀၆၇-၃၄၁၀၂၈၂**

## လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန
## မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်းလက်အောက်ရှိ ဓာတ်မြေသြဇာစက်ရုံများမှ ယူရီးယားဓာတ်မြေသြဇာများကို တင်ဒါခေါ်ယူရောင်းချ မည်ဖြစ်၍ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊ ရုံးအမှတ် ၄၄၊ နေပြည်တော်တွင် အဆိုပြုလွှာတင်သွင်းနိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်-

| စက်ရုံ | ပမာဏ (တန်) | တင်ဒါပိတ်ချိန် | | တင်ဒါဖွင့်ချိန် | |
|---|---|---|---|---|---|
| | | နေ့ရက် | နာရီ | နေ့ရက် | နာရီ |
| အမှတ်(၅)ဓာတ်မြေသြဇာ စက်ရုံ(ကန်ကြီးထောင့်) | ၃၀၀၀ | ၂၇-၅-၂၀၂၂ | ၁၂:၀၀ | ၂၇-၅-၂၀၂၂ | ၁၄:၀၀ |
| ယူရီးယားအောက်ကျုံး မြောင်းတကာ+ကန်ကြီးထောင့် | ၁၀၈.၈၂ | ၂၇-၅-၂၀၂၂ | ၁၂:၀၀ | ၂၇-၅-၂၀၂၂ | ၁၄:၀၀ |

၂။ တင်ဒါပုံစံနှင့်တင်ဒါစည်းကမ်းချက်များအား တစ်လကြိုတင်၍ ဤလုပ်ငန်းရုံးချုပ် (ဘဏ္ဍာရေးဌာန)တွင် ရုံးချိန်အတွင်းဝယ်ယူနိုင်ပါ သည်။

၃။ အသေးစိတ်သိရှိလိုပါက မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊ ကုန်ထုတ်လုပ်မှုဌာန ဖုန်း-၀၆၇-၃၄၁၁၀၈၂၊ ၀၆၇-၃၄၁၁၀၉၄တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်၍ မေးမြန်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**

## သမီးအဖြစ်မှစွန့်လွှတ်ခြင်း

ရခိုင်ပြည်နယ်၊ ကျောက်ဖြူမြို့နယ်၊ ဂုံးချိန်အုပ်စု၊ လယ်ဒါပြင်ရွာနေ ဦးဘမြင့်- ဒေါ်စိုးစိုးအေး တို့၏သမီးကြီး မစိုးထူးထူးသော် ၁၁/ကဖန(နိုင်)၁၁၅၉၆၉ သည် မိဘများ၏ ဆိုဆုံးမခြင်းကို နာခံခြင်းမရှိဘဲ စိတ်ဆင်းရဲအောင် အမျိုးမျိုးပြုလုပ်ပြီး မိမိသဘောအလျောက် နေအိမ်မှ ဆင်းသွားပါသဖြင့် ကြော်ငြာပါသည့်ရက်မှစ၍ သမီးအဖြစ်မှ စွန့်လွှတ်လိုက်သည်။ ၎င်းနှင့်ပတ်သက်သည့် ကိစ္စအဝဝကို တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း ကြေညာအပ်ပါသည်။

**ဦးဘမြင့် - ဒေါ်စိုးစိုးအေး**
**၁၃/ လလန(နိုင်) ၀၅၆၀၁၉ ၁၁/ကဖန(နိုင်)၀၀၀၂၅၀**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ရခိုင်ပြည်နယ်၊ ကျောက်ဖြူမြို့နယ်၊ အမှတ် ၅၄၃၊ ခြေမြန်တပ်ရင်းမှ တပ်ကြပ်ကြီး အောင်မင်းသန်း (ကိုယ်ပိုင်အမှတ် -၈၉၉၃၀၈)၏သား မောင်ရဲဇာနည်၁၁/ ကဖန(နိုင်)၁၄၄၇၂၉ သည် မိဘများ၏ ဆိုဆုံးမခြင်းကို နာခံခြင်းမရှိဘဲ စိတ်ဆင်းရဲအောင် အမျိုးမျိုးပြုလုပ်ပြီး မိမိသဘောအလျောက် နေအိမ်မှ ဆင်းသွားပါသဖြင့် ကြော်ငြာပါသည့်ရက်မှစ၍ သားအဖြစ်မှ စွန့်လွှတ်လိုက်သည်။ ၎င်းနှင့်ပတ်သက်သည့် ကိစ္စအဝဝကို တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ပါကြောင်း ကြေညာအပ်ပါသည်။

**ဦးအောင်မင်းသိန်း ၁၁/ ကဖန(နိုင်)၀၆၂၅၇၉**

## ခင်ပွန်းအဖြစ်မှ စွန့်လွှတ်ကြောင်းကြော်ငြာခြင်း

မင်းပြားမြို့ င/ပုကွကျေးရွာနေ ဦးသိန်းထွန်းကျော်၏သား ပေါက်ပေါက်(ခ)အောင်ငွေစိုးသိစေရမည်။

မင်းပြားမြို့နယ်၊ င/ပုကွကျေးရွာနေ ဦးစံထွန်းဖြူ၏သမီး မဌေးဌေးစိုး ၁၁/မပန(နိုင်) ၀၇၂၁၃၆နှင့် အထက်ဖော်ပြခဲ့သော ပေါက်ပေါက်(ခ)အောင်ငွေစိုးတို့မှာ နှစ်ဦးသဘောတူ ချစ်ကြိုက်နေကြရာမှ ၂၀၀၉ ခုနှစ် ဖေဖော်ဝါရီလအတွင်းက အကြင်လင်မယားအဖြစ် ပေါင်းသင်းနေထိုင်ခဲ့ကြပြီး ၂၀၁၃ခုနှစ်တွင် မဌေးဌေးစိုး၏ခင်ပွန်း ပေါက်ပေါက်(ခ)အောင်ငွေစိုးမှာ မိမိ၏ဇနီးမယားအား စွန့်ပစ်ပြီး ထွက်သွားခဲ့သည်မှာ ယနေ့အချိန်ထိပင် ဖြစ်ပါသည်။

ပေါက်ပေါက်(ခ)အောင်ငွေစိုးသည် မိမိထွက်သွားသည့်အချိန်မှစ၍ ယနေ့အချိန်ထိ မိမိ၏ဇနီးမယားအား ဆက်သွယ်ခြင်းမပြုသည့်အပြင် တစ်စုံတစ်ရာထောက်ပံ့ပေးကမ်းမှုမရှိသည်မှာလည်း ယခုဆိုလျှင် ခုနစ်နှစ်ခန့်ကြာမြင့်နေပြီဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ခင်ပွန်းဖြစ်သူ၏စွန့်ပစ်ခြင်းခံရသူ ကျွန်ုပ်၏အမှုသည် မဌေးဌေးစိုး အနေဖြင့်လည်း မိမိ၏ခင်ပွန်းဖြစ်သူ ပေါက်ပေါက်(ခ) အောင်ငွေစိုးအား ယနေ့မှစ၍ ခင်ပွန်းအဖြစ်မှ အပြီးအပိုင်စွန့်လွှတ်ကြောင်း ကြေညာအပ်ပါသည်။

**မဌေးဌေးစိုး၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးရွှေသန်း (LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၄၄၁၈)**
**မြို့သစ်ရပ်ကွက်၊ မင်းပြားမြို့**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
## (တရားမကျင့်ထုံး ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
## ကလောမြို့နယ်တရားရုံး၌
## ၂၀၂၁ခုနှစ် တရားမကြီးမှုအမှတ်-၂

၁။ ဦးခွန်မောင်သုဲင် နှင့် ဦးပန်းအောင်
၂။ ဒေါ်နွယ်နွယ်အေး

**တရားလိုများ** **တရားပြိုင်**

ကလောမြို့နယ်၊ အောင်ပန်းမြို့၊ ညောင်ပင်ထောင်ရပ်ကွက်နေ ဦးပန်းအောင် (ယခုနေရပ်လိပ်စာမသိ)သိစေရမည်။

သင့်အပေါ်၌ တရားလိုများဖြစ်သော ဦးခွန်မောင်သုဲင်နှင့် ဒေါ်နွယ်နွယ်အေးတို့က မြေအရောင်းအဝယ်စာချုပ် မှတ်ပုံတင်ပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၂ခုနှစ် မေ ၁၈ ရက် (၁၃၈၃ခုနှစ် ကဆုန်လဆန်း ၈ ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင် အထက်ပါရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကိုထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့်စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင်၏ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၂ခုနှစ် ဧပြီ ၂၀ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(အေးလဲ့စန္ဒီမြင့်)**
**မြို့နယ်တရားသူကြီး**
**ကလောမြို့နယ်တရားရုံး**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
## (တရားမကျင့်ထုံး ဥပဒေအမိန့်-၅၊ နည်းဥပဒေ -၂၀)
## ဒလမြို့နယ်တရားရုံးတော်
## ၂၀၂၁ခုနှစ် တရားမကြီးမှုအမှတ်-၆

ဒေါ်သင်းသင်းခိုင် နှင့် ၁။ ဦးတင်မောင်မြင့်
၂။ ဦးစိုးလွင်
၃။ ဒေါ်ဇင်မာ

**တရားလို** **တရားပြိုင်များ**

ရန်ကုန်တိုင်းဒေသကြီး၊ ဒလမြို့နယ်၊ တပင်ရွှေထီးရပ်ကွက်၊ အမှတ် (၄၁၂/ခ)၊ ဦးအောင်ဇေယျ(၁လမ်း)နေ ဦးစိုးလွင်၊ ဒေါ်ဇင်မာ(ယခုနေရပ်လိပ်စာမသိ)တို့သိစေရမည်။

သင်တို့အပေါ် တရားလိုက ပဋိညာဉ်အတိုင်း မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ပြုလုပ်ချုပ်ဆိုပေးစေလိုမှု လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်တို့ကိုယ်တိုင်ဖြစ်စေ၊သို့တည်းမဟုတ်၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင်တို့ကိုယ်စားလှယ်ရုံးတော်ခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူတစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၂၂ခုနှစ် မေ ၂၆ရက် (၁၃၈၃ခုနှစ် ကဆုန်လပြည့်ကျော် ၁ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းအပြင် သင်တို့သိစေရမည်မှာ အထက်ကဆိုခဲ့သည့် နေ့ရက်တွင် သင်တို့မလာရောက်ပျက်ကွက်ခဲ့လျှင် သင်တို့ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုများက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်တို့က ထုချေတင်ပြအမှီပြုလုပ်လိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်တို့နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင်တို့ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်တို့က ထုချေလွှာတင်သွင်းလိုလျှင် အမှုမတိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၂ခုနှစ် ဧပြီ ၂၆ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(စောယုမွန်)**
**မြို့နယ်တရားသူကြီး**
**ဒလမြို့နယ်တရားရုံး**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်(၇)၊ မြေကွက်အမှတ်(၁၁၈၃/က)၊ မြေကွက်တည်နေရာအမှတ်(၁၁၈၃/က)၊ (၁၄)လမ်း၊ (၇)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ (ဒေါ်ဝင်းရွှေ) (အက်စ်/အိုကေအေ-၀၄၆၈၇၅) အမည်ပေါက် နှစ်(၆၀)ဂရန် မြေအား အမည်ပေါက် ဒေါ်ဝင်းရွှေအား တရားပြိုင်ထား၍ ဒေါ်သင်းသင်းဆွေမှ တရားလိုပြုစွဲဆိုသည့် တောင်ဥက္ကလာပမြို့နယ်တရားရုံး၊ တရားမမှုအမှတ် (၂၂/၂၀၂၀)၏စီရင်ချက်၊ တရားမဒီကရီမှုအမှတ်(၂၆/၂၀၂၀)၏အမိန့် ၁၄-၅-၂၀၂၀ရက်စွဲပါ ဘီလစ်ခန့်စာနှင့် ဂရန်မူရင်းတို့ကို တင်ပြ၍ တရားရုံးကိုယ်စား ဘီလစ် ဒေါ်နန့်ဆန်းသိန်း ၁၂/မရက(နိုင်)၀၄၇၆၁၆မှ အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ကိုယ်စား)**
**မြို့ပြစီမံကိန်းလုပ်ငန်းတာဝန်ခံအဖွဲ့**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

မြစ်ကြီးနားမြို့၊ စီတာပူရပ်ကွက်၊ ကွင်းအမှတ်(၁၂/၂-ခ)၊ ဦးပိုင်အမှတ်(၄၆)၊ မြေဧရိယာ ၀ ဒသမ ၁၈၃ဧကရှိ မြေကွက်အား မူလက ဦးမင်းဂန်အမည်ဖြင့် ၃၀-၆-၂၀၂၀ရက်အထိ မြေငှားဂရန် သက်တမ်းရရှိခဲ့ပြီး ၂၁-၆-၁၉၉၂ ရက်တွင် ဦးမင်းဂန်ထံမှ ဒေါ်ထိန်ရောင်နမ်ရော် (ခ)ဒိန်ယော်နမ်ယော်က နှစ်ဦးသဘောတူ အရောင်းအဝယ်စာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ခဲ့ကြပြီး ဒေါ်ထိန်ရောင်နမ်ရော်(ခ) ဒိန်ယော်နမ်ယော်အမည်ဖြင့် မြေငှားဂရန် အမည်ပြောင်း၊ အသစ်ရရှိရေးအတွက် ၁၆-၇-၂၀၂၀ ရက်စွဲပါ ကျမ်းကျိန်လွှာ အမှတ် (၇၉၁/၂၀၂၀) ကို ၂၁-၇-၂၀၂၀ ရက်စွဲပါ ကျမ်းကျိန်လွှာမှတ်ပုံတင်အမှတ်(၃၇၂/၂၀၂၀)အဖြစ် ပြုဆိုတင်ပြလျက် လျှောက်ထားလာခြင်းနှင့် ပတ်သက်၍ ကျိုးကြောင်းဖော်ပြချက် ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူ မည်သူမဆို ယခုလျှောက်ထားခြင်းအား ဆောင်ရွက်မပေးသင့်ကြောင်း ကြော်ငြာပါသည့်ရက်မှစ၍ ၁၅ ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား လုပ်ထုံးလုပ်နည်းညွှန်ကြားချက်များနှင့်အညီ မြေငှားဂရန် အမည်ပြောင်း၊အသစ်ထုတ်ပေးရေးကို ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း အများပြည်သူသိစေရန် ကြေညာအပ်ပါသည်။

**မြို့နယ်အုပ်ချုပ်ရေးမှူး**
**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**မြစ်ကြီးနားမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂၈ဃ/၉၂၀၄၀ ယာဉ်လက်ဝယ်ရှိသူ ဦးသက်ထွန်းဦး၁၀/မလမ(နိုင်)၀၀၅၉၂၇ က (ကမ-၃)ပျောက်ဆုံး၍မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ပြည်နယ်ရုံး(မော်လမြိုင်မြို့)**

## ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့နယ်၊ ဝဏ္ဏဒီပရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၂/ချင်းတွင်း အနောက်ရပ်မှ မြေဧရိယာ(၀ဒသမ၁၁၀)ဧကရှိ ဦးသိန်းဟန် ၁၂/အစန(နိုင်)၁၆၁၀၂၆(ဘ) ဦးစံညိန်း အမည်ပေါက် နှစ်(၃၀)မြေငှားစာချုပ် မြေကွက်အမှတ်(ပ-၂၃၇၃၁)ကို မြေကွက်အမည်ပေါက် (ကွယ်လွန်)၏သားနှင့်သမီး ဦးကျော်လှိုင်ဝင်း ၁၂/အစန(နိုင်)၁၆၉၆၅၈(ဘ) ဦးသိန်းဟန် နှင့် ဒေါ်စန္ဒာဝင်း ၁၂/အစန(နိုင်) ၂၀၀၃၂၆(ဘ)ဦးသိန်းဟန်တို့မှ မှတ်ပုံတင်အမွေဆက်ခံပိုင်ဆိုင်ကြောင်းကြေညာစာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ/မြေရာဇဝင်ရေးကူးပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြော်ငြာပါသည့်ရက်မှ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ/မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

မော်လမြိုင်မြို့၊ စစ်ကဲကုန်းရပ်ကွက်၊ အရေးပိုင်ကုန်းလမ်း၊ အကွက်အမှတ်နှင့်အမည် (၄၇/စစ်ကဲကုန်း)၊ ဦးပိုင်အမှတ် ၁၂၂)၊ ဧရိယာ(၀ဒသမ ၁၇၃)ဧက ရှိမြေသည် မော်လမြိုင်မြို့လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းဦးစီးဌာန(၁-က)စာရင်းတွင် ဒေါ်ရှားမလားအမည်ဖြင့် မှတ်သား တည်ရှိပြီး ဒေါ်ရှားမလားမှ ကျွန်ုပ်မိတ်ဆွေများဖြစ်ကြသော ဦးဝင်းထွဋ်ဝင်း၊ ဦးနိုင်မြင့်(ခ)ဦးဘာဘူ၊ ဒေါ်နီလာ(ခ)ဒေါ်စန်းစန်းဝင်းတို့အား ပိုင်ဆိုင်မှုစာချုပ်စာတမ်းများဖြင့် ရောင်းချခဲ့ပြီး မော်လမြိုင်မြို့စာချုပ်စာတမ်း မှတ်ပုံတင်ရုံးတွင် မှတ်ပုံတင် စာချုပ်ချုပ်ဆိုမည်ဖြစ်ပါသည်။ ထို့ကြောင့် အထက်ပါမြေကွက်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါ သည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသောအထောက်အထားများဖြင့် ကျွန်ုပ်ထံသို့ (သို့မဟုတ်) မော်လမြိုင်မြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံးသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်ပြီး မှတ်ပုံတင်စာချုပ်ချုပ်ဆိုမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်နှင်းသဇင်အောင်**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၉၉၁၈)**
**အမှတ်(၃၉၅)၊ ရှင်စောပုလမ်း၊ မြိုင်သာယာရပ်ကွက်၊ မော်လမြိုင်မြို့၊**
**ဖုန်း-၀၉-၄၂၅၃၁၇၀၀၁**

## ကန့်ကွက်နိုင်ပါကြောင်း

မြစ်ကြီးနားမြို့၊ ရှမ်းစုတောင်ရပ်ကွက်၊ ကွင်းအမှတ်(၂၈)၊ ဦးပိုင်အမှတ်(၈၇)၊ မြေဧရိယာ ၀ဒသမ ၀၈၃ဧကရှိ မြေကွက်ကို မူလက ဒေါ်စန်းစန်းကြည် အမည်ဖြင့် ၁၈-၁-၂၀၁၅ရက်အထိ မြေငှားဂရန် သက်တမ်းရရှိခဲ့ပြီး ၂၁-၃-၂၀၁၀ ရက်တွင် ဒေါ်စန်းစန်းကြည်ထံမှ ဒေါ်ရွယ်တောင်နှင့် ဦးညီညီအောင်တို့နှစ်ဦးက နှစ်ဦးသဘောတူ အရောင်းအဝယ်ကတိစာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး ဒေါ်ရွယ်တောင် ၁/ မကန(နိုင်) ၀၈၄၆၈၃ နှင့် ဦးညီညီအောင် ၁/ မကန(ပြု) ၀၀၀၅၀၆ တို့ နှစ်ဦးအမည်ဖြင့် မြေငှားဂရန် အမည်ပြောင်း အသစ်ရရှိရေးအတွက် ၁၃-၁၀-၂၀၂၀ ရက်စွဲပါ ကျမ်းကျိန်လွှာ အမှတ် (၁၂၀၉/၂၀၂၀) ကို ၂၀-၁၀-၂၀၂၀ ရက်စွဲပါ ကျမ်းကျိန်လွှာ မှတ်ပုံတင်အမှတ်(၆၇၅/၂၀၂၀)အဖြစ် မှတ်ပုံတင် ပြုဆိုတင်ပြလျက် လျှောက်ထားလာခြင်းနှင့် ပတ်သက်၍ ကျိုးကြောင်းဖော်ပြချက် ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူ မည်သူမဆို ယခုလျှောက်ထားခြင်းအား ဆောင်ရွက်မပေးသင့်ကြောင်း ကြော်ငြာပါသည့်ရက်မှစ၍ ၁၅ ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား လုပ်ထုံးလုပ်နည်းညွှန်ကြားချက်များနှင့်အညီ မြေငှားဂရန် အမည်ပြောင်း၊ အသစ်ထုတ်ပေးရေးကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများပြည်သူသိစေရန် ကြေညာအပ်ပါသည်။

**မြို့နယ်အုပ်ချုပ်ရေးမှူး**
**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**မြစ်ကြီးနားမြို့**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့၊ မြေမြင့်ရပ်ကွက်၊ အမှတ် ၆၂၇နေ ဦးဌေးအောင် ၈/ သရန(နိုင်)၁၇၇၆၀၁ နှင့် ဒေါ် စန်းရွှေ ၁/ မကန(နိုင်)၀၂၈၈၉၆ တို့၏သား မောင်ဇင်ကိုဦး ၁/မကန(နိုင်)၁၉၇၁၆၁သည် မိဘများ၏ ပြောဆိုဆုံးမမှုကို နာခံမှုမရှိသည့်အပြင် မိဘများ ကိုယ်စိတ်နှစ်ပါး ပင်ပန်းဆင်းရဲအောင် အကြိမ်ကြိမ်ပြုလုပ်နေပါသဖြင့် ၎င်းအားသားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း ကြေညာအပ်ပါသည်။

သို့ဖြစ်ပါ၍ နောက်နောင် ၎င်းနှင့် ပတ်သက်သောကိစ္စအဝဝကို တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်းနှင့် မိသားစု၏ လုပ်ငန်းများ၊ ပိုင်ဆိုင်မှုများနှင့်လည်း မည်သို့မျှ သက်ဆိုင်မှုမရှိတော့ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဒေါ်သွယ်သွယ်အောင်** **ဦးဌေးအောင်-ဒေါ်စန်းရွှေ**
**(တရားလွှတ်တော်ရှေ့နေ)** **(မိဘနှစ်ပါး)**
**စဉ်- ၈၆၆၃/၁၂**

## အသိပေးကြေညာခြင်း

မူဆယ်မြို့၊ ကောင်းမူးတုံရပ်ကွက်၊ အကွက်အမှတ် (၁၀၈/ငွေဆင်)၊ ဦးပိုင်အမှတ် ၂၆၁၊ မြေဧရိယာ ဝဒသမ၁၀၅ ဧကရှိ မြေနေရာ အား ဦးကျော်စိုးမိုး (ခ)ကျော်မိုးဦး ၁၃/ တကန(နိုင်) ၀၄၆၆၄၁ အမည်ဖြင့် ခရိုင်အုပ်ချုပ်ရေးမှူးရုံး၏ ၈-၃-၂၀၁၆ ရက်စွဲပါ မြေ ငှားဂရန် အမှုတွဲအမှတ် ၅၄/ မဆ/၂၀၁၆ ဖြင့် ၈-၃-၂၀၁၆ ရက်မှ ၇-၃- ၂၀၄၆ ရက် အထိ နှစ် ၃၀ မြေငှားဂရန် ထုတ်ပေးထားရှိပြီး အဆိုပါ မူရင်းဂရန်မှာ နေအိမ်ပြောင်းရွှေ့ရာတွင် ပျောက်ဆုံးသွားပါသဖြင့် မြေငှားဂရန် မိတ္တူမှန် ပြန်လည်ထုတ်ယူခွင့်ပြုပါရန် တင်ပြလာမှုအပေါ် ကန့်ကွက်လိုသည့် ပုဂ္ဂိုလ်များအနေဖြင့် ခိုင်လုံသည့် အထောက်အထားများ ယူဆောင်လာ၍ မူဆယ်ခရိုင် အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနသို့ ကြော်ငြာပါသည့် ရက်မှစ၍ ၁၅ ရက်အတွင်း ကန့်ကွက်နိုင်ကြောင်း နှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား ဒုတိယ မိတ္တူမှန် မြေငှားဂရန် ထုတ်ပေးသွားမည် ဖြစ်ပါသည်။

**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**မူဆယ်မြို့**
**ဖုန်း- ၀၈၂-၅၀၆၉၀၊ ၀၈၂- ၅၀၅၀၃**

## မွေးသက္ကရာဇ်အမှန်

ပဲခူးတိုင်းဒေသကြီး၊ ပြည်မြို့၊ ၅/၄လမ်းနေ ဦးမောင်ဝင်း၏သမီး မခိုင်ဝေဖူး ၇/ပမန(နိုင်)၁၅၉၀၆၆၏ မွေးသက္ကရာဇ်အမှန်မှာ ၁၆-၇-၁၉၈၉ဖြစ်ပါကြောင်း။

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 8E/4783 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန်လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွ နံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊**
**ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

## အမည်မှန်

ကယားပြည်နယ်၊ မယ်စဲ့မြို့၊ မြောက်ပိုင်းရပ်ကွက်နေ ဦးသန်းမောင် ၂/ဘလခ(နိုင်) ၀၀၂၆၁၁၏သား မောင်ကျော်ဇောသိန်း ၂/ မစန(နိုင်)၀၀၃၉၇၈ ၏ အမည်မှန်မှာ မောင်ကျော်ဇောသန်း ဖြစ်ပါကြောင်း။

**မောင်ကျော်ဇောသန်း**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 4P/8679 NISSAN ATLAS SZZF24 L/Truck(4x2) Rယာဉ်လက်ဝယ်ရှိသူ STRONG KIN CONSTRUCTION က(ကမ-၃)ပျောက်ဆုံး၍မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ **ကညန၊ခရိုင်ရုံး(မြိတ်)**

## မိဘအမည်မှန်

ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်ခရိုင်၊ ကျောင်းကုန်းမြို့ အထက(၁) Grade-1 မှ မောင်အောင်ကောင်းသာ၏ မိဘနှင့်အမည်မှန်မှာ ဦးသက်တင် ၁၄/ကကန(နိုင်)၀၆၂၉၂၇ နှင့် ဒေါ်ဌေးဌေး ၁၄/ကကန(နိုင်)၀၆၂၉၂၈ ဖြစ်ပါကြောင်း။

**ဦးသက်တင်-ဒေါ်ဌေးဌေး**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 6E/5127 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(ရန်ကုန်မြောက်ပိုင်း)အင်းစိန်မြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 4E/1747 Mazda Bango SKF2T Pickup(4x2)Rယာဉ်လက်ဝယ်ရှိသူ ဦးမျိုးလွင် ၉/ပဥလ(ဧည့်)၀၀၀၀၅၀ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)**
**မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 2E/5254 Toyota Succeed NCP 58 S/W(4x2)ယာဉ်လက်ဝယ်ရှိသူ ဦးစိုးမြင့် ၁၃/တကန(နိုင်)၀၂၄၁၉၄ က(ကမ-၃)ပျောက်ဆုံး၍မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါကခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး**
**(ရန်ကုန်အနောက်ပိုင်း)**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၇)၊ မြေကွက်အမှတ်(၁၁၈၃/ခ)၊ မြေကွက်တည်နေရာအမှတ်(၁၁၈၃/ခ)၊ (၁၄)လမ်း၊ (၇)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ (ဦးကျော်လှိုင်) ၁၂/ဥကတ(နိုင်) ၁၂၈၁၈ အမည်ပေါက် နှစ်(၆၀)ဂရန် မြေအား အမည်ပေါက် ဦးကျော်လှိုင်အား တရားပြိုင်ထား၍ ဦးသန်းရွှေမှ တရားလိုပြုစွဲဆိုသည့် တောင်ဥက္ကလာပမြို့နယ် တရားရုံး၊ တရားမမှုအမှတ် (၂၇/၂၀၂၀)၏စီရင်ချက် တရားမဒီကရီမှုအမှတ်(၂၇/၂၀၂၀)၏အမိန့် ၁၄-၅-၂၀၂၀ရက်စွဲပါ ဘီလစ်ခန့်စာနှင့် ဂရန်မူရင်းတို့ကို တင်ပြ၍ တရားရုံးကိုယ်စား ဘီလစ် ဒေါ်နန့်ဆန်းသိန်း ၁၂/မရက(နိုင်)၀၄၇၆၁၆မှ အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရောက်ခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ကိုယ်စား)**
**မြို့ပြစီမံကိန်းလုပ်ငန်းတာဝန်ခံအဖွဲ့**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

# အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီ၊ ဒီမိုကရေစီအကျိုးပြု ကရင်တပ်မတော်(DKBA)နှင့် ကရင်အမျိုးသားအစည်းအရုံး/ ကရင်အမျိုးသား လွတ်မြောက်ရေးတပ်မတော်-ငြိမ်းချမ်းရေးကောင်စီ (KNU/KNLA-PC)တို့အား သီးခြားစီတွေ့ဆုံ

**နေပြည်တော် ဧပြီ ၂၆**

အမျိုးသား စည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီနှင့် ဒီမိုကရေစီအကျိုးပြု ကရင်တပ်မတော်(DKBA)တို့ တွေ့ဆုံညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက် ၉ နာရီတွင် နေပြည်တော်ရှိ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ဗဟိုဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်၊ ကော်မတီဝင်များ၊ ကော်မတီ အတွင်းရေးမှူးနှင့် အမျိုးသား စည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု

*စာမျက်နှာ ၁၂ ကော်လံ ၁* ❍




အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီနှင့် ဒီမိုကရေစီအကျိုးပြု ကရင်တပ်မတော်(DKBA)တို့ တွေ့ဆုံဆွေးနွေးပွဲတွင် ဒီမိုကရေစီအကျိုးပြု ကရင်တပ်မတော် (DKBA) မှ စောမိုရှေး နှုတ်ခွန်းဆက်စကား ပြောကြားစဉ်။

# ခရီးသွားလာမှုစည်ကားလာ၍ ယာဉ်လိုင်း ၉၆ လိုင်းဖြင့် ယာဉ်အစီးရေ ၂၀၀၀ ခန့် တိုးချဲ့ပြေးဆွဲ

**ရန်ကုန် ဧပြီ ၂၆**

ရန်ကုန်မြို့တွင် ဧပြီလဆန်းပိုင်း၌ ခရီးသွားလာမှု နည်းခဲ့သော်လည်း သင်္ကြန်ကာလ နောက်ပိုင်းမှစ၍ လုပ်ငန်းခွင့်လည်ပတ်မှုဖြင့် ခရီးသွားလာမှု စည်ကားလာရာ YBS ယာဉ်လိုင်း ၉၆ လိုင်းမှ ယာဉ်အစီးရေ ၂၀၀၀ ခန့် နေ့စဉ်ပြေးဆွဲဝန်ဆောင်မှုပေးနေကြောင်း သိရသည်။

ဧပြီ ၂၂ ရက်က ရန်ကုန်မြို့တွင် ခရီးသွား ၂၂၀၀၀၀ ကျော် သွားလာမှုကြောင့် အများပြည်သူသွားလာမှု လိုအပ်ချက်နှင့်အညီ YRTA က YBS ယာဉ်တို့ကို တိုးချဲ့ပြေးဆွဲခြင်းဖြစ်သည်။ "ဧပြီလဆန်းပိုင်းမှာ ခရီးသည်လိုအပ်ချက်ပေါ်မူတည်ပြီး ပြေးဆွဲပေးခဲ့တာပါ။ သင်္ကြန်နောက်ပိုင်း တစ်နေ့ထက်တစ်နေ့ ခရီးသွားလာမှု များလာတာ တွေ့ရတယ်။ YRTA မှာ နံပါတ်ပေးပြီး ပြေးဆွဲနေတဲ့ ယာဉ်လိုင်းပေါင်း ၁၀၂ လိုင်းနဲ့ ယာဉ်အစီးရေ ၆၀၀၀ ကျော် ရှိပါတယ်။ တက္ကသိုလ်တွေ၊ မြို့ပတ်လိုင်း၊ လေဆိပ်နဲ့ ဒဂုံ-ရေှာအဝေးပြေးနဲ့ ဆက်စပ်တဲ့ လိုင်းတွေမှာ လက်ရှိ ခရီးသွားလာမှုအနေအထားအရ ရပ်နားထားတာတော့ ရှိမယ်။ ဒီရက်ပိုင်းအတွင်း ခရီးသွားတရိပ်ရိပ် တက်လာတဲ့အတွက် ယာဉ်လိုင်း ၉၆ လိုင်းမှာ ယာဉ်အစီးရေ ၁၉၈၅ စီးနဲ့ ပြေးဆွဲပေးတာပါ။ ခရီးသွားပြည်သူရဲ့ လိုအပ်မှုနဲ့အညီ YRTA အနေနဲ့ ဝန်ဆောင်မှု အမြဲပေးနေတာဖြစ်တဲ့အတွက် အများပြည်သူ ခရီးသွားလာမှု အဆင်ပြေအောင် ဆက်လက်ကြိုးပမ်းသွားမှာပါ "ဟု YRTA မှ တွဲဖက်အတွင်းရေးမှူး ဦးလှအောင်က ပြောသည်။

ယာဉ်လိုင်းပေါင်း ၁၀၂ လိုင်းတွင် နာမည်ပေး၍ ပြေးဆွဲသော ယာဉ်လိုင်း ၁၀ လိုင်းခန့်ရှိပြီး အများပြည်သူခရီးစဉ် လိုအပ်ချက်နှင့်အညီ တောင်ဒဂုံ YBS ယာဉ်လိုင်း ခုနစ်လိုင်းကဲ့သို့ လမ်းကြောင်းတိုးချဲ့ပြေးဆွဲမှုဖြင့် ခရီးသွားပြည်သူတို့ အဆင်ပြေလျက်ရှိကာ ယာဉ်လမ်းကြောင်းပေါင်း ၁၃၇ လမ်းကြောင်းဖြင့် ရန်ကုန်တိုင်းဒေသကြီးအတွင်း ဝန်ဆောင်မှုပေးလျက်ရှိသည်။ YRTA တွင်ယာဉ်အစီးရေ ၆၀၀၀ ကျော်၌ ယာဉ်အမျိုးအစား သုံးမျိုးဖြစ်သော စီးတီးဘတ်စ်၊ မီနီဘတ်နှင့် တောင်ပိုင်းခရိုင်တွင် အသုံးပြုလျက်ရှိသည့် ဆလွန်း/ မိုက်ခရိုဘတ်စ်ယာဉ်ငယ်တို့ဖြင့် ခရီးသွားပြည်သူတို့ကို ဝန်ဆောင်မှုပေးလျက်ရှိသည်။

*စာမျက်နှာ ၁၅ ကော်လံ ၁* ❋

# ချန်ပီယံလိဂ်ဆီမီးဖိုင်နယ် ပထမအကျော့အဖြစ် ရီးရဲမက်ဒရစ်နှင့် ချယ်ဆီး ယှဉ်ပြိုင်ကစားမည်




ရီးရဲမက်ဒရစ် ကစားသမားများကို တွေ့ရစဉ်။

ယူအီးအက်ဖ်အေ ချန်ပီယံလိဂ်ဆီမီးဖိုင်နယ် ပထမအကျော့အဖြစ် စပိန်နာမည်ကြီး ရီးရဲမက်ဒရစ်အသင်းနှင့် ပရီမီယာလိဂ်အသင်းကြီး ချယ်ဆီးအသင်းတို့ပွဲစဉ်ကို ဧပြီ ၂၈ ရက် နံနက်ပိုင်းတွင် ရီးရဲမက်ဒရစ်အိမ်ကွင်း၌ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

ရီးရဲမက်ဒရစ်အသင်းသည် ချန်ပီယံလိဂ် ကွာတားဖိုင်နယ်တွင် ပရီမီယာလိဂ်အသင်းကြီး လီဗာပူးအသင်းနှင့် တွေ့ဆုံခဲ့ပြီး နှစ်ကျော့ပေါင်း ရလဒ် သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိကာ ဆီမီးဖိုင်နယ်သို့ တက်လှမ်းလာနိုင်ခဲ့ခြင်းဖြစ်သည်။ ပြိုင်ဘက် ချယ်ဆီးအသင်းက အဆိုပါအဆင့်တွင် ပေါ်တိုအသင်းနှင့် တွေ့ဆုံခဲ့၍ နှစ်ကျော့ပေါင်းရလဒ် နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိကာ ဆီမီးဖိုင်နယ်သို့ တက်လှမ်းလာနိုင်ခဲ့ခြင်းဖြစ်သည်။

ရီးရဲမက်ဒရစ်အသင်းနှင့် ချယ်ဆီးအသင်းတို့ နောက်ဆုံးတွေ့ဆုံခဲ့မှု နှစ်ကြိမ်တွင် နှစ်ကြိမ်စလုံး ရီးရဲမက်ဒရစ်အသင်းက အနိုင်ရရှိထားသည်ကို တွေ့ရသည်။ လက်ရှိတွင် ရီးရဲမက်ဒရစ်အသင်းသည်

*စာမျက်နှာ ၁၅ ကော်လံ ၃* ●

## အမှန်ကိုမြင်၍ အမှားကို ပြင်နိုင်ကြပါစေ

ဆောင်းပါး စာ » ၉

.................

## ဗြိတိန်တွင် စက်တင်ဘာလ အစောပိုင်းမှစတင်ကာ ကိုဗစ်-၁၉ ကူးစက်မှုမှာ အနိမ့်ဆုံးဖြစ်

နိုင်ငံတကာသတင်း စာ » ၁၃